# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**အတိုင်းထက်အလွန်ဝမ်းမြောက်**

မကောင်းမှုပြုသူအား မြင့်မြတ်ကောင်းမွန်ရာသို့ ပို့ဆောင်ပေးနိုင်၏။ ချက်ချင်း လက်ငင်းအကျိုးပေး၍ ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာစေ၏။ မိမိ၏ ပြုသော ကောင်းမှုကံကို သိမြင်ရ၍လည်း အတိုင်းထက် အလွန်ဝမ်းမြောက်ရ၏။ **ယမကဝဂ်(ဓမ္မပဒ-၁၆)**


၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ စနေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၇၈)


# ရေအားလျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေရေး မှာကြား

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❊



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးစဉ်**




## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

စာ-၃




မြန်မာ့အလင်း

# မြန်မာ့သစ်တောများ တစ်ဖန်ပြန်လည်စိမ်းလန်းစေရေး

'ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကိုကာကွယ်ရမည်'

အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဝန်းကျင် ထာဝစဉ်တည်မြဲရေးနှင့် ဂေဟစနစ်များ မျှတရေးတို့ကို ဦးတည်၍ မြန်မာ့သစ်တောကဏ္ဍကို မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ကာကွယ်ရေးကိုပဓာနကျသောမူဝါဒတစ်ရပ်အဖြစ် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကာကွယ်ရေးဆိုသည်မှာ သစ်တောများကို ကာကွယ်ရေးပင်ဖြစ်သည်။ သို့တိုင်အောင်မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုအခြေအနေမှာ ကမ္ဘာတွင် တတိယမြောက် အဆိုးရွားဆုံးနိုင်ငံအဖြစ် ရောက်ရှိနေပြီး သစ်တောဖုံးလွှမ်းမှုအခြေအနေမှာ ၂၀၁၀ ပြည့်နှစ်က နိုင်ငံရေိယာ၏ ၄၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ငါးနှစ်ကြာပြီးနောက် ၂၀၁၅ ခုနှစ်တွင် နိုင်ငံရေိယာ၏ ၄၃ ရာခိုင်နှုန်းသို့ကျဆင်းသွားခဲ့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြခဲ့သည်။ မြန်မာ့သစ်တောများပြုန်းတီးမှု၏ အကြောင်းရင်းခံများအနက် သစ်ခိုးထုတ်ခြင်းများမှာ လက်ရှိအခြေအနေတွင် အလေးအနက်ထား ဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။

ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့မှုများရပ်နားခြင်း၊ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျွန်းနှင့် သစ်မာများ ထုတ်လုပ်မှုရပ်နားခြင်း၊ ပဲခူးရိုးမတွင်သစ်ထုတ်လုပ်မှုကို ၁၀နှစ်အထိ ရပ်နားခြင်းစသည်တို့ဖြင့် နိုင်ငံ၏ သစ်တောပြုန်းတီးမှုအခြေအနေကို ကုစားလျက်ရှိသော်လည်း တစ်ဖက်တွင် အကျိုးအမြတ်များပြားလှသည့် သစ်မှောင်ခိုလုပ်ငန်းက ပြည်တွင်းနှင့်ပြည်ပ စျေးကွက်များတွင်ပါ ကြီးထွားလာလျက်ရှိသည်။ ဂိုဏ်းဖွဲ့၍ လူအုပ်စုဖြင့် သစ်ခိုးထုတ်မှုများတွင် တားဆီးဖမ်းဆီးသူ သစ်တောဝန်ထမ်းများကိုသာမက လက်နက်ကိုင်ဆောင်ထားသည့် ရဲတပ်ဖွဲ့ဝင်များကိုပါ ရည်ရွယ်၍ တိုက်ခိုက်အကြမ်းဖက်မှုများပြုလုပ်လာသည်အထိ အတင့်ရဲလာကြသည်ကို သတင်းများတွင် မကြာခဏ တွေ့လာရသည်။ သစ်တောများတည်ရှိပြီး သစ်ခိုးထုတ်မှုများပြားသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် သစ်တောဝန်ထမ်းများ တိုက်ခိုက်ခံရမှုများပြားသည့်အတွက် သစ်တောရဲများကိုပါ ချထားလာရသည်။ လွန်ခဲ့သည့်ငါးနှစ်တာကာလအတွင်း သစ်မှောင်ခိုသမားများ၏ တိုက်ခိုက်မှုကြောင့် သစ်တောဝန်ထမ်းငါးဦးသေဆုံးခဲ့ရပြီး ၂၅ ဦးထက်မနည်းမှာလည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

မကြာသေးမီက သတင်းတစ်ပုဒ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပေါင်းလောင်းသစ်တောကြိုးဝိုင်းအတွင်း ၂၀၀၉ ခုနှစ်ခန့်မှ စတင်ကာ သစ်ခိုးထုတ်လျက်ရှိခြင်းကြောင့်သစ်တောများ ပြုန်းတီးလာခြင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများက လက်မှတ်ရေးထိုးကာ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဓာတ်ပုံမှတ်တမ်းအထောက်အထားများနှင့်တကွ တိုင်ကြားခဲ့ကြောင်း ဖတ်ရှုရသည်။ ဤသည်မှာ နိုင်ငံတစ်ဝန်း သစ်တောပြုန်းတီးမှုများကြောင့် သဘာဝဘေးအန္တရာယ်များကျရောက်နိုင်မှုအပေါ် ပြည်သူများ၏စိုးရိမ်ပူပန်မှုများမြင့်တက်လာမှု၏ သာဓကတစ်ရပ်ပင်ဖြစ်သည်။ လွန်ခဲ့သည့် ၁၀နှစ်တာကာလအတွင်း နှစ်စဉ် သစ်ခိုးထုတ်မှုများအနက် ဖမ်းဆီးရမိမှုမှာ တန်ချိန် ၄၀၀၀၀ မှ ၆၀၀၀၀ အထိရှိခဲ့ရာတွင် ဖမ်းဆီးရမိမှုမရှိဘဲ လွတ်သွားခဲ့သည့် သစ်များကိုမူ ခန့်မှန်း၍ ရနိုင်မည်မဟုတ်ပေ။ နိုင်ငံတစ်ဝန်းရှိ သစ်တောများတွင် သစ်ထုတ်လုပ်မှုများရပ်နားပြီး သစ်တောများပြန်လည်ပြုစုပျိုးထောင်ရေး မည်သို့ပင်လုပ်ဆောင်စေကာမူ သစ်ခိုးထုတ်မှုများကို ထိထိရောက်ရောက်နှိမ်နင်းနိုင်ခြင်းမရှိပါက မြန်မာ့သစ်တောများ ပြန်လည်နိုးထလာနိုင်ရေးသည် အလှမ်းဝေးနေလိမ့်မည်ဖြစ်ပါကြောင်း။ ။

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**




## ပြည်သူ့အခြေပြုကျန်းမာရေး စောင့်ရှောက်မှုဆေးခန်း ညောင်လေးပင်မြို့၌ ဖွင့်လှစ်ကုသ

**ညောင်လေးပင် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မုက္ခမူကျေးရွာ၌ ဇူလိုင် ၆ ရက်က ပြည်သူ့အခြေပြုကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း (အခမဲ့)ကို ဖွင့်လှစ်၍ကုသမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်သူ့အခြေပြုကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း (Community Clinic) ကို ဖွင့်လှစ်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးက ကျန်းမာရေးအသိပညာများနှင့် သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်နိုင်ရန် အတွက် အသိပညာများကို ဆွေးနွေးဟောပြောခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများက မုက္ခမူကျေးရွာရှိ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဆေးခန်းကို တစ်ပတ်တစ်ရက် ကျေးလက်ကျန်းမာရေးဌာနအလိုက် ပြည်သူများအား(အခမဲ့)ဆေးကုသပေးခြင်းကို ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## အာဇာနည်နေ့ ဒို့မမေ့ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ထီးလင်း၌ကျင်းပ

**ထီးလင်း ဇူလိုင် ၈**

(၆၉) နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အာဇာနည်နေ့ ဒို့မမေ့ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၇ ရက် နေ့လယ်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲသို့ အမှတ် (၂) အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၁ ဦးတို့ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ရုပ်သံကျွမ်းကျင်(၃) ဦးတင်ရွှေက ဆုများချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲကို အာဇာနည်ခေါင်းဆောင်ကြီးများအား သတိရလေးစားတတ်လာစေရန်၊ ဉာဏ်ရည်ထက်မြက်စေရန်နှင့် စာဖတ်ရှုနိမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အာဇာနည်နေ့ကိုဂုဏ်ပြုလျက် စာစီစာကုံးပြိုင်ပွဲကျင်းပခြင်းဖြစ်သည်ဟု သိရသည်။

**(၁၀၁)**

## တောင်သူလယ်သမားများအတွက် အရည်အသွေးပြည့်မီသော မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှဖွင့်လှစ်သည့် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာပေး သင်တန်းကို နေပြည်တော် တိုင်းစိုက်ပျိုးရေး ဦးစီးဌာနရုံး၌ ဇွန် ၆ ရက်ကဖွင့်လှစ်ရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦး တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့်ပွားများထုတ်လုပ်ရေး လုပ်ငန်းအစဉ်ရှင်သန်နေရန် သီးနှံမျိုးများကို စနစ်တကျမှန်ကန်စွာပွားများထုတ်လုပ်ရေး (Seed Flow) နှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း (Seed Quality) ပြည့်မီရေးလုပ်ငန်းများကို ပီပြင်စွာဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးတောင်သူလယ်သမားများ အရည်အသွေးပြည့်မီသော သီးနှံမျိုးစေ့များကို လိုအပ်သည့်အချိန်တွင် လိုအပ်သလိုသုံးစွဲရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်ဦးက ရှင်းလင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ရီက အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အချက်အလက်များကို ပရိုဂျက်တာပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြပြီး သင်တန်းသို့ ဥတ္တရခရိုင်အတွင်းရှိ စိုက်ပျိုးရေးရုံးဝန်ထမ်းများ၊ စိုက်ပျိုးရေးတောင်သူလယ်သမားများတက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁-၇-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၇၅၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၆၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၉.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၂.၄၁ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၆၃ |
| တရုတ် | တစ်ယွမ် | ၁၇၆.၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၅၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ

ဇာတိမာန်ကောင်းကောင်းထားတတ်ကြအောင် လုပ်ကြပါ၊ ကိုယ့်နိုင်ငံကိုယ်ချစ်ပါ၊ ကိုယ့်အမျိုးကိုယ်ချစ်ပါ၊ ဗမာတွေဟာ လူဖျင်းတွေ၊ လူပျင်းတွေ၊ လူကြောက်တွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူ့ဂွစာတွေ၊ လူမတရားတွေ၊ ဒီလိုကမ္ဘာမှာ အထင်ခံရအောင် မလုပ်ပါနဲ့၊ ဗမာတွေဟာ ဒီလိုမဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ် မတ်လ ၁၃ ရက်နေ့ ဒုတိယပတ် ဗိုလ်သင်တန်းဆင်းပွဲ မိန့်ခွန်းမှ ကောက်နုတ်ချက်)**





## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. GENG Huichang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

သိရှိနိုင်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးတို့ကို ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအပြင် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံမှ ဥသြဆွဲအချက်ပေးမည်ဖြစ်ကြောင်း၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိသည် အရေးကြီးပါကြောင်း၊ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်သူများ ကြိုတင်သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ဆောင်ရန်နှင့် ရှောင်ရန်တို့ကို ပြည်သူများသို့ နည်းမျိုးစုံဖြင့် အသိပေးပြီး လိုက်နာနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်နေအိမ်ပြတိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့တော်၌ (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အခမ်းအနားကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံခြုံရေးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့နှင့်စပ်လျဉ်း၍ လုံခြုံရေးဆန်းစစ်ချက်များ၊ လေ့လာတွေ့ရှိချက်များ၊ လုံခြုံရေးအကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

❍ *ကျောဖုံးမှ*

"ကန်သာယာပန်းခြံအတွင်းမှာရှိတဲ့ ဗိုလ်ချုပ်မြင်းစီးရုပ်တုနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ရုပ်ပုံတွေက ပန်းခြံရဲ့အနောက်ဘက်ပိုင်းမှာ ရောက်ရှိနေပါတယ်။ ပြည်သူတွေ ရုတ်တရက် မတွေ့မြင်နိုင်ကြဘူး။ အာဇာနည်နေ့မှာတော့ ပန်းခြံအတွင်းက ဆိုင်တွေကို ပိတ်ခိုင်းထားပြီး ဗိုလ်ချုပ်မြင်းစီးရုပ်တုနဲ့ အာဇာနည်တွေရဲ့ရုပ်ပုံတွေကို ပြည်သူတွေ အလွယ်တကူ ဝင်ရောက်အလေးပြုနိုင်အောင် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားပါတယ်"ဟု ဗိုလ်ချုပ်ချစ်သူများအဖွဲ့မှ ကိုသန်းအောင်က ပြောသည်။

လောလောဆယ်တွင် ကန်သာယာပန်းခြံအတွင်းရှိ ဗိုလ်ချုပ်မြင်းစီးရုပ်တုနှင့် အနီးဝန်းကျင်အား သန့်ရှင်းမှုများ ပြုလုပ်ထားပြီး အာဇာနည်နေ့၌ ပန်းခြံအတွင်းရှိ ကစားကွင်း၊ ဆူညံသံများထွက်ပေါ်သည့်ဆိုင်များကို ပိတ်ထားပေးရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းထားပြီး ဖြစ်သည်။



ကန်သာယာပန်းခြံအတွင်းရှိ ဗိုလ်ချုပ်မြင်းစီးရုပ်တုကို တွေ့ရစဉ်

အာဇာနည်နေ့တွင် ကန်သာယာပန်းခြံအတွင်း ဗိုလ်ချုပ်မြင်းစီးရုပ်တုနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လာရောက်အလေးပြုသူများ၊ အမှတ်တရ လာရောက် လေ့လာသူများအတွက် အစားအစာများ၊ အမှတ်တရ အထိမ်းအမှတ်လက်ဆောင်များ ပေးနိုင်ရန် ကြိုးစားနေကြောင်း ဗိုလ်ချုပ်ချစ်သူများအဖွဲ့က ပြောသည်။

ကန်သာယာ ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်မြင်းစီးရုပ်တုနှင့် အာဇာနည်ခေါင်းဆောင်များကို အာဇာနည်နေ့တွင် ပြည်သူများ လာရောက် လေ့လာကြည့်ရှုအလေးပြုနိုင်ရန် ခုနှစ် နှစ်ဆက်တိုက် ပြင်ဆင်မှုများ ပြုလုပ်ပေးနေကြောင်းလည်း ဗိုလ်ချုပ်ချစ်သူများအဖွဲ့က ပြောသည်။ လက်ရှိ ဗိုလ်ချုပ်မြင်းစီးရုပ်တုမှာ အင်္ဂတေဖြင့် ပြုလုပ်ထားခြင်းဖြစ်ရာ ဗိုလ်ချုပ်မြင်းစီးရုပ်တုကို ကြေးစစ်စစ်ဖြင့် ပြုလုပ်ထားရှိနိုင်ရေးလည်း ဗိုလ်ချုပ်ချစ်သူများအဖွဲ့က ကြိုးစားနေကြောင်း သိရသည်။

**သတင်း-အေကေလင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## သံတမန်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ရေးလုပ်ငန်းစဉ်များ အတိုင်ပင်ခံပညာရှင်များ ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇူလိုင် ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူး၍ သံတမန်သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အတိုင်ပင်ခံ ပညာရှင်များအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)ရှိ စတုရင်္ဂဗလခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် အတိုင်ပင်ခံပညာရှင် အဖွဲ့ဝင်များဖြစ်ကြသော အငြိမ်းစားသံအမတ်ကြီးများ၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခ ဆရာကြီး / ဆရာမကြီးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအသီးသီးရှိ အခြားဝန်ကြီး ဌာနများမှ အရာထမ်း၊အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပြင်ပရှိ မျိုးဆက်သစ်လူငယ်များနှင့် သံတမန်ရေးရာ ကိစ္စရပ်များတွင် စိတ်ပါဝင်စားသူများအား လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်နိုင်ရေးအတွက် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများနည်းတူ သံတမန်သင်တန်းကျောင်း တည်ထောင်ရန် စီစဉ်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

သံတမန်သင်တန်းကျောင်း တည်ထောင်နိုင်ရေးအတွက် ကာလတို၊ ကာလလတ်၊ ကာလရှည် အစီအစဉ်များချမှတ်လျက် အစိုးရသစ်၏ ပြည်သူ့အတွက် ရက် ၁၀၀ ကာလအတွင်း ကာလတိုလုပ်ငန်းစီမံချက်များ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အာဇာနည်နေ့အထိမ်းအမှတ် စာဖတ်စွမ်းရည်မြင့်မားရေးပုံပြောပြိုင်

**သထုံ ဇူလိုင် ၈**

မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် သထုံမြို့ ဘင်လှိုင်ရပ်ကွက် ဝါးတောအခြေခံပညာမူလတန်း(လွန်)ကျောင်းမှ ဆရာ၊ ဆရာမများပူးပေါင်းကာ ဇူလိုင် ၈ ရက် နံနက်က ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့ ဖြစ်ပေါ်လာရခြင်း အကြောင်းများကို သိရှိစေရန်နှင့် စာဖတ်စွမ်းရည်များ မြင့်မားစေရန်အတွက် အသိပညာပေးဟောပြောခြင်းနှင့် ပုံပြောပြိုင်ပွဲများကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပုံပြောပြိုင်ပွဲတွင် ဝါးတောအမက (လွန်)ကျောင်းမှ တတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က နှစ်သက်ရာခေါင်းစဉ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

❊ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာအောင်သူ၊ ဦးဖေဇင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ မန္တလေးမြို့ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရဟတ်ယာဉ်များဖြင့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင် ရှုရပ်နေရာတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် တမံအား ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးစန်းက ရဲရွာရေအားလျှပ်စစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မြစ်ငယ်မြစ်ပေါ်ရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန် လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းကုန်ကျစရိတ်၊ ဘဏ္ဍာရေးနှစ်အလိုက် အမြတ်ရရှိမှုနှင့် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးဝေနိုင်မှု၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားထုတ်လုပ်နိုင်သည့် စက်ရုံများ အခြေအနေ၊ ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားပေးဝေနိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးသောင်းဟန်က မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာတပ်ဆင်အင်အားနှင့် ဓာတ်အားလိုင်းများအခြေအနေ၊ တိုင်းဒေသကြီးအတွင်း နှစ်အလိုက် ဓာတ်အားသုံးစွဲမှုနှင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများ၊ ဓာတ်အားဖြန့်ဖြူးရေးတာဝန်ယူထားသည့် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများဖြစ်သော ဝမ်းတွင်း၊ နဘူးအိုင်၊ မင်းဘူးမြို့နယ်များရှိ နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများနှင့် ချောင်းသာရှိ လေစွမ်းအင်သုံးစီမံကိန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ထိခိုက်မှုမရှိစေရေး၊ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကကုမ္ပဏီများ အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် တာဝန်ယူမှုရှိစေရေး စသည့် ကိစ္စရပ်များကို အလေးအနက်ထားမှာကြားပြီး တာဝန်ရှိသူများနှင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် သက်ဆိုင်သည့်လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ လုပ်ဆောင်ရန်ကျန်ရှိနေသည့် ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဓာတ်အားပေးစက်ရုံသို့ရောက်ရှိကြရာ ဓာတ်အားပေးစက်ရုံ မှတ်တမ်းပြခန်း၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းငွေက စက်ရုံတည်ဆောက်ခဲ့မှု အဆင့်ဆင့်အား ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဓာတ်အားပေးစက်ရုံ မှတ်တမ်းပြခန်း၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းငွေက စက်ရုံတည်ဆောက်ခဲ့မှု အဆင့်ဆင့်အား ရှင်းလင်းတင်ပြစဉ်

ထို့နောက် ဓာတ်အားထိန်းချုပ်ခန်းအား ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်အေးမင်းဖြူက စက်ရုံမှဓာတ်အားထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံ ရှုရပ်သို့ ရောက်ရှိပြီး ၂၀၀၆ ခုနှစ်က ဓာတ်အားပေးစက်ရုံ တည်ဆောက်စဉ် တူးဖော်တွေ့ရှိခဲ့သော နှစ်သန်း ၅၅၀ ခန့်ရှိ အသွင်ပြောင်းသဲကျောက်တုံးတွင် နိုင်ငံတော်သမ္မတက မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် မန္တလေးမြို့သို့ ရောက်ရှိကြပြီး မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့် စေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိပြီး ရွှေသက်န်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ကြေးရုပ်ပြတိုက်နှင့် သမိုင်းပန်းချီပြတိုက်များကို ကြည့်ရှုလေ့လာ၍ ဘုရားဖူး လာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ (ရဲ-ယမန်းရွာ)အနီး မြစ်ငယ်မြစ်ပေါ်တွင် တည်ရှိသည်။ ရေလှောင်တမံသည် ကွန်ကရစ်တမံ အမျိုးအစားဖြစ်ကာ တမံအလျား ၂၂၆၄ ပေ ၊ အမြင့် ၄၃၃ ပေ၊ ရေပိုလွှဲ အကျယ် ၄၄၈ ပေ ရှိသည့် ရေလှောင်တမံဖြစ်ပြီး ကန်ရေပြည့်ရေလှောင် ပမာဏ ၂၁ ဒသမ ၁၄ သိန်းဧကပေ ဖြစ်သည်။

ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် ဖရန်စစ်တာဘိုင်အမျိုးအစား စက်လေးလုံး တပ်ဆင်ထားပြီး လျှပ်စစ်ဓာတ်အား စုစုပေါင်း ၇၉၀ မဂ္ဂါဝပ်ထွက်ရှိကာ နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်နိုင်သည်။ အဆိုပါ စီမံကိန်းကို ၂၀၀၁ ခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဒီဇိုင်းပုံစံထုတ်ခြင်းနှင့် တင်ဒါစိစစ်ချိန်စီညွှန်းများပြုစုခြင်း ဆောင်ရွက်ရန် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Co.Ltd နှင့် စာချုပ်ချုပ်ဆို၍ တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် အပြီးသတ်တည်ဆောက်ပြီးစီးခဲ့သည်။

**(သတင်းစဉ်)**

# အော်တစ်ဇင်ကလေးငယ်များအား ပြုစုပျိုးထောင်နည်းသင်တန်းပို့ချ

**မန္တလေး ဇူလိုင် ၈**

ထိုင်းနိုင်ငံအစိုးရအစီအစဉ်ဖြင့် အော်တစ်ဇင်ကလေးငယ်များပြုစုပျိုးထောင်နည်းသင်တန်းကို ဇူလိုင် ၈ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် ခုတင် ၅၅၀ ဆံ့ ကလေးအထူးကု ဆေးရုံကြီး၌ကျင်းပရာ ပါမောက္ခ ဒေါက်တာစန္ဒာနှင့် ထိုင်းနိုင်ငံသံအမတ်ကြီး၏ဇနီး Thipayasuda Suvanajata တို့က အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ထိုင်းနိုင်ငံချင်းမိုင်မြို့မှ ပညာရှင် ခုနစ်ဦးက အော်တစ်ဇင်ကလေးငယ်များအား ပြုစုပျိုးထောင်စောင့်ရှောက်နည်းများ သင်ကြားပို့ချခဲ့သည်။

"ထိုင်းနိုင်ငံအစိုးရနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ကူညီပံ့ပိုးတဲ့ ရန်ပုံငွေနဲ့ ချင်းမိုင်မှ ပညာရှင်များက အော်တစ်ဇင်ကလေးငယ်တွေ ပြုစုပျိုးထောင်ရာမှာ အခက်အခဲ ကျော်ဖြတ်နိုင်ဖို့ ပြုစုပျိုးထောင်ပေးရခြင်း ဖြစ်ပါတယ်။ အခုလို သင်တန်းမျိုး ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ ပြုလုပ်ခဲ့တာ လေးနှစ်ရှိခဲ့ပါပြီ"ဟု ထိုင်းနိုင်ငံသံ အမတ်ကြီး၏ဇနီးက ပြောကြားသည်။

"အခုပွဲက ထိုင်းနိုင်ငံသံရုံးကကြီးမှူးပြီး ချင်းမိုင်မှပညာရှင်တွေက အော်တစ်ဇင်ကလေးငယ်တွေ ဂရုတစိုက်သင်ကြားပို့ချဖို့ လိုအပ်ချက်တွေကို သင်ကြားပို့ချပေးခဲ့တာပါ။ အော်တစ်ဇင်ကလေးတွေက အသက်နှစ်နှစ်ရွယ်ကစပြီး သိရှိနိုင်ပါတယ်။ အခြားကလေးတွေနဲ့ မတူတာတွေ့ရတာကြောင့် အော်တစ်ဇင်ကလေးတွေအတွက် နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်တွေနဲ့ပြသကာ ကလေးငယ်တွေရဲ့ဉာဏ်ရည် ဖွံ့ဖြိုးမှု တိုးတက်စေရန် အထူးဂရုစိုက်သင်ကြားပေးဖို့ အထူးလိုအပ်ပါတယ်"ဟု မန္တလေး အော်တစ်ဇင်အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်းက ရှင်းပြခဲ့သည်။

**ကျော်ထူး**



တပ်ကုန်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား ဇူလိုင် ၈ ရက်က ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားနှင့် ခံတွင်း စစ်ဆေးပေးခြင်းတို့ကို မြို့နယ်ကျန်းမာရေးဌာနက ဆောင်ရွက်ပေးစဉ် တင်ထွန်းတာ(တပ်ကုန်း)

# သတ္တမအကြိမ် မြန်မာ - ထိုင်း ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကျင်းပ




**နေပြည်တော် ဇူလိုင် ၈**
သတ္တမအကြိမ်မြောက် မြန်မာ-ထိုင်း ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ အခမ်းအနားမစတင်မီ Grand Amara ဟိုတယ် Ballroom ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်အား ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး H. E. Mrs. Apiradi Tantraporn နှင့်အဖွဲ့က လာရောက်တွေ့ဆုံကာ နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် သတ္တမအကြိမ် မြန်မာ-ထိုင်းကုန်သွယ်ရေး ပူးတွဲကော်မရှင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ASEAN နှင့် GMS အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အလျောက် ဒေသတွင်းအပြည့်အဝစိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒေသ၏မတူညီသော အခွင့်အလမ်းအခြေအနေများ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရေးအတွက် အလေးပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံသည် ဒေသတွင်းကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး GMS, East West Economic Corridor ၏ အဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံအတွက် အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ကုန်သွယ်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက် သွားလိုကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန် တရားမဝင်ကုန်သွယ်ရေးကို လျှော့ချရန်နှင့် တရားမဝင်ဂိတ်များမှတစ်ဆင့် ကုန်ပစ္စည်းများ ဝင်ရောက်နေမှုအား တားဆီးထိန်းချုပ်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးအထောက်အပံ့ပေးရန်အတွက် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက မြန်မာ-ထိုင်း ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် အဆိုပါအစည်းအဝေး ဆွေးနွေးချက် မှတ်တမ်းအပေါ် နှစ်ဖက်အတည်ပြုနိုင်ခဲ့ပြီး နှစ်နိုင်ငံဝန်ကြီးများက သုံးသပ်အကြံပြုခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း လေ့လာသုံးသပ်ချက်အစီရင်ခံစာ ရှင်းလင်း

**နေပြည်တော် ဇူလိုင် ၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ SPPRGနှင့် Eco.Dev အဖွဲ့တို့ပူးပေါင်းကောက်ယူသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လေ့လာသုံးသပ်ချက်အစီရင်ခံစာ ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ်(၁၄) အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အောင်မြင်မှုများနှင့် ဒေသခံပြည်သူများ၏ အကျိုးခံစား ရမှုများကို မျက်မြင်သက်သေ ပြအထောက်အထားများဖြင့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေပြီး အားနည်းချက်များကို အချိန်မီပြုပြင်၍ ပိုမိုထိရောက်ကောင်းမွန်သည့် ဝန်ဆောင်မှုများကိုပေးနိုင်ရန်အတွက် နိုင်ငံလုံးဆိုင်ရာ စစ်တမ်းကောက်ယူခဲ့သော SPPRG နှင့် စိမ်းလန်းအမိမြေအဖွဲ့မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ထမ်းများအား ကျေးဇူးတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၇၇၃၃ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ လိုအပ်သည့်သင်တန်းများနှင့် နည်းပညာပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်မှုအခြေနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် SPPRG မှ Dr. Michael P Griffiths က သုတေသန ရှာဖွေတွေ့ရှိချက်များအား ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းကြီးမည်

**နေပြည်တော် ဇူလိုင် ၈** မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်ကျင်းပရန် ကြိုတင်ပြင်ဆင်

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် ဇူလိုင် ၈**
လာမည့် ဩဂုတ်လတွင် ကျင်းပရန်ပြင်ဆင်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ် (CSOs Forum)ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး (၂၁)ရာစုပင်လုံအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းလမ်းညွှန်မှုကြမ်း(TOR)ကို ရေးဆွဲပြီးဖြစ်ကြောင်း သိရသည်။



အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်ကျင်းပရန် ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်(CSOs Forum)ကျင်းပရန် ပြင်ဆင်နေခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ၌ ပြုလုပ်ခဲ့သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ် ဖြစ်မြောက်ရေး ယာယီကော်မတီအဖွဲ့ဝင် ဒေါ်ဖွေးယုမွန်က "ဇွန် ၁ ရက်ကစပြီး (၂၁)ရာစုပင်လုံအတွက် ကျွန်မတို့အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ အစည်းအဝေးခေါ်ကြတယ်။ အဲ့ဒီမှာ CSOs တွေရဲ့အခန်းကဏ္ဍက ဘာတွေဖြစ်မလဲ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံမှာ ဘယ်လိုအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင်ကြမလဲ၊ ဘာတွေကို လုပ်ဆောင်သွားမလဲ၊ ဘယ်လို ရပ်တည်ချက်နဲ့သွားမလဲ၊ ဘယ်လိုအသံတွေကို လွှင့်သွားမလဲဆိုတာတွေ အဓိကထားပြီး ဆွေးနွေးကြပါတယ်။ အစည်းအဝေးတစ်လျှောက်မှာ ဘာအဖြေထွက်လာသလဲဆိုတော့ CSOs တွေရဲ့လုပ်ငန်းလမ်းညွှန်ကို CSOs တွေကိုယ်တိုင်ရေးဆွဲသင့်တယ်ဆိုတဲ့အချက် ထွက်ပေါ်လာပါတယ်။ ကျွန်မတို့ အရေးပေါ်အစည်းအဝေးလုပ်ပြီး ကွန်ရက် ၂၀ ကျော်ရဲ့အဖွဲ့အစည်း ၄၀ ကျော်က အခုဇူလိုင်မတိုင်ခင် လုပ်ငန်းလမ်းညွှန် (TOR) အကြမ်းပြင်ဆင်နိုင်တယ်။ လုပ်ငန်းလမ်းညွှန်ကိုလည်း အားလုံးကို ပေးပို့ထားပါတယ်"ဟု အရပ်ဘက်လူမှုအဖွဲ့အစည်းများ လုပ်ငန်း လမ်းညွှန်ရေးဆွဲထားမှုနှင့်ပတ်သက်၍ ပြောသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းလမ်းညွှန် (TOR)အား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)သို့ ပေးပို့ထားပြီး ညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့(UNA)၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့နှင့်လည်းတွေ့ဆုံပြီး CSOs များ၏ သဘောထား၊ ရပ်တည်ချက်နှင့် လုပ်ငန်းလမ်းညွှန်တို့ကို ရှင်းပြပေးပို့ခဲ့ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဒေါ်ဖွေးယုမွန်က "NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကိုလည်း လူချင်းမတွေ့နိုင်ပေမယ့် ကျွန်မတို့ရဲ့လုပ်ငန်းလမ်းညွှန်ကို e-mail လိပ်စာတွေကတစ်ဆင့် ပေးပို့ခဲ့တယ်"ဟုပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁) အောက်တွင် CSOs၊ Local NGO များနှင့် တွေ့ဆုံဆွေးနွေးရန်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်ဖြစ်မြောက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ လွှတ်တော်အမတ်ဟောင်း ဒေါ်ဒွဲဘူ၊ လက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ်များဘက်မှ ဦးမျိုးဝင်း (ABSDF) နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သီးခြားချိတ်ဆက်ရန် ဒေါ်နန်ရော်တို့ လေးဦးပါဝင်သည့် ကော်မတီဖွဲ့ထားကြောင်း သိရသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ် ဖြစ်မြောက်ရေး ယာယီကော်မတီအဖွဲ့ဝင် ဦးစောမင်းနိုင်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအပေါ် CSOs များ၏ သဘောထားနှင့်ပတ်သက်၍ "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဟာ အင်မတန်မှ အရေးကြီးတယ်။ အောင်အောင်မြင်မြင်ဖြစ်စေချင်တယ်။ ကျွန်တော်တို့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေအနေနဲ့ စနစ်တကျထိထိရောက်ရောက်နဲ့ ပါဝင်ပေးသွားနိုင်ဖို့၊ ပြည်သူတွေရဲ့လိုအပ်ချက်၊ လိုလားချက်တွေကို ပါဝင်ဆွေးနွေးပေးနိုင်ဖို့ (၂၁)ရာစုပင်လုံညီလာခံအတွက် ဆုံးဖြတ်ချက်ချထားပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုတာ လူထုရဲ့အသံတွေကို အစိုးရနဲ့လူထုကြားမှာ ကြားခံပေးတဲ့အဖွဲ့ဖြစ်တယ်။ နောက်နိုင်ငံတစ်ဝန်းလုံး ဒီမိုကရေစီအလေ့အထတွေ ဖွံ့ဖြိုးလာအောင် လုပ်ဆောင်ပေးတာပါ"ဟု ပြောသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းလမ်းညွှန်မှုကြမ်း (TOR) တွင် အခန်းခုနစ်ခန်းပါရှိပြီး ၁။ အခြေခံမူများ၊ ၂။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှု၊ (က) အဓိပ္ပာယ်ဖွင့်ဆိုချက် (ခ)ပါဝင်မည့် အဖွဲ့အစည်းများ (ဂ) ပါဝင်မည့် နည်းလမ်းများ၊ ၃။ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်၏ လုပ်ပိုင်ခွင့်များ၊ ၄။ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်ကျင်းပမည့်ပုံစံ၊ ၅။ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ၆။ လုပ်ငန်းစဉ်ဆောင်ရွက်မည့် အချိန်ဇယား၊ ၇။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖိုရမ်မှ (၂၁) ရာစုပင်လုံသို့ဟူသည့် ကဏ္ဍခုနစ်ခုပါဝင်ကြောင်း သိရသည်။

CSOs ဖိုရမ်ဖြစ်မြောက်ရေး ယာယီကော်မတီ(အဖွဲ့ဝင်) ဦးသွင်လင်းအောင်က "ကျွန်တော်တို့ရဲ့ လုပ်ငန်းလမ်းညွှန် (TOR) အခုထွက်လာပါပြီ။ နည်းနည်းလေးကွဲလွဲနေတယ်လို့ထင်တဲ့ အချက်နှစ်ချက်ကို ကျွန်တော်တို့တွေ့တယ်။ (၂၁) ရာစုပင်လုံမှာ ပထမက နိုင်ငံရေးမူဘောင်မှာ ဆွေးနွေးမယ့်ကဏ္ဍငါးခုရှိတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လယ်ယာမြေနဲ့ သယံဇာတဆိုတဲ့ အချက်ငါးခုရှိတယ်။ နောက်ပိုင်းမှ ကျွန်တော်တို့ သိလိုက်ရတာက (၂၁)ရာစုပင်လုံညီလာခံမှာ နိုင်ငံရေးနဲ့ လုံခြုံရေးကို ဆွေးနွေးမယ်။ ညီလာခံနဲ့အတူ ကျွန်တော်တို့ CSOs ဖိုရမ်တွေ အပြိုင်လုပ်ရင်တော့ စီးပွားရေး၊ လူမှုရေးနဲ့ လယ်ယာမြေသယံဇာတ အဲ့ဒီအချက်တွေပဲ ဆွေးနွေးရမယ်ဆိုတဲ့ပုံစံမျိုး လုပ်မယ်ဆိုတာ သိရတယ်။ နောက်တစ်ချက်က တော့ CSOs ဖိုရမ်တွေကိုလုပ်ပြီး ပြည်သူလူထုအသံတွေကို ကျွန်တော်တို့စုစည်းပြီးသွားတဲ့အချိန်မှာ (၂၁)ရာစုပင်လုံညီလာခံဆီ ဘယ်လိုမျိုးယူသွားရမလဲဆိုတာ ရှင်းရှင်းလင်းလင်း မရှိသေးဘူး။ ဒါကြောင့် ကျွန်တော်တို့ရေးဆွဲတဲ့လုပ်ငန်း လမ်းညွှန် (TOR)ကို ရှင်းရှင်းလင်းလင်းရေးဆွဲခဲ့တာ"ဟု လုပ်ငန်းလမ်းညွှန်ရေးဆွဲရခြင်းနှင့်ပတ်သက်၍ ပြောသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ ရေးဆွဲထားသည့် လုပ်ငန်းလမ်းညွှန် (TOR) သည် NCA အခြေခံမူပါ ပြဋ္ဌာန်းချက်ကို အခြေခံရေးဆွဲထားပြီး မေ ၂၇ ရက်က နေပြည်တော်၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် အမှာစကားတို့ကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)သို့ တင်သွင်းထားသည့် လုပ်ငန်းလမ်းညွှန် ရရှိပါက နိုင်ငံအဆင့် ဖိုရမ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဖိုရမ်များ ပြုလုပ်သွားမည်ဖြစ်သည်။

ဦးသွင်လင်းအောင်က "ပထမဦးဆုံးဖိုရမ်ကို ကျွန်တော်တို့က (၂၁)ရာစုပင်လုံနဲ့ မရှေးမနှောင်းကျင်းပနိုင်ဖို့ ဩဂုတ်လဆန်းမှာ လုပ်ပါမယ်။ အခု NCA စာချုပ်ပါအချက်တွေကို အခြေခံပြီး အစိုးရက အခု နိုင်ငံရေးမူဘောင်ကို ပြန်လည်သုံးသပ်တာတွေ လုပ်နေတယ်။ အဲ့ဒီဟာက ဩဂုတ်လဆန်းလောက်မှာ ထွက်လာမယ်လို့ အကြမ်းဖျင်းသိထားတယ်။ ဒါကြောင့် ကျွန်တော် CSOs တွေရဲ့နိုင်ငံအဆင့်ဖိုရမ်ကို ဩဂုတ်လဆန်းမှာ ကျင်းပမယ်။ ကျွန်တော်တို့ အရပ်ဘက်အဖွဲ့အစည်းတွေက နိုင်ငံရေးမူဘောင် ပြန်လည်သုံးသပ်ချက်တွေကို အခြေခံပြီး သွားရမှာဆိုတော့ အဲ့ဒါတွေပြီးမှ ကျွန်တော်တို့ စလုပ်နိုင်မယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်က ဩဂုတ်လလယ်လောက်နဲ့ နိုင်ငံအဆင့် ဖိုရမ်ကိုတော့ (၂၁)ရာစုပင်လုံနဲ့အပြိုင် အများကြီးလုပ်သွားရမယ်"ဟု ပြောသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ နိုင်ငံအဆင့်ဖိုရမ်တွင် မူဝါဒအခြေခံများချခြင်း၊ နိုင်ငံအဆင့် လုပ်ငန်းကော်မတီဖွဲ့ခြင်းတို့ပါဝင်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ဖိုရမ်တွင် သာမန်ပြည်သူများဆီမှ ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များရယူ၍ မူဝါဒဆိုင်ရာ စာတမ်းများ ပြုစုခြင်းနှင့် နိုင်ငံအဆင့်ဖိုရမ်တွင် မူဝါဒဆိုင်ရာ အကြံပြုချက်များအား ကျစ်ကျစ်လျစ်လျစ်စုစည်းပြင်ဆင်၍ ရရှိလာသည့် မူဝါဒအဆိုပြုချက်များအား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံတွင် ကိုယ်စားလှယ်စေလွှတ်ပေးပို့ပြီး တင်ပြဆွေးနွေးမည်ဖြစ်သည်။

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါသည့် မြစ်ဝကျွန်းပေါ်ဒေသ ဆည်မြောင်းလုပ်ငန်းများ

**သပြေထွန်း**



ပထဝီပါမောက္ခ E.H.G Dobby က " မြန်မာနိုင်ငံ၏ စပါးထုတ်လုပ်မှုကုန်ကျစရိတ်သည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ထူးထူးခြားခြား အနည်းဆုံးဖြစ်နေသည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ဖြစ်ရခြင်းမှာ ဆန်စပါးအထွက်ဆုံးဒေသဖြစ်သော မြစ်ဝကျွန်းပေါ်တွင် ဆန်စပါးသယ်ယူတင်ပို့သည့်လမ်းမှာ ရေလမ်းခရီးကိုအများအပြားအသုံးပြုရသည့်အတွက်ဖြစ်ကြောင်း၊ ရေလမ်းသယ်ယူပို့ဆောင်ရေး ပိုမိုအဆင်ပြေစေသည်မှာ အရှေ့အနောက်သွယ်တန်းလျက်ရှိသော ရေလမ်းကြောင်းအများအပြားရှိနေခြင်းကြောင့်ဖြစ်ကြောင်း " ဟူ၍ ၁၉၆၄ ခုနှစ်တွင် ၎င်း၏ " South East Asia " စာအုပ်တွင် ရေးသားထားသည်ကိုတွေ့ရှိရသည်။

တစ်ဖန် ဧရာဝတီမြစ်ဝကျွန်းပေါ်၏ ဘူမိဖြစ်ပေါ်မှုများနှင့် လုပ်ငန်းဒေသအခြေအနေများအား ကနဦးလေ့လာကြည့်မည်ဆိုပါက မြစ်ဝကျွန်းပေါ်ဒေသသည် ပင်လယ်မှ ၃၂၅ မိုင်ကျော်ကွာဝေး၍ အမြင့်ပေ ၅၀ ခန့်ရှိသော ကြံခင်းမြို့မှစတင်ပြီး အောက်ဘက်တွင် မြစ်လက်တက်များဖြာထွက်ကာ အဓိကအားဖြင့် ဝဲဘက်တွင် လှိုင်မြစ်၊ ယာဘက်တွင် ငဝန်မြစ်နှင့် အရှေ့နှင့်အနောက်ဘက်တွင် ပဲခူးရိုးမနှင့် ရခိုင်ရိုးမများ အသီးသီးကာဆီးလျက်ရှိသည်။ တြိဂံပုံသဏ္ဌာန်ရှိသော မြစ်ဝကျွန်းပေါ်ဒေသသည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၁၀၀၀ ခန့်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ ခရိုင်ရှစ်ခု၊ မြို့နယ် ၄၅ မြို့နယ်ပါဝင်သည်။ ဧရာဝတီမြစ်သည် ပင်လယ်သို့ဆုံရာတွင် ပင်လယ်ကမ်းခြေအရှေ့အနောက် အလျားမိုင် ၁၆၀ ကျော်ရှိ၍ အဓိကမြစ်ဝ ၁၂ ခုရှိပြီး အဆိုပါမြစ်ဝများမှာ ရန်ကုန်မြစ်ဝ၊ တိုးမြစ်ဝ၊ သံဒိမြစ်ဝ၊ ဒုံရမ်းမြစ်ဝ၊ ဖျာပုံမြစ်ဝ၊ ဘိုကလေးမြစ်ဝ၊ ဧရာဝတီမြစ်ဝ၊ ပျဉ်စလူမြစ်ဝ၊ ပြာမလော့မြစ်ဝ၊ ရွှေမြစ်ဝ၊ သက္ကယ်သောင်မြစ်ဝ၊ ငဝန်မြစ်ဝ စသည်ဖြင့် အစဉ်အတိုင်းဖြာထွက်လျက်ရှိပြီး လှေ၊ သင်္ဘောသွားလာနိုင်သော ရေကြောင်းအလျား စုစုပေါင်းမိုင် ၂၁၀၀ ခန့်ရှိသည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံးမြစ်ဝကျွန်းပေါ်စာရင်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ပြင် ပြန့်ပြူးမှုရှိရာတွင်လည်းကောင်း၊ ရေချိုပေါများရာတွင်လည်းကောင်း၊ မုန်တိုင်းဒဏ် ကင်းလွတ်သက်သာရာတွင်လည်းကောင်း၊ မြေဩဇာကောင်းမွန်ရာတွင်လည်းကောင်းစသောအချက်အလက်များဖြင့် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားလျက်ရှိသည်။

ဖော်ပြပါဘူမိဖြစ်ပေါ်မှုများအရဆိုရပါလျှင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်နှိုင်းစာလျှင် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်နှင့် ရန်ကုန်တိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသများသည် မြေမျက်နှာပြင် ညီညာပြန့်ပြူး၍ မြစ်ခွဲ၊ မြစ်မွှာများ ရောယှက်စီးဆင်းနေပြီး ကျွန်းငယ်ကလေးများဖြင့် ဖွဲ့စည်းထားသဖြင့် စပါးအပါအဝင် လယ်ယာစိုက်ပျိုးရေးအောင်မြင်မှု အားသာချက်များရှိသည်ကို ပညာရှင်များ၏ လေ့လာတွေ့ရှိသုံးသပ်မှုများအရ သိရသည်။

**အရှေ့တောင်အာရှရှိ မြစ်ဝကျွန်းပေါ်များအနက် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင်ရှာသော မိုးရေချိန်သည် အများဆုံးဖြစ်၍ ပျမ်းမျှ လက်မ ၁၀၀ ကျော်ခန့်ရှိရာ စိုက်ပျိုးရေးအတွက် လိုအပ်သောရေအရင်းအမြစ်ကိုလည်း ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဖြစ်ထွန်းအောင်မြင်မှုအညွှန်းကိန်းများလည်း အလျင်အမြန်တိုးတက်လာမည်ဖြစ်**

လယ်ယာစိုက်ပျိုးရေးကဏ္ဍဆောင်ရွက်ရာတွင် အောင်မြင်မှုအားသာချက်များနှင့် သဘာဝအခြေခံကောင်းများ မြောက်မြားစွာ ပိုင်ဆိုင်ထားသော်လည်း ပင်လယ်မှလည်းကောင်း၊ မြစ်များမှလည်းကောင်း၊ ဒီရေနှင့် ဆားငန်ရေများဝင်ရောက်ကာ အချိန်ကာလကြာရှည်စွာ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံရလေ့ရှိရာများစွာသောစိုက်ပျိုးရေးဧရိယာကို အခါအားလျော်စွာ ထိခိုက်ဟန့်တားမှုများရှိခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးအောင်မြင်မှုအာမခံချက်ရှိသော အဆိုပါ မြစ်ဝကျွန်းပေါ်ဒေသများ၏ ဖော်ပြပါအခက်အခဲများမှ ကျော်လွှားနိုင်စေရေးအတွက် တိုင်းဒေသကြီးသုံးခုရှိ မြို့နယ် ၄၅ မြို့နယ်ပါဝင်သော မြစ်ဝကျွန်းပေါ်ဒေသအတွင်း တာ(Embankment) ပတ်ခြင်း၊ ကျွန်းပတ်တာ(Polder) တည်ဆောက်ခြင်း၊ ရေထိန်းတံခါး (Sluice) တည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်း (Drainage Canal) တူးဖော်ခြင်းတို့ကို ခေတ်အဆက်ဆက်တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ မြစ်ဝကျွန်းပေါ်ဒေသကြီးများစာရင်းတွင်ပါဝင်သော ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်ဟူ၍ ခရိုင်ခြောက်ခုနှင့် မြို့နယ် ၂၆ မြို့နယ်ရှိရာ ဖျာပုံခရိုင်အတွင်း တာတမံ ၂၃ ခု၊ တာတမံအလျား ၃၅၅ ဒသမ ၆၆ မိုင်၊ ရေငန်နှင့်ရေဘေးကာကွယ်ဧက ၂၆၂၆၆၃ ဧက၊ ကျွန်းတွင်းရေနုတ်မြောင်း ၁၀၀ ကျော်၊ အလျား ၃၀၅ ဒသမ ၄၄ မိုင်နှင့်ရေတံခါး ၆၉ လုံးရှိကြောင်း သိရသည်။ လက်ရှိကာလတွင် ရေတံခါးအသစ်များတည်ဆောက်ခြင်း၊ ကျွန်းပတ်တာအတွင်း ရေနုတ်မြောင်းများပြန်လည်တူးဖော်ခြင်း၊ တာတမံများတောင့်တင်းခိုင်မာအောင် ပြန်လည်ပြင်ဆင်ခြင်း၊ ရေတံခါးအထွက်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ တိမ်ကောနေသောချောင်းမကြီးများ ပြန်လည်တူးဖော်ခြင်းနှင့် ကျွန်းပတ်တာအပြင်ဘက် ရေနစ်ဧရိယာရှိမြောင်းများ ပြန်လည်တူးဖော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဦးဇော်ဇော် လက်ထောက်ညွှန်ကြားရေးမှူး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဖျာပုံခရိုင်၏ ရှင်းလင်းပြောကြားမှုအရ သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသများအတွင်း အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းအား ကမ္ဘာ့ဘဏ် (ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်)ဖြင့် ဆောင်ရွက်ခဲ့ရာ စပါး (၁) စီမံကိန်းအား (၁၉၇၆-၁၉၈၅)တွင်ဖျာပုံ၊ လပွတ္တာ၊ ငပုတော၊ ဘိုကလေး၊ ဝါးခယ်မမြို့နယ်များအတွင်း၌လည်းကောင်း၊ စပါး(၂)စီမံကိန်းအား (၁၉၇၈-၁၉၉၀) တွင် ကျိုက်လတ်-မအူပင်၊ ဘိုကလေး၊ သန်လျင်၊ လပွတ္တာမြို့နယ်များတွင်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးဧရိယာဖော်ထုတ်ခြင်း၊ တာပတ်ခြင်း၊ ရေနုတ်မြောင်းတူးခြင်း၊ ရေတံခါးတည်ဆောက်ခြင်းနှင့် အခြားသောစိုက်ပျိုးရေးအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရေငန်ဝင်ရောက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်းများမှလျော့ပါးသက်သာ၍ ရေချိုထိန်းပေးခြင်း၊ ရေတော်မိုးတော် စိုက်ပျိုးနိုင်ခြင်းများကြောင့် နှစ်ပေါင်းများစွာ စိုက်ပျိုး၍မရခဲ့သော လယ်ယာမြေများအား စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့်အခြေအနေသို့ရောက်အောင် ဖော်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့်ရိက္ခာဖူလုံရေးအတွက် အရေးပါဆုံးသော ဒေသတစ်ခုဖြစ်သည့် မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံစိုက်ပျိုးမှုအောင်မြင်စေရန်နှင့် ဒေသနေပြည်သူများ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေးအတွက် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မြစ်ဝကျွန်းပေါ်ဒေသအား အထက်ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်းဟူ၍ ပိုင်းခြားထားကာအထက်ပိုင်းတွင် ဟင်္သာတ၊ လေးမျက်နှာ၊ ဇလွန်၊ ငါးသိုင်းချောင်း၊ ရေကြည်၊ ကျုံပျော်၊ ဇကာကြီး၊ ဓနုဖြူ၊ အသုတ်နှင့် ကျောင်းကုန်းစသည့်ဒေသများ၊ အလယ်ပိုင်းတွင်ညောင်တုန်း၊ ပန်းတနော်၊ အိမ်မဲ၊ ရွှေလောင်း၊ ဝါးခယ်မ၊ မအူပင်၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးစသည့်ဒေသများ၊ အောက်ပိုင်းတွင် ပုသိမ်၊ ဖျာပုံ၊ ဒေးဒရဲ၊ လပွတ္တာ၊ စက်ဆန်း၊ ကျုံကဒွန်းစသည့်ဒေသများပါဝင်ကြောင်း သိရသည်။ Chandra Saysa တည်းဖြတ်သော " Main Land and Sea " စာအုပ်၌ အရှေ့တောင်အာရှဒေသတွင် လူဦးရေအထူထပ်ဆုံးဒေသများမှာ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည်ဟု ဖော်ပြထားရာ စိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် လူဦးရေသိပ်သည်းမှုသည်လည်း အရေးပါလျက်ရှိရာ ယင်းလူဦးရေ (စိုက်ပျိုးရေးလုပ်အင်အား)လိုအပ်သည့်ပမာဏရနိုင်မည့်နေရာတွင်သာ ထုတ်လုပ်မှု (Production Objection) အတွက်ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း၊ သို့အတွက် လူဦးရေထူထပ်သည့် မြစ်ဝကျွန်းပေါ် ဒေသအား အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် စိုက်ပျိုးရေးနယ်ပယ်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုနည်းပညာများ ဘက်စုံမြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း အဆိုပါစာအုပ်က ဖော်ညွှန်းလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရပါမူ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ ဘူမိဖြစ်ပေါ်မှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု၊ မိုးရေနှင့် ရေချိုအာမခံချက် အလွန်သေချာမှု စသည့်အားသာချက်အများအပြားရှိနေခြင်းနှင့် ဆက်လက်ဖော်ထုတ်မြှင့်တင်လုပ်ကိုင်ရန် စိုက်ပျိုးမြေဧရိယာများ ကျန်ရှိနေသေးသည်ဖြစ်ရာ နိုင်ငံတော်နှင့် တာဝန်ရှိသူအသီးသီးမှ လူအား၊ ငွေအား၊ နည်းပညာအားများဖြင့် လက်ရှိထက် အရှိန်အဟုန်မြှင့်တင်သွားမည်ဆိုပါက ရှိရင်းစွဲထက် ရိက္ခာဖူလုံမှု ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်မှာ မြေကြီးလက်ခတ်လွဲအံ့မထင်။ တစ်ဖက်တွင်လည်း အံ့မခန်းသောရေမြေသယံဇာတတို့ဖြင့် ပြည့်ဝနေသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို နိုင်ငံ့အကျိုးအလို့ငှာ ပြည့်ပြည့်ဝဝ အသုံးချနိုင်ရေးအတွက်အထောက်အကူဖြစ်စေသည့်ကိုရီးယားနိုင်ငံ KRC Delecationsနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ JICA ကဲ့သို့သော ကျွမ်းကျင်ပညာရှင်များပါဝင်သည့် နိုင်ငံတကာအဖွဲ့အစည်းများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်သည်။

အရှေ့တောင်အာရှရှိ မြစ်ဝကျွန်းပေါ်များအနက် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင်ရှာသောမိုးရေချိန်သည် အများဆုံးဖြစ်၍ ပျမ်းမျှလက်မ ၁၀၀ ကျော်ခန့်ရှိရာ စိုက်ပျိုးရေးအတွက် လိုအပ်သောရေအရင်းအမြစ်ကိုလည်း ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဖြစ်ထွန်းအောင်မြင်မှု အညွှန်းကိန်းများလည်း အလျင်အမြန်တိုးတက်လာမည်ဖြစ်သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နွေစပါး၊ မိုးစပါးအပါအဝင် စိုက်ပျိုးရေးကဏ္ဍများဆောင်ရွက်ရာတွင် ဒေသ၏ပထဝီသဘာဝအရ ခက်ခဲမှုများရှိသော်လည်း စီးပွားရေး ဆန်းစစ်ချက်အရ နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်နှင့် ပြန်လည်ရရှိမည့်အကျိုးအမြတ် တွက်ချေကိုက်ခြင်း၊ ငွေရင်းပြန်ပေါ်နှုန်းနှင့် အကျိုးအမြတ်ရရှိနှုန်းခိုင်မာခြင်း၊ ကိန်းဂဏန်းဖြင့် တွက်ချက်ချပြ၍မရသော အကျိုးအမြတ်များဖြစ်သည့် လှေ၊ သမ္ဗန်စသော သွားလာဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကွန်ရက် ပိုမိုချိတ်ဆက်ကောင်းမွန်ခြင်း၊ ယခင်က နွေရာသီတွင် ရေချိုအလုမ်းဝေးလျက်ရှိသော ကျေးရွာဒေသများအတွက် ရေချိုရရှိမှုအခွင့်အရေး ပိုမိုကောင်းမွန်လာခြင်း၊ မြို့ရွာပတ်ဝန်းကျင် ပိုမိုစိမ်းလန်းစိုပြည်လာခြင်း၊ စိုက်ပျိုးရေး ရေခံမြေခံကောင်းများ ရရှိထားသည့်အားလျော်စွာ လယ်ယာကဏ္ဍအညွှန်းကိန်းများ ပိုမိုတိုးတက်လာနိုင်ခြင်းစသော အားသာချက်များဖြင့် ပြည့်နှက်နေသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအား နိုင်ငံတော်နှင့်သက်ဆိုင်ရာ ဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီးနှင့် လူပုဂ္ဂိုလ် ပညာရှင်အသီးသီးတို့မှ ဧရာဝတီအောင်နိုင်ရေးအတွက် ဆတက်ထမ်းပိုးတိုး၍ ဝိုင်းဝန်းဆောင်ရွက်အကောင်အထည်ဖော်ရန် အချိန်တန်ပြီဟု အကြံပြုရေးသားလိုက်ရပါသည်။

## ရက် ၁၀၀ အတွင်း စံညီစာကြည့်တိုက်များရေရှည်တည်တံ့ရေးဆွေးနွေး

**တွံတေး ဇူလိုင် ၈**

ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အတွင်း တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စံငါးရပ်ညီကျေးရွာပြည်သူ့စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၇ ရက်က အပြင်ရေကျော်ကျေးရွာ၌ ပညာရွာကျေးလက်ပြည်သူ့စာကြည့်တိုက်တွင် လူငယ်များ စာဖတ်ရှိန် ပိုမိုမြှင့်မားလာစေရန်အတွက် ကျေးရွာအတွင်း Mobile.Library ဖြင့် စာအုပ်များ တစ်အိမ်တက်ဆင်းငှားရမ်းနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သောစာအုပ်စာစောင်များအား မြို့နယ်ပြည်သူ့စာကြည့်တိုက်မှ ပြန်လည်ငှားရမ်းနိုင်ကြောင်းနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်အလယ်ကျွန်းကျေးရွာ သုတထွန်းကျော် ကျေးရွာပြည်သူ့စာကြည့်တိုက်ရှိ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ဆရာ ဆရာမများနှင့် စာဖတ်ရှိန်မြှင့်မားတိုးတက်ရေးကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများကဆွေးနွေးဆောင်ရွက်ပေးခဲ့ပြီး စာကြည့်တိုက်နှစ်တိုက်အား သုတ၊ ရသစာအုပ် ၅၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ အကြမ်းဖက်မှု ကာကွယ်တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. GENG Huichang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ အကြမ်းဖက်မှု ကာကွယ်တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**






# မွန်နှင့် ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီရေးလက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် လူသားချင်း စာနာမှု အကူအညီပေးရေးဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC) တို့ပူးပေါင်း၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများအား အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းသို့ ပြောင်းလဲ၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်ထိ သက်တမ်းတိုးမြှင့်ဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အဖွင့်အမှာစကားပြောကြားပြီး ဆွစ်ဇာလန်နိုင်ငံသံရုံးမှ Charged' Affaires and Head of Cooperation, Mr. Peter Tschumi က နားလည်မှုစာချွန်လွှာ ပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SDC)တို့ ပူးပေါင်းကာ ၂၀၁၃ ခုနှစ်မှစတင်၍ မွန်ပြည်နယ်အတွင်းရှိ ရေးမြို့နယ်၊ ဘီးလင်းမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ သထုံမြို့နယ်၊ ကရင်ပြည်နယ်အတွင်းရှိ ကော့ကရိတ်မြို့နယ်၊ မြဝတီမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ သံတောင်ကြီးမြို့နယ်များ၌ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ ဆောက်လုပ်ခြင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးဝါးများ ထောက်ပံ့ပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထောက်ပံ့ခြင်းလုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းသို့ ပြောင်းလဲပြီး စီမံကိန်းလုပ်ငန်းများအား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ သက်တမ်းတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်အားကြောင့် မီးဘေးအန္တရာယ်မဖြစ်စေရေး အသိပညာပေး

**ရန်ကုန် ဇူလိုင် ၈**

လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီတွင် စက်မှုဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးမှ လှိုင်သာယာစက်မှုဇုန်နှင့် ရပ်ကွက်၊ ကျေးရွာများတွင် လူနှင့်တိရစ္ဆာန်များ လျှပ်စစ်ဓာတ်အားကြောင့် အသက်အန္တရာယ် မဖြစ်ပွားစေရေးနှင့် မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် စက်မှုဇုန်များရှိ စက်ရုံများမှ မန်နေဂျာများနှင့် လျှပ်စစ်တာဝန်ခံတို့အား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းဆိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်စစ်ဆေးရေးမှူး ဦးခိုင်မြင့်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြေကြိုက်လျှင် ဆေးရှိသည်၊ ဓာတ်လိုက်လျှင်ဆေးမရှိကြောင်းနှင့် လျှပ်စစ်အန္တရာယ်ဖြစ်စဉ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး လျှပ်စစ်စစ်ဆေးရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြူစိန်(ငြိမ်း)က ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားပြတ်တောက်နေရခြင်း၏ အကြောင်းရင်းနှင့် သုံးစွဲမှုနှင့် ဓာတ်အားရရှိမှုကွာဟခြင်းတို့ကို ဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာကြသော စက်ရုံများမှ ကိုယ်စားလှယ်များက လျှပ်စစ်အန္တရာယ် စက်ရုံများတွင် ရုတ်တရက် ဖြစ်ပွားတတ်ပုံနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို မေးမြန်းဆွေးနွေးခဲ့ပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ရွှေပြည်သာစက်မှုဇုန်၌ ၁၄ ရက်တွင် လျှပ်စစ်ဘေးအန္တရာယ်ကာကွယ်ရေးသင်တန်းကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ပို့ချပေးလျက်ရှိပြီး လှိုင်သာယာစက်မှုဇုန်တွင် ဇူလိုင် ၁၁ ရက်မှစတင်၍ စက်ရုံများ လျှပ်စစ်ဘေးအန္တရာယ်ကာကွယ်ရေး နည်းလမ်းများကို သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း စက်မှုဇုန်ဥက္ကဋ္ဌက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**

**ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းကျေးရွာ(၁၈) ရွာတွင် တာဝန်ထမ်းဆောင်မည့် ကျေးရွာအဆင့်မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များအား ဇူလိုင် ၅ ရက်က မြို့နယ်ကျေးလက်ဦးစီးဌာန၌ စီမံခန့်ခွဲမှုဆိုင်ရာနှင့် ငွေစာရင်းထိန်းသိမ်းခြင်း သင်တန်းပို့ချစဉ်**

(မြို့နယ် ပြန်/ဆက်)



# နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အဓိကမောင်းနှင်အားတစ်ခုဖြစ်

**နေပြည်တော် ဇူလိုင် ၈**

Broadband Infrastructure and ICT Technology နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံအား ဒစ်ဂျစ်တယ်လူမှုအသိုက်အဝန်းအဖြစ်သို့ ဖော်ဆောင်ရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောသည်။

ယနေ့နံနက် ၁၀ နာရီက ဟီလ်တန်ဟိုတယ်၌ ကျင်းပသော Myanmar Broadband Forum 2016 တွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။




ယနေ့ကျင်းပသည့် ဖိုရမ်သည် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးပြုလုပ်သည့် နည်းပညာဆိုင်ရာ ဖိုရမ်ဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှု၊Huawei Technologies Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြန်မာ၊ တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတို့၏ Broadband ကဏ္ဍဆိုင်ရာ အတွေ့အကြုံများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ ဈေးကွက်ဆိုင်ရာ သုံးသပ်ချက်များ၊ စက်မှုဖွံ့ဖြိုးရေးဖြစ်စေနိုင်မည့်နည်းလမ်းများကို သက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူများ၊ နိုင်ငံတကာ အတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းကို အင်တာနက်သုံးစွဲခွင့်ရရှိနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မူဝါဒများ ချမှတ်ခြင်း၊ ထိရောက်သောလိုင်စင်များချပေးခြင်း၊ စက်မှုလုပ်ငန်းများ နိုင်ငံတကာနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းနှင့် ဆန်းသစ်သောနည်းပညာများအတွက် မူဝါဒများချမှတ်ပေးခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**

# ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၈**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ခွဲတိုင်းထွာချက်များအရ ချင်းတွင်း မြစ်ရေသည် ဟုမ္မလင်းမြို့၌ နစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

အဆိုပါမြစ်ရေသည် ဖောင်းပြင်မြို့၌ နှစ်ပေခန့်နှင့် မော်လိုက်မြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် ပေဝက်ခန့်နှင့် နောက်နှစ်ရက်အတွင်း မော်လိုက်မြို့တွင် နှစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။ သို့ဖြစ်၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြား မှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင်နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန် လဝန်းထက်သာ အထည်ချုပ်စက်ရုံမှ အလုပ်သမား ၈၅ ဦး အလုပ်ထုတ်နစ်နာကြေးရရှိရန် ဆန္ဒထုတ်ဖော်

ရန်ကုန် ဇူလိုင် ၈

**အလုပ်သမားများ လုပ်ခလစာ အများနည်းတူရရှိသောရက်တွင် မရရှိဘဲ အလုပ်ပုံမှန်ဆင်းခွင့်မရဘဲ လရှည်ကြာ အခက်အခဲများ ရင်ဆိုင်ခဲ့ရသော လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန် မောင်သန်းလမ်းရှိ လဝန်းထက်သာ အထည်ချုပ် စက်ရုံမှ အလုပ်သမားများအား အလုပ်ရှင်က စက်ရုံပိတ်လိုက်သည့်အတွက် အလုပ်ထုတ်နစ်နာကြေးနှင့် နို့တစ်ကြေးမရရှိသဖြင့် ဇူလိုင် ၈ ရက် နံနက် ၉ နာရီက စက်ရုံအလုပ်သမားများ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။** (ယာပုံ)

"အလုပ်က မဆင်းရတာများတယ်။ ဇွန် ၂၆ ရက်မှာ မန်နေဂျာက စက်ရုံပိတ်လိုက်ပြီ၊ အလုပ်သမား ၈၅ ဦးရဲ့လုပ်သက် နစ်နာကြေးနဲ့ နို့တစ်ကြေးကို ဩဂုတ် ၁၈ ရက်မှ ပေးမယ်လို့ ပြောတယ်။ အခြားစက်ရုံကို အလုပ်ဝင်ရင်လည်း ဒီဘက်က မပြတ်သေးတော့ အလုပ်သမားတွေ အခက်အခဲရှိနေတယ်။ အခြားစက်ရုံလို လစာကို လကုန်ပြီး ငါးရက် မရဘူး။ ၁၀ ရက်၊ ၁၅ ရက်လောက်မှ ရကြတယ်။ ဒီလိုဖြစ်နေတာ တစ်နှစ်နီးပါး ရှိနေပြီ။ ရွာကို လစာပို့ဖို့ထက် စားစရိတ်နဲ့ အဆောင်ခ ပုံမှန်မပေးနိုင်တာကြာပြီ။ အလုပ်သမား ၈၅ ဦးရဲ့ အလုပ်နစ်နာကြေးနဲ့ နို့တစ်ကြေးကို ဒီလ ၁၁ ရက်တွင် ရမှ အားလုံးအဆင်ပြေမှာပါ။ အလုပ်လုပ်ချင်နေတဲ့အလုပ်သမားတွေကို အလုပ်မပေးနိုင်တာဟာ စက်ရုံမှာပဲ တာဝန်ရှိပါတယ်" ဟု စက်ရုံအလုပ်သမား ကိုယ်စားလှယ် မဝင်းစိုးက ပြောသည်။

ကိုရီးယားနိုင်ငံသားပိုင်ဆိုင်သော အဆိုပါအထည်ချုပ်စက်ရုံတွင် ယခင်က လိုင်း ကိုးလိုင်းရှိပြီး တစ်လိုင်းလျှင် လူ ၈၀ ကျော်ရှိကာ တန်ဖိုးကြီးသော ဘဲမွေးအနွေးထည်နှင့် ကိုရီးယားဘောင်းဘီတင်ပို့သော စက်ရုံဖြစ်ကြောင်း၊ လစာပေးသောရက် မမှန်သည့်အတွက် အလုပ်သမားများ စက်ရုံပြောင်းလုပ်ကိုင်ခဲ့ရာ အလုပ်သမား ၈၅ ဦးသာ ကျန်ရှိပြီး စက်ရုံမှ လုပ်သက်နစ်နာကြေးနှင့် နို့တစ်ကြေးပေးရန် အချိန်ဆွဲနေသည့်အတွက် စက်ရုံပိတ် အလုပ်နားခံရသော အလုပ်သမားများ အလုပ်ပြောင်းရွှေ့မလုပ်နိုင်မီ နစ်နာကြေး အမြန်ပေးဆောင်ရန် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားဝင်ခွင့်ပြုချက်ဖြင့် စီတန်းလှည့်လည် ခဲ့ပြီးနောက်တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးမှ အလုပ်သမားကိုယ်စားလှယ် ခုနစ်ဦးအား စက်ရုံမန်နေဂျာနှင့် တွေ့ဆုံညှိနှိုင်းခဲ့ရာ လာမည့် ဩဂုတ် ၁၀ ရက်တွင် လုပ်သက်နစ်နာကြေးပေးမည့်အစား ဇူလိုင် ၁၁ ရက်တွင် ထုတ်ပေးနိုင်ရန် ဆက်လက်ညှိနှိုင်းမည်ဖြစ်ကြောင်း သိရပြီး အလုပ်သမားများ အနေဖြင့် စားဝတ်နေရေးအခက်အခဲကြောင့် စက်ရုံအပေါ် အမျိုးမျိုးဒုက္ခခံခဲ့သည့် အတွက် ယခုလဝက်အတွင်း နစ်နာကြေးကို အမြန်ရရှိရန် ဆန္ဒအသီးသီးရှိနေကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**






# အရေးပေါ်လူနာများအတွက် မော်တော်ယာဉ် အခမဲ့ကူညီပေးမည်

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းရှိ အရေးပေါ်လူနာ အသက်ကယ်တင် ကုသပို့ဆောင်ရေး ဖောင်ဒေးရှင်းအနေဖြင့် ရန်ကုန်မြို့ပေါ်နေ ပြည်သူများ မတော်တဆ အရေးပေါ်ထိခိုက်ဒဏ်ရာရရှိသူများအား အသက်ကယ်တင်ခြင်းနှင့် ကုသပို့ဆောင်ခြင်းလုပ်ငန်းကို အခမဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ ဒေါက်တာ တင်ဇော်မောင် က ပြောသည်။

"ကျွန်တော်တို့အသင်းအနေနဲ့ အရေးပေါ် ယာဉ်မတော်တဆမှုတွေ၊ သဘာဝဘေးနဲ့ ရင်ဆိုင်ရတဲ့သူတွေ၊ တိုက်ပြိုကျသူတွေအတွက် အသက်ကယ်ကုသမှုနဲ့ ပို့ဆောင်တဲ့ လုပ်ငန်းကို ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် ငွေကြေးချို့တဲ့ပြီး ဆေးရုံတက်ဖို့ အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့သူတွေကိုလည်းကူညီဆောင်ရွက်ပေးပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ အရေးပေါ် လူနာအသက်ကယ်တင် ကုသပို့ဆောင်ရေး ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဖွဲ့စည်းထူထောင်ခဲ့ပြီး ယခုအချိန်အထိ လူနာပေါင်း ၂၇၀၀ ကျော်ကို ကုသပေးခြင်းနှင့် ပို့ဆောင်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယင်းအသင်းတွင် ယခုအခါ လူနာတင်ယာဉ် ငါးစီးနှင့် ဘီးတပ်ကုလားထိုင်သုံးယာဉ် တစ်စီး စုစုပေါင်း လူနာတင်ယာဉ် ခြောက်စီးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ လူနာတင်ယာဉ်တစ်စီးချင်းပေါ်တွင် အရေးပေါ်ကုသရေးပစ္စည်းများ တပ်ဆင်အသုံးပြုထား၍ မတော်တဆ အရေးပေါ်အခြေအနေကြုံတွေ့နေရသူများကို ထိရောက်စွာကူညီဆောင်ရွက်ပေးနိုင်ကြောင်းလည်း သိရသည်။

အရေးပေါ်အကူအညီလိုအပ်သူများအနေဖြင့် Hot Line နံပါတ် 1830(MPT ဖုန်းဖြင့် )သို့လည်းကောင်း၊ ဖုန်း-၀၉-၄၂၁၀၆၀၉၉၉၊ ၀၉-၄၂၁၀၆၃၉၉၉ နှင့် ၀၉-၄၂၁၀၇၂၉၉၉ (အခြားလက်ကိုင်ဖုန်းများဖြင့်) ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ ယင်းလူနာတင်ယာဉ်များတွင် ခေတ်မီကုသရေးကိရိယာများ တပ်ဆင်ထားသည့်အပြင် ကျွမ်းကျင်ဝန်ထမ်းများကလည်းပြုစုကုသရေးလုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်၍ လူနာများအတွက် အလွန်ပင်ထိရောက်စွာဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မန္တလေး ဒုတိယမြို့တော်ဝန်နှင့် စည်ပင်ကော်မတီဝင်များအား ဥပဒေနှင့်အညီ တာဝန်မှရပ်နား

မန္တလေး ဇူလိုင် ၈

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးမှလွဲ၍ ဒုတိယမြို့တော်ဝန်နှင့်အတူ အတွင်းရေးမှူးနှင့် ကော်မတီဝင် ကိုးဦး စုစုပေါင်း ၁၁ ဦးအား ဇူလိုင် ၇ ရက်မှစ၍ ဥပဒေနှင့်အညီ တာဝန်မှ ရပ်နားလိုက်ကြောင်း သိရသည်။**

တိုင်းဒေသကြီး အစိုးရအဖွဲ့ ၏ ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက ပြုလုပ်သော အစည်းအဝေးအမှတ်စဉ် ၆/၂၀၁၆ အရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အမိန့်အမှတ် ၁၉/၂၀၁၆ ဖြင့် မြို့တော်ဝန် ဒေါက်တာရဲလွင်က လက်မှတ်ရေးထိုး ထုတ်ပြန်ကာ တာဝန်ထမ်းဆောင်နေသည့် အဆိုပါကော်မတီဝင် ၁၁ ဦးအား တာဝန်မှရပ်နားခဲ့ခြင်းဖြစ်သည်။

"တိုင်းဒေသကြီး အစိုးရအဖွဲ့က ညွှန်ကြားတယ်၊ ရုံးလုပ်ငန်းစဉ်တွေအရ လုပ်ကိုင်ရင်း နောက်ကျသွားလို့ မိုးချုပ်မှ ကော်မတီဝင်တွေထံ တရားဝင်စာပို့ပေးနိုင်ခဲ့တယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုက်ရိုက်ခန့်မယ့် ငါးဦးကိုတော့ နှစ်ပတ်အတွင်းထုတ်ပြန်မယ်။ မြို့လူထုက ရွေးမယ့် ရွေးကောက်ပွဲကို သုံးလအတွင်း လုပ်သွားမှာပါ" ဟု မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

ကော်မတီဝင်များတွင် အစိုးရအဖွဲ့မှ တိုက်ရိုက်ခန့်ထားသူ မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်တင်နှင့် ကော်မတီဝင် လေးဦး၊ ၂၀၁၅ ခုနှစ်က မြို့လူထုမှ ရွေးချယ်ခံခဲ့ရသူများဖြစ်သည့် ဒုတိယမြို့တော်ဝန်နှင့်အတူ ကော်မတီဝင် ငါးဦးတို့ဖြစ်ပြီး ၎င်းတို့ လစ်လပ်နေရာများတွင် ပြန်လည်ရွေးချယ်သွားမည် ဖြစ်သည်။ တာဝန်မှ အနားပေးမှုတွင် ပါဝင်ခဲ့သည့် ဒုတိယမြို့တော်ဝန်ကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ "အောင်မြေသာစံမြို့နယ်က ရွေးချယ်ခံခဲ့ရပြီး ဒု-မြို့တော်ဝန်အဖြစ် ထပ်ဆင့်ရွေးချယ်ခံခဲ့ရတာပါ။ ခုလို အနားပေးတာက ဥပဒေအရ ဆောင်ရွက်တာဖြစ်လို့ ကျေနပ်ပါတယ်။ စည်ပင်ဌာန ၁၄ ခုကို ကြီးကြပ်ရတယ်။ မန္တလေး ဒေသခံတွေဆီက ကောက်ခံလို့ရတဲ့ အခွန်တွေကို အလေအလွင့်မရှိအောင် တာဝန်ထမ်းဆောင်ခဲ့တဲ့ ကိုးလတာကာလအတွင်းမှာ လုပ်ပေးနိုင်ခဲ့တယ်။ ပြန်လည်အရွေးခံဖို့အစီ အစဉ်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

"အစိုးရက တိုက်ရိုက်ခန့်ထားတဲ့ ကော်မတီဝင်တွေက အရွေးခံဖို့အစီအစဉ် မရှိဘူး၊ ခုလိုအနားပေးမယ်ဆိုတာ ကြိုသိပါတယ်။ အစိုးရအဖွဲ့သက်တမ်းနဲ့အညီ ဆောင်ရွက်တာဖြစ်တဲ့အတွက် ကျေနပ်ပါတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ သေသပ်စွာလုပ်သွားတယ်။ ပြန်လည်ခန့်ထားမယ်ဆိုရင် ဆက်လုပ်သွားမယ့် အစီအစဉ်ရှိပါတယ်။ နိုင်ငံခြားမှာ စည်ပင်အတွက် သုံးနှစ်ပညာသင်ယူခဲ့တဲ့ အတွေ့အကြုံနဲ့ မြို့တော်ဖွံ့ဖြိုးဖို့ ပြန်လည်အသုံးချခွင့်ရချင်တယ်။ စည်ပင်လုပ်ငန်းဆိုတာ အလွန်ကျယ်ပြန့်ပါတယ်။ ဒါကြောင့် နောက်လူတွေတက်လာရင် လုပ်ငန်းကျွမ်းကျင်ဖို့ အချိန်ထပ်ပေးရမှာဆိုတော့ မြို့တော်ဖွံ့ဖြိုးတိုးတက်မှုအတွက် နောက်ကျနိုင်တယ်လို့ မြင်တယ်"ဟု စည်ပင်သာယာကော်မတီဝင် (၉) ဒေါက်တာ သွင်ကျော်ကျော်က ပြောသည်။

တာဝန်မှ ရပ်နားလိုက်ခြင်းမှာ ဥပဒေနှင့်အညီဖြစ်၍ ရပ်နားခံရသည့် ကော်မတီဝင်များကလည်း ကျေနပ်မှုရှိကာ မြို့တော်ဝန် ဒေါက်တာရဲလွင်ကလည်း အနားယူသွားသည့် ကော်မတီဝင်များနှင့် နှုတ်ဆက်တွေ့ဆုံပွဲကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တောင်ငူတက္ကသိုလ်တွင် စစ်တုရင်အားကစားပြိုင်ပွဲ ကျင်းပ

**တောင်ငူ ဇူလိုင် ၈**

တောင်ငူတက္ကသိုလ်တွင် ဒုတိယနှစ် နှစ်ဝက်ပညာသင်နှစ်ကာလ အားကစားပြိုင်ပွဲများအဖြစ် စစ်တုရင်အားကစားပြိုင်ပွဲကို ဇူလိုင် ၅ ရက် မှ ၈ ရက်အထိ တောင်ငူတက္ကသိုလ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပလျက်ရှိသည်။ **(ယာပုံ)**

အဆိုပါ စစ်တုရင်ပြိုင်ပွဲကို ဘာသာရပ်အသီးသီးမှ ကျောင်းသား ၄၂ ဦးနှင့် ကျောင်းသူ နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုများကို တစ်ဦးချင်းစီအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု နှစ်ဆုနှင့် အသင်းလိုက်ပြိုင်ပွဲတွင်လည်း ထိုနည်းတူ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်တုရင်ပြိုင်ပွဲပြီးဆုံးပါက ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးရုံး(ခွဲ)အထက်မြန်မာပြည် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ အသင်းလိုက်ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲကို ဇူလိုင် ၆ ရက်ကစတင်၍ မန္တလေးတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပလျက်ရှိသည်။

အထက်မြန်မာပြည်မှ အုပ်စု(က)တွင် နည်းပညာတက္ကသိုလ်အသင်း၊ လားရှိုးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်အသင်း၊ အုပ်စု(ခ)၌ ဆေးတက္ကသိုလ်မန္တလေးအသင်း၊ တောင်ကြီးကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်အသင်း၊ အုပ်စု(ဂ)တွင် မန္တလာဒီဂရီကောလိပ်အသင်း၊ တောင်ကြီးတက္ကသိုလ်အသင်းနှင့် စစ်ကိုင်းသမဝါယမတက္ကသိုလ်အသင်း စုစုပေါင်းပြိုင်ပွဲဝင် ၁၀ သင်းတို့မှ ကြက်တောင်အားကစားသမား ၇၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြောက်ဦးမြို့ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြောက်ဦး ဇူလိုင် ၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်အချို့ဖြစ်သော အလယ်ဈေးရပ်ကွက်၊ ဝသဲရပ်ကွက် မြေနိမ့်ပိုင်း၊ ကြက်လျှာကျွန်းရပ်နှင့် ဗန္ဓုလရပ်ကွက်တို့မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ဇူလိုင် ၇ ရက် ညနေ ၅ နာရီက သျှစ်သောင် ဘုန်းတော်ကြီးကျောင်း၊ အမက -ကြက်ဈေးကျောင်း၊ အထက(၁) ကျောင်းတို့၌ ကျင်းပခဲ့သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဘဏ္ဍာအခွန်ဝန်ကြီး ဦးအောင်ကျော်သိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ရေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ထောက်ပံ့ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး၊ ဘဏ္ဍာအခွန်ဝန်ကြီးတို့က ရေဘေးသင့် ပြည်သူများအား ဆန်အိတ် ၂၆၀၊ ခေါက်ဆွဲ ၁၀၄ ဖာ၊ ရေသန့် ၆၆ ကတ်၊ ကြက်ဥ အလုံး ၁၆၀၀၊ FAMILY CARE ဆပ်ပြာ ၃၃ ထုပ်နှင့် ရေသန့်ဆေးဘူး တစ်ထုပ်တို့အား ရေဘေးသင့်ပြည်သူများထံသို့ ပေးအပ်ခဲ့သည်။ **(ယာပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးပြည်သူ့ဆေးရုံ၌ ဆေးပေးခန်း၊ လူနာဆောင်များ၊ ဆေးစတိုခန်းများနှင့် ခာတ်မှန်ခန်းတို့ကို ကြည့်ရှုခဲ့ပြီး မြို့နယ်ဆေးရုံ ခွဲစိတ်ခန်း အမိုးပြုပြင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်ဆရာဝန်ကြီးထံ ငွေကျပ် ၁၅ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ရန်ကုန်-စစ်တွေလမ်းပိုင်း၌ ရေကြီးမှုကြောင့် တံတားများပျက်စီးမှုဖြစ်



**မြောက်ဦး ဇူလိုင် ၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်အတွင်း ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် မြောက်ဦးမြို့နှင့် မြောင်းဘွေစံပြကျေးရွာကြား မိုင်တိုင်အမှတ် (၁၀၂/၀-၁) ကြား တံတားအမှတ် (၁/၂၀၃) အရှည်ပေ ၅၀ ရှိ အာရ်စီတံတားမှာ ချဉ်းကပ်လမ်း နှစ်ဖက် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ဆက်လက်၍ မိုင်တိုင်အမှတ် (၁၀၃/၄-၅) ကြားတံတား အမှတ် (၂/၁၀၄) အရှည်ပေ ၂၀ ရှိ ကွန်ကရစ်အုတ်မြစ်၊ အာရ်စီတံတားမှာလည်း ကမ်းကပ်ခုံနှစ်ဖက် ပြိုကျပျက်စီးခဲ့ပြီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် လမ်းဦးစီးဌာနက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျောက်တော်မြို့နယ် ရေဘေးသင့်ပြည်သူများထံ ပစ္စည်းများသွားရောက်လှူဒါန်း

**ကျောက်တော် ဇူလိုင် ၈**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်တွင် ဇူလိုင်လဆန်းပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ကျောက်တော်မြို့နယ် ကျေးရွာအချို့တွင် ရေဝင်လျက်ရှိသည်။

ရွာမပြင်ကျေးရွာ၌ စစ်ဘေးရှောင် အိမ်ထောင်စု ၃၈ စုမှ လူဦးရေ ၁၅၂ ဦးတို့ ရေလွှမ်းမှုဒဏ်ခံခဲ့ရပြီး ကျောက်တော်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်နိုင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်သန်းစိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးခင်မောင်အေးတို့က ယင်းကျေးရွာသို့ သွားရောက်ပြီး ဆန်ငါးအိတ်၊ ပဲသုံးအိတ်၊ ခေါက်ဆွဲခြောက်ခြောက်ဖာ၊ ရေသန့် ၁၀ ဖာ တို့ကို သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





# ချင်းတွင်းမြစ်ရေတိုက်စားခြင်းကြောင့် နေအိမ်နှစ်လုံး ရွှေ့ပြောင်း

**ရေစကြို ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့သည် ချင်းတွင်းမြစ်ကမ်းတွင် တည်ရှိပြီး ချင်းတွင်းမြစ်ရေများ တိုးလျက်ရှိရာ အဆိုပါမြစ်ကမ်းနံဘေးရှိ အမှတ်-၁ ထင်းတန်းရပ်ကွက်တွင် ဇူလိုင် ၇ ရက်က မြစ်ရေတိုက်စားခြင်းကြောင့် လူနေအိမ်နှစ်လုံး ပြောင်းရွှေ့ခဲ့ရသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက "ကျွန်တော်တို့ရပ်ကွက်မှာ တစ်စတစ်စနဲ့ ကမ်းပါးပြိုလာတာ အခုဆို လူနေအိမ်ခြေတွေနဲ့ နီးကပ်လာပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရပ်ကွက် တာဝန်ရှိ ရပ်မိရပ်ဖတွေ/လူငယ်တွေ စုပေါင်းညှိနှိုင်းတိုင်ပင်ပြီး ကမ်းပါးပြိုသက်သာစေဖို့ တိုင်တွေ၊ စိုက်ဝါးတွေရက်ပြီး ရေကာတာတွေ တစ်နိုင်တစ်ပိုင်ဆောင်ရွက်နေကြသော်လည်း ရေစီးအားနဲ့ ပြိုကျနေပါပြီ။ နောက်ထပ် အန္တရာယ်ရှိ နေအိမ် ၁၆ လုံး ရှိပါသေးတယ်။ အခြေအနေကြည့်ပြီး ဝိုင်းဝန်းပြောင်းရွှေ့သွားမှာပါ။ ရွှေ့ပြောင်းအိမ်ထောင်စုတွေအနေနဲ့ ဆွေမျိုးသားချင်းနဲ့ နီးစပ်ရာကို အကူအညီတောင်းနေကြရတယ်" ဟု ပြောသည်။ ရေစကြိုမြို့၏ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သည် ၂၈ ဒသမ ၇ ပေဖြစ်ပြီး ဇူလိုင် ၇ ရက် ညနေ တိုင်းထွာချက်များအရ ၂၅ ဒသမ ၉ ပေသို့ ရောက်ရှိလာကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တက္ကန္ဒြိယ ဘဝနတ်ထံပျံလွန်တော်မူ

**ရန်ကုန် ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် လဟာကလူကျေးရွာ ဓမ္မသုခကာရီကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တက္ကန္ဒြိယသည် သက်တော်(၉၂ နှစ်) သိက္ခာတော်(၇၂)ဝါ အရ ၁၃၇၈ ခုနှစ် ဝါဆိုလဆန်း(၄)ရက် (၈-၇-၂၀၁၆) သောကြာနေ့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

### နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် လဟာကလူ ကျေးရွာ ဓမ္မသုခကာရီကျောင်းတိုက် ဦးစီးပဓာနနာယက (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တက္ကန္ဒြိယ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း -** ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပျဉ်းမငူကျေးရွာအုပ်စု မုဆိုးမကွင်းရွာ ခမည်းတော် ဦးထွန်းလှ-မယ်တော် ဒေါ်ငွေစိန်တို့မှ ၁၂၈၆ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း -** ဆရာတော်လောင်းလျာသည် ၁၃၀၃ ခုနှစ်တွင် ဆပ်ကွင်းရွာ ဆပ်ကွင်းကျောင်းတိုက်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၆ ခုနှစ်တွင် ဆပ်ကွင်းရွာ ဆပ်ကွင်းကျောင်းတိုက် ဇာတဿရခဏ္ဍာသိမ်တော်၌ ဆရာတော် ဘဒ္ဒန္တဇောတိပါလကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း -** ဆရာတော်လောင်းလျာသည် ကန်ကြီးထောင့်မြို့နယ် ပျဉ်းမငူကျေးရွာအုပ်စု မုဆိုးမကွင်းရွာ ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ငါးသိုင်းချောင်းမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအနာဂသန္တ စသော ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း -** ဆရာတော်သည် ကန်ကြီးထောင့်မြို့နယ် လဟာကလူကျေးရွာ ဓမ္မသုခကာရီကျောင်းတိုက်ကို ၁၃၄၁ ခုနှစ်မှ စတင်တည်ထောင်ကာ ကမ္မဋ္ဌာန်းနည်းပြသက်တမ်း ၂၅ နှစ်ကြာ ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဟောပြောပြသပေးခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်လည်း ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ မြို့နယ်ဝိနည်းဓိုရ် ငါးနှစ် ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် ၁၅ နှစ်နှင့် ပဥ္စမအကြိမ် သက်တမ်းမှစ၍ ၂၀၀၇ ခုနှစ်ထိ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ယနေ့အချိန်အထိ နိုင်ငံတော် ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း -** ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တက္ကန္ဒြိယသည် ၁၃၆၆ (၂၀၀၅)ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း -** ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၂ နှစ်)၊ သိက္ခာတော်(၇၂)ဝါ အရ ၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၄ ရက်၊ (၈-၇-၂၀၁၆)သောကြာနေ့၊ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



**ညောင်လေးပင် -မဒေါက်ကားလမ်း(ညောင်လေးပင်မြို့အထွက်နား)ပေါ်၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက ဘက်ဟိုးတင်ဆောင်လာသော 9C/---- နောက်တွဲယာဉ်ကြီးသည် လမ်းလယ်တွင် ကန့်လန့်ဖြစ်နေ၍ ခရီးသွားပြည်သူများအခက်အခဲဖြစ်နေစဉ်** (အဆိုပါယာဉ်အား နောက်ထပ် ဘက်ဟိုးယာဉ်တစ်စီးရောက်လာပြီး ကူတွန်းတင်ပေးလိုက်သဖြင့် ယာဉ်ကြောရှင်းလင်းသွားပြီး လမ်းပိတ်ဆို့မှု ၄၅ မိနစ်ခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။) **(မြို့နယ် ပြန်/ဆက်)**

# ထိုင်ဝမ်အရှေ့ပိုင်းတွင် တိုင်ဖွန်းအပူပိုင်းမုန်တိုင်းဝင်ရောက်



**တိုင်ပေ ဇူလိုင် ၈**

သောကြာနေ့အစောပိုင်းက ထိုင်ဝမ်အရှေ့ပိုင်းတွင် အပူပိုင်းတိုင်ဖွန်းမုန်တိုင်းဝင်ရောက်မှုကြောင့် ရုတ်တရက်လေပြင်းများတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း ထိုင်ဝမ်မိုးလေဝသဆိုင်ရာ ဗျူရိုအဖွဲ့ထံမှ သိရသည်။

နှစ်တစ်နှစ်၏ ပထမဆုံးအကြိမ်အဖြစ် အဆိုပါ တိုင်ဖွန်းမုန်တိုင်းဝင်ရောက်မှုသည် နံနက် ၅ နာရီအချိန်က စတင်ခဲ့သည်။ အဆိုပါ လေပြင်းမုန်တိုင်းမှာ တစ်နာရီလျှင် ၁၈၁ ကီလိုမီတာရှိပြီး မိုးသက်မုန်တိုင်း ကျရောက်မှုမှာ တစ်နာရီလျှင် ၂၄၃ ကီလိုမီတာနှုန်း ရှိခဲ့သည်။ တိုင်ဖွန်းမုန်တိုင်းသည် တစ်နာရီ ၁၁ ကီလိုမီတာအမြန်နှုန်းဖြင့် အနောက်မြောက်ဘက်အရပ်ဆီသို့ဦးတည်ထွက်ခွာသွားခဲ့ကြောင်း ဗျူရိုအဖွဲ့က ပြောကြားသည်။

သောကြာနေ့က အဆိုပါမုန်တိုင်းဝင်ရောက်မှုကြောင့် ညနေ ၅ နာရီမှစတင်ကာ ရထားခရီးစဉ်များကို ရပ်နားထားခဲ့သည်ဟု ထိုင်ဝမ်မီးရထားပို့ဆောင်ရေးအာဏာပိုင်များက ပြောကြားခဲ့သည်။ စာသင်ကျောင်းများကိုလည်း ခေတ္တပိတ်ထားခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် အိန္ဒိယနှင့် သီရိလင်္ကာ အစိုးရတို့ သဘောတူ

**ကိုလံဘို ဇူလိုင် ၈**


သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့သည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် သင်တန်းကိစ္စများအပါအဝင် နှစ်နိုင်ငံကြား သဘောတူဆောင်ရွက်မှုများ မြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်ဟု ကြာသပတေးနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

သီရိလင်္ကာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဝန်ကြီးနှင့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးစဉ်အတွင်း နှစ်နိုင်ငံစလုံးမှ အရာရှိကြီးများသည် စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု အတွက် ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်ရန်ဆွေးနွေးခဲ့ကြသည်။

ဇူလိုင်လကုန်ပိုင်းတွင်လည်း အိန္ဒိယမှ ကိုယ်စားလှယ်များ သီရိလင်္ကာသို့ လာရောက်လည်ပတ်ကြမည် ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ခြင်းသည် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှု လက်မှတ်ရေးထိုးခြင်းနှင့် တိုက်ဆိုင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**(ဆင်ဟွာ)**



ဂျေရုဆလင် ဘိုင်ဘလီကယ် တိရစ္ဆာန်ရုံ၌ သေးငယ်သည့် အမြီးဖွားမျောက်ငယ်လေးများကို တိရစ္ဆာန်ရုံဝန်ထမ်းများက အစာကျွေးချိန်၌ တွေ့မြင်ရစဉ် [(Cebuella pygmaea) မျောက်သည် တောင်အမေရိကရှိ အမေဇုန်မြစ်ဝှမ်းအနောက်ပိုင်း အပူပိုင်းသစ်တောများမှ ပေါ်ထွက်လာသည့် ကမ္ဘာ့အသေးငယ်ဆုံးမျောက်မျိုးစိတ်အသစ် ဖြစ်ပြီး နို့တိုက်သတ္တဝါများထဲတွင် အပါအဝင်ဖြစ်သည့် အဆိုပါမျောက်သည် အလေးချိန်အားဖြင့် ၁၀၀ ဂရမ်ကျော် ရှိသည်။]
(ဆင်ဟွာ)

# အီရတ်နိုင်ငံအလယ်ပိုင်း ဆာလာဟူဒင်ပြည်နယ်တွင် အသေခံဗုံးခွဲမှုကြောင့် လူ ၂၀ သေဆုံး

**ဘဂ္ဂဒက် ဇူလိုင် ၈**

အီရတ်နိုင်ငံအလယ်ပိုင်း ဆာလာဟူဒင်ပြည်နယ်ရှိ ဘာသာရေးအဆောက်အအုံအနီး အသေခံဗုံးခွဲသမားနှစ်ဦး တိုက်ခိုက်မှုကြောင့် လူ ၂၀ ထက်မနည်း သေဆုံးခဲ့ပြီး လူ ၇၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

တခြား သေနတ်သမားများကလည်း ဘုရားဖူးများကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့သည်ဟု ဒေသခံလုံခြုံရေးအဖွဲ့ သတင်းအရင်းအမြစ်တစ်ခုက ဆင်ဟွာသို့ ပြောသည်။

သန်းခေါင်ယံအချိန် စစ်ဝတ်စုံများဝတ်ဆင်ထားသော လက်နက်ကိုင်လူတစ်စုသည် ဘလတ်မြို့ရှိ ဘာသာရေးအဆောက်အအုံ၌ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ဘလတ်မြို့သည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကီလိုမီတာ ၈၀ အကွာတွင် တည်ရှိသည်။

အိုင်အက်စ်အဖွဲ့ဟု ယူဆရသော အခြားသေနတ်သမား များကလည်း ဘုရားဖူးများကို ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားပြီးနောက် ဓားစာခံများကို ကယ်တင်နိုင်ခဲ့သည်။ အကြမ်းဖက်သမားများ အားလုံးကိုလည်း နှိမ်နင်းနိုင်ခဲ့သည်။

အသေခံဗုံးခွဲသမားများနှင့် သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် ဘာသာရေး အဆောက်အအုံပျက်စီးခဲ့ပြီး ဘေးနားရှိ အဆောက်အအုံများလည်း မီးစွဲလောင်ခဲ့သည်ဟု ယင်းသတင်းအရင်းအမြစ်အရ သိရသည်။

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကူညီထောက်ပံ့ရေးအဖွဲ့၏ အစီရင်ခံစာအရ လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံသား ၆၆၂ ဦး သေဆုံးပြီး ၁၄၅၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ခန့်မှန်းထားသည်။ **(ဆင်ဟွာ)**

# ဘဂ္ဂဒက်ဗုံးခွဲမှုတွင် သေဆုံးသူဦးရေ ၂၉၂ ဦးအထိ မြင့်တက်လာ

**ဘဂ္ဂဒက် ဇူလိုင် ၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ကာရန်ဒါဒေသ၌ ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၂၉၂ ဦးအထိ မြင့်တက်လာလျက်ရှိကြောင်း အီရတ်ကျန်းမာရေး ဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

သေဆုံးသူ ၁၁၅ ဦးတို့၏ ရုပ်အလောင်းများကို အစိုးရက ၎င်းတို့၏ မိသားစုဝင်များထံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ကျန် ၁၇၇ ဦးတို့၏ မှတ်တမ်း အချက်အလက်များကို အတည်ပြုရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး အဒီလာဟာမွန်က ပြောကြားခဲ့သည်။

ဘဂ္ဂဒက်တောင်ပိုင်းရှိ ရောင်းဝယ်ဖောက်ကားမှု အချက်အချာနေရာဖြစ်သည့် ဈေးဝယ်စင်တာ အနီးရှေ့မျက်နှာစာတွင် အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးက ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်အစွန်းရောက်အဖွဲ့၏



လက်ချက်ဟုယူဆရသည့် လူအသေအပျောက်အများဆုံး တိုက်ခိုက်မှုဖြစ်ပြီး လူနှစ်ရာထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိသူအများစုမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်ပြီး ၂၃ ဦးမှာ ဆေးရုံ၌ ကုသမှုခံယူနေဆဲဖြစ်ကြောင်း သိရသည်။
**(ဆင်ဟွာ)**

# ဆန္ဒပြပွဲတွင် ထိန်းသိမ်းနေစဉ် ဒါးလပ်စ်ရဲတပ်ဖွဲ့ဝင်များ ချောင်းမြောင်းပစ်ခတ်ခံရ

**ဒါးလပ်စ် ဇူလိုင် ၈**

ယခုသီတင်းပတ်အတွင်း လူမည်းနှစ်ဦးရဲများ၏ ပစ်ခတ်ခံရမှုကို ဆန့်ကျင်ဆန္ဒပြနေစဉ်အတွင်း ရဲတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား၍ ချောင်းမြောင်းတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်လေးဦး ပစ်သတ်ခံရပြီး အခြားခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ချောင်းမြောင်းပစ်ခတ်မှုသည် ကြာသပတေးနေ့ညပိုင်းက ဖြစ်ပွားခဲ့သည်။

ဒါးလပ်စ်မှရဲချုပ်ဒေးဗစ်ဘရောင်းက စနိုက်ပါနှစ်ဦးသည် ရဲတပ်ဖွဲ့ဝင် ၁၁ ဦးကိုပစ်ခတ်ခဲ့ရာ သုံးဦးသေဆုံးခဲ့ပြီးအချို့မှာ နောက်ကျောဘက်မှနေ၍ ပစ်ခတ်ခံရခြင်းဖြစ်ကြောင်းသတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ပြောခဲ့သည်။

နောက်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး ထပ်မံသေဆုံးခဲ့သည်ဟု တွစ်တာမှတစ်ဆင့် ရဲများကပြောသည်။ အမေရိကန်ပြည်ထောင်စုတွင် ရဲအများအပြားတိုက်ခိုက်ခံရမှုထဲမှ အဆိုးရွားဆုံးတိုက်ခိုက်မှုတစ်ခုလည်း ဖြစ်သည်။

ယင်းတိုက်ခိုက်မှုအပြီးရဲများက လူသုံးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ကြိုတင်စီစဉ်ရေးဆွဲထားသည့် ပစ်ခတ်မှုဟု ရဲများကပြောသည်။ တက္ကဆက် ပြည်နယ်အုပ်ချုပ်ရေးမှူး မိုက်ရောလင်းက အိပ်မက်ဆိုးကြီးတစ်ခုဟု သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။ ဒါးလပ်စ်၌ပစ်ခတ်မှုများအပြီး အမေရိကန်လေကြောင်းလိုင်းအုပ်ချုပ်ရေးအဖွဲ့က ဒါးလပ်စ်သို့ ပျံသန်းမှုများကို ယာယီကန့်သတ်ခဲ့သည်။
**(ရိုက်တာ)**

# ထိုးစစ်ဆင်နှိမ်နင်းမှုဖြင့် မလုံလောက်တော့သည့် အိုင်အက်စ်အစွန်းရောက်အဖွဲ့၏အကြမ်းဖက်မှုများ

**ကလျာမိုးမြင့်**

**တနင်္ဂနွေနေ့က ဘဂ္ဂဒက်မှာဖြစ်ပွားခဲ့တဲ့ ကြောက်မက်ဖွယ်ရာဗုံးခွဲတိုက်ခိုက်ခံရမှုအတွင်း အပြစ်မဲ့ပြည်သူ ၁၆၀ မက အသက်ဆုံးရှုံးခဲ့ရပါတယ်။ အစ္စလာမ်ဘာသာဝင်များရဲ့ရာမာဒန်ဥပုသ်ရာသီကျရောက်တဲ့ လွန်ခဲ့သောတစ်လကစတင်ပြီး အိုင်အက်စ်စစ်သွေးကြွအဖွဲ့ရဲ့ လက်ချက်လို့ယူဆရတဲ့ ရှစ်ကြိမ်မြောက် ဗုံးခွဲတိုက်ခိုက်ခံရမှုဖြစ်ပါတယ်။ ကမ်းကုန်အောင်ရက်စက်တဲ့လုပ်ရပ်တွေကြောင့် အော်လန်ဒိုတိုက်ခိုက်မှု၊ ဒါကာတိုက်ခိုက်မှုနဲ့ အစ္စတန်ဘူလ်တိုက်ခိုက်မှုတွေအထိ စုစုပေါင်းလူ ၃၀၀ ကျော်သေဆုံးခဲ့ရပါပြီ။**



ဆော်ဒီအာရေဗျနိုင်ငံ မဒီနာမြို့မှာရှိတဲ့ တမန်တော်မိုဟာမက်ရဲ့ ဂူဗိမာန် အဆောက်အအုံမှာလည်း တနင်္လာနေ့က ပေါက်ကွဲမှုအကြီးအကျယ် ဖြစ်ပွားခဲ့ပါသေးတယ်။ အစ္စလာမ်ဘာသာဝင်တွေရဲ့ အထွတ်အမြတ်ဖြစ်တဲ့ ဘာသာရေးအဆောက်အအုံမှာ ယခုလို ဗုံးဖောက်ခွဲမှုရဲ့ နောက်ကွယ်ကကြိုးကိုင်သူဟာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဖြစ်ရမယ်လို့ သံသယရှိနေကြပါတယ်။

ရာမာဒန်ဥပုသ်လဟာ အစ္စလာမ်ဘာသာ သက်ဝင်ယုံကြည်သူများအတွက် အမွန်မြတ်ဆုံးသော ဘာသာရေးဆိုင်ရာပြုဖွယ်ကိစ္စတွေ ဆောင်ရွက်တဲ့လဖြစ်ပါတယ်။ အချိန်ကာလအားဖြင့် အပြစ်တွေကို ဆေးကြောတဲ့လ၊ သီလဆောက်တည်တဲ့လလို့ ဆိုနိုင်ပါတယ်။ အစ္စလာမ်ဘာသာဝင်များရဲ့ ကိုးကွယ်ယုံကြည်မှုအယူအဆအရ ကိုရမ်ကျမ်းကို ဟောကြားခဲ့တဲ့ တမန်တော်မိုဟာမက်ကို အလေးအမြတ်ပြုတဲ့ အထိမ်းအမှတ်အနေနဲ့ တစ်လတိတိ နေ့ခင်းအချိန်မှာ အစားအသောက်မှီဝဲခြင်းကို ရှောင်ကြဉ်ကြတာဖြစ်ပါတယ်။

ဘာသာရေး အဆောက်အအုံတွေဟာ အဲဒီအချိန်မှာ ပုံမှန်ထက် စည်ကားလေ့ရှိပြီး ဆုတောင်းဝတ်ပြုသူများနဲ့ ပြည့်ကျပ်နေပါတယ်။ ဒါပေမယ့် အစွန်းရောက်ဘာသာရေးအမြင်ရှိသူတွေ အတွက်တော့ ရာမာဒန်လဟာ တိုက်ခိုက်မှုတွေကို အောင်မြင်စေနိုင်တဲ့လဖြစ်တယ်လို့ ယူဆကြပါတယ်။ လူမှုအဖွဲ့အစည်းကို ဆန့်ကျင်တိုက်ခိုက်ရာမှာ နှစ်ဆတိုးအောင်မြင်နိုင်ဖို့ အခွင့်သာတဲ့လလို့ ယုံကြည်ထားတဲ့အတွက် ဒီလိုအချိန်မျိုးမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ သာမန်ထက်ပိုပြီးပြုလုပ်လာကြခြင်းဖြစ်တယ်လို့ သိရပါတယ်။ ဆီးရီးယားမှာရှိတဲ့ အယ်လ်ခိုင်ဒါအဖွဲ့က ရာမာဒန်ကို "အောင်မြင်မှုအပေါင်းခညောင်းတဲ့လ"အဖြစ် တင်စားခေါ်ဝေါ်ခဲ့ကြပါတယ်။

တမန်တော် မိုဟာမက်ရဲ့ ဂူဗိမာန်မှာ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားလိုက်ခြင်းက အစ္စလာမ်ဘာသာဝင်တွေကို သွေးပျက်တုန်လှုပ်စေခဲ့ပါတယ်။ ဘာကြောင့် အိုင်အက်စ်အစွန်းရောက်အဖွဲ့ဟာ ခုလိုဘာသာရေးအရ အထွတ်အမြတ်ဖြစ်တဲ့ အထင်ကရနေရာကိုမှ ရွေးချယ်ပြီး ဗုံးခွဲတိုက်ခိုက်ရသလဲဆိုတဲ့ မေးခွန်းတွေထွက်ပေါ်လာပါတယ်။

ခေတ်သစ်ဂျီဟတ်စစ်ပွဲ၏ဖခင်ကြီးလို့ တင်စားခေါ်ဝေါ်ခြင်းခံရတဲ့ အဗ္ဗဒူတာအာဇမ်ဟာ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက အာဖဂန်နစ္စတန်မှာအာရပ်တိုက်ခိုက်ရေးသမားတွေနဲ့ ပထမဆုံးအကြိမ် အကြမ်းဖက်တိုက်ခိုက်မှုကို ဦးဆောင်ခဲ့ပါတယ်။ ဂျီဟတ်စစ်ပွဲတွေကိုရှောင်ရှားတာဟာ ဆုတောင်းဝတ်ပြုကိုးကွယ်ခြင်းမလုပ်တာနဲ့အတူတူပဲလို့ ၎င်းကတိုက်တွန်းခဲ့တယ်လို့ သိရပါတယ်။

နိုင်ငံလေးခုမှာ ဖြစ်ပွားခဲ့တဲ့ ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုအားလုံးမှာ အိုင်အက်စ်အဖွဲ့ ပါဝင်ပတ်သက်နေပြီး ဒီတိုက်ခိုက်မှုတွေက ဆီးရီးယားနဲ့အီရတ်မှာရှိတဲ့ အကြမ်းဖက်အုပ်စုများရဲ့ အခိုင်အမာ တပ်စွဲထားမှုကို ဖြိုခွင်းလိုတဲ့ အမေရိကန်ဦးဆောင်သော စစ်ဆင်ရေးအဖွဲ့ရဲ့ကြိုးပမ်းမှုကို စိန်ခေါ်လိုက်ခြင်းပဲဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ ကမ္ဘာတစ်ဝန်းလုံးမှာ ပျံ့နှံ့နေပြီး ပစ်မှတ်ထားရွေးချယ်တိုက်ခိုက်တဲ့နေရာတွေဟာလည်း မတူညီဘူးလို့ အမေရိကန်အာဏာပိုင်များက ဆိုပါတယ်။

ပြီးခဲ့တဲ့လအနည်းငယ်အတွင်းက အိုဘားမားဦးဆောင်တဲ့ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ဟာ ကမ္ဘာတစ်ဝန်းလုံးမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်စစ်ဆင်ရေးအဖွဲ့က တုံ့ပြန်နှိမ်နင်း အောင်မြင်ခဲ့တဲ့အကြောင်း မကြာခဏဆိုသလို ဖော်ပြခဲ့ပါတယ်။

ကြားဖြတ်ရရှိတဲ့သတင်းတွေအရ အိုင်အက်စ်အဖွဲ့ဟာ ဆွန်နီအစ္စလာမ်တွေကြီးစိုးတဲ့ နေရာတွေမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်မဟုတ်သူတွေနဲ့ ရှီးယိုက်အစ္စလာမ်တွေရဲ့ လူသူစုဝေးတဲ့နေရာတွေအပါအဝင် အစိုးရရုံးဌာနတွေကို တိုက်ခိုက်ဖို့ပစ်မှတ်ထားရွေးချယ်ခဲ့ခြင်းဖြစ်တယ်လို့ အမေရိကန်အာဏာပိုင်တစ်ဦးက ပြောကြားခဲ့ပါတယ်။

တစ်ဦးချင်း အသေခံဗုံးခွဲမှုကနေစပြီး အများအပြား ကားဗုံးခွဲတိုက်ခိုက်မှုမှသည် ဓားစာခံဖမ်းဆီးခေါ်ဆောင်မှုတွေအထိ တိုက်ခိုက်မှုနည်းလမ်းမျိုးစုံအသုံးပြုနေတဲ့ အကြမ်းဖက်မှုတွေကို ရပ်တန့်သွားအောင်စွမ်းဆောင်နိုင်မယ့် ငွေရောင်ကျည်ဆန်တွေ မရှိသေးဘူးလို့ အကြမ်းဖက်တိုက်ခိုက်မှုတန်ပြန်နှိမ်နင်းရေးကျွမ်းကျင်ပညာရှင်အဖွဲ့က ဆိုပါတယ်။

နောက်ထပ် စိန်ခေါ်မှုတစ်ခုကတော့ တိုက်ခိုက်မှုတွေဟာ မျှော်လင့်မထားတဲ့အချိန်မှာ မျှော်လင့်မထားတဲ့နေရာအသီးသီးကနေ ရုတ်တရက်ထွက်ပေါ်လာတဲ့အချက်ပါပဲလို့ ကျွမ်းကျင်ပညာရှင်ဂျော့တောင်းစ်ပီလာက ပြောကြားခဲ့ပြီး ဒီပြဿနာတွေကို ဖြေရှင်းဖို့ဆိုရင် ပိုပြီးနီးကပ်တဲ့ သံတမန်ရေးရာပူးပေါင်းဆောင်ရွက်မှု၊ အကြံဉာဏ်မျှဝေမှုနဲ့ ငွေကြေးလိုက်ပါစီးဆင်းမှုတွေ အဓိကလိုအပ်တယ်လို့ ၎င်းက အကြံပြုခဲ့ပါတယ်။

အိုင်အက်စ်အဖွဲ့ဟာ လူသစ်ရှာဖွေမှုနဲ့ဝါဒဖြန့်မှုများကို အွန်လိုင်းအသုံးပြုခြင်းနဲ့ အထောက်တော်တွေကို လျှို့ဝှက်စေလွှတ်ခြင်းအားဖြင့် အင်အားတိုးချဲ့ရေးလုပ်ဆောင်နေတယ်ဆိုတဲ့ သက်သေအထောက်အထားတွေ ပေါ်ထွက်လာကြောင်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို အနီးကပ်စောင့်ကြည့်နေတဲ့ အာဏာပိုင်အဖွဲ့ဝင်တစ်ဦးကရှင်းပြခဲ့ပါတယ်။

အိုင်အက်စ်အဖွဲ့ရဲ့ အသွင်သဏ္ဌာန်ဟာ အခုဆိုရင် နယ်မြေပိုင်ဆိုင်လိုမှုထက် တိုက်ခိုက်မှုများစွာလုပ်ဆောင်ရေးကိုသာ ဦးတည်နေတဲ့ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့နဲ့ အသွင်တူလာပါတယ်။

ထူးဆန်းတဲ့အချက်က ဇွန် ၂၈ ရက် အစ္စတန်ဘူလ်လေဆိပ်တိုက်ခိုက်မှု၊ ဒါကာမှာ နိုင်ငံခြားသားတွေကို တိုက်ခိုက်ခဲ့မှု၊ ဘဂ္ဂဒက်ကားဗုံးခွဲတိုက်ခိုက်မှု၊ ဆော်ဒီအာရေဗျမှာ အမေရိကန်သံအမတ်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့မှု၊ မဒီနာဘာသာရေးအဆောက်အအုံ တိုက်ခိုက်မှုစတဲ့ အကြမ်းဖက် တိုက်ခိုက်မှုတွေအားလုံးကို ရာမာဒန် ဥပုသ်လအတွင်းမှာ ပြုလုပ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အစွန်းရောက် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို နှိမ်နင်းနိုင်ဖို့နဲ့ ၎င်းတို့ရဲ့ခြိမ်းခြောက်မှုတွေကို ဖယ်ရှားဖို့ စစ်ဆင်ရေးတွေ ဆင်နွှဲနေရုံနဲ့ မလုံလောက်တော့ဘူးဆိုတဲ့အချက်က ထင်ရှားလာပါတယ်။ ရေရှည်တည်တံ့တဲ့အောင်မြင်မှု ရရှိဖို့ဆိုရင်တော့ အစွန်းရောက်ဝါဒလွှမ်းမိုးမှုရဲ့အခြေခံအကြောင်းရင်းတစ်ခုလုံးကို အမြစ်လှန်ဖယ်ရှားပစ်ဖို့ လိုအပ်မှာဖြစ်ကြောင်း။

**ကိုးကား-ရိုက်တာ၊ ဘီဘီစီ**
**(၅-၇-၂၀၁၆)**

■




**ဘာကြောင့် အိုင်အက်စ်အစွန်းရောက်အဖွဲ့ဟာ ခုလို ဘာသာရေးအရ အထွတ်အမြတ်ဖြစ်တဲ့ အထင်ကရ နေရာကိုမှ ရွေးချယ်ပြီး ဗုံးခွဲတိုက်ခိုက်ရသလဲ ဆိုတဲ့ မေးခွန်းတွေ ထွက်ပေါ်လာ**

## ပို့ကုန်သွင်းကုန်လိုင်စင်လုပ်ငန်းများ အခက်အခဲရှိက ဖြေရှင်းဆောင်ရွက်ပေးရန် အကြံပြုချက်ပေးပို့နိုင်

**နေပြည်တော် ဇူလိုင် ၈**

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့် စည်းမျဉ်း၊ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ တာဝန်ခံဝန်ကြီးဌာန ဖြစ်သည့်အလျောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့်အညီ ကုန်သွယ်မှုတိုးမြှင့်ရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဖြေလျှော့ပေးရေး၊ ကုန်သွယ်ပညာပေးရေး ကိစ္စရပ်များကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သွယ်မှုပြုလုပ်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် လိုင်စင်ရယူခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ဝန်ကြီးဌာနက ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်အတွက် အကြံပြုချက်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) နေပြည်တော် Fax ဖုန်းအမှတ် ၀၆၇-၄၀၈၀၀၄ သို့ လည်းကောင်း၊ gmail လိပ်စာ moc.mopolicy 2015 @ gmail.com သို့လည်းကောင်း ပေးပို့နိုင်ပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၈**

အမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောဆောင်ရွက်မှုအား ယနေ့တွင် ဇမ္ဗူသီရိအထက(၆)နှင့် ဇေယျာသီရိအထက(၁၆)တို့တွင် ဟောပြောဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများ၌ ဟောပြောရာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်ငါးမျိုးဖြစ်သည့် ခြေကျင်လမ်းလျှောက်သူ၊ အနေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရန် စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မီးပွိုင့်နှင့်အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန်သရုပ်ပြပုံများ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို အသေးစိတ်ချပြ ရှင်းလင်းဆွေးနွေး ဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် ၅၅၀ ကို ဝေငှခဲ့သည်။

**(သတင်းစဉ်)**

## အလှဆင်သူဂျာနယ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၈**

နှစ်ပတ် တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ဝေသည့် အလှဆင်သူဂျာနယ် (The Beautifier News Journal) ဇူလိုင် ၆ ရက်နေ့ထုတ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။




အဆိုပါဂျာနယ်တွင် ရွှေဇင် (ဆောက်လုပ်ရေး)၏ ကျွန်တော်နှင့် ရေနိမ့်တံတားများ (Low Water Bridge)၊ တင်ထွန်းဦး (စီမံကိန်း)၏ ဝန်ထမ်းတွေရဲ့ လိုချင်တဲ့ဆန္ဒ၊ စတုတ္ထအကြိမ် မြန်မာ့ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲကျင်းပ၊ Facebook နှင့် Viber ကို တယ်လီနောကွန်ရက်ဖြင့် အခမဲ့အသုံးပြုနိုင် စသည့် သတင်းနှင့်ဆောင်းပါးများ ပါရှိသည်။

**(မြန်မာ့အလင်း)**




ဇူလိုင် ၇ ရက်က ရမည်းသင်းနည်းပညာတက္ကသိုလ်၏ တတိယအကြိမ်မြောက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာဗဟုသုတမြှင့်မားရေး စာပေဟောပြောပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်၌ ကျင်းပရာ သိပ္ပံစာရေးဆရာကိုကိုအောင်က ဟောပြောပို့ချစဉ်
(မြန်မာ့အလင်း)

## ဇူလိုင် ၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၆ ခုနှစ် ဇူလိုင် ၈ ရက် (သောကြာနေ့)ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၂၀၀၀ |
| ၂။ | ညွှန့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၃၀၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၂၀၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၅၀၀ မှ ၂၈၅၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆။ | နွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၀၀၀ မှ ၁၉၈၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၈၃၂၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ၊ ပဲခူး) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၁၅ မှ ၁၈၃၅ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မုံရွာ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀ မှ ၆၂၅ |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၃၀၀ မှ ၃၈၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၁၀၀ မှ ၃၉၀၀ |
| ၁၂။ | ငရုတ်ရှည် | အိန္ဒိယ၊ ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၉၅၀ |
| ၁၃။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၁၀၀ |
| ၁၄။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၁၀၃၀ |
| ၁၅။ | သရက်သီး (စိန်တစ်လုံး) | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၅၀၀၀ |
| ၁၆။ | နဂါးမောက်သီး | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

**(မိုး/ဇလ)**


# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

ဗန္ဓုလတံတားမှ နာရီဝက်ခန့်သွားရသော မြေအကျယ် (90'x70')၊ မျက်နှာဝ(90')၊ ရှေ့နောက်(70')ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်သစ်၊ အိမ်အကျယ်(2510 sqft)၊ လူလုံးဝမနေထိုင်ရသေးပါ။ Master Bedroom ခုနစ်ခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း၊ ဘုရားခန်း၊ ဧည့်ခန်းနှစ်ခန်း အခန်းကျယ်၊ TV ကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ၊ ကားနှစ်စီးဆံ့ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master Bedroom တစ်ခန်းပါ၊ Aircon ၁၁လုံး၊ ခန်းဆီးလိုက်ကာတပ်ပြီး၊ ခြံထဲတွင်နားနေရန် ဘန်ဂလိုတစ်လုံးပါ။ ကျွန်းဆက်တီတစ်စုံ၊ ကျွန်းဘုရားစင်၊ ကျွန်းထမင်းစား စားပွဲ+ထိုင်ခုံခြောက်လုံးပါ တစ်စုံ၊ TVစင်၊ TV+အောက်စက်တစ်စုံ၊ အိမ်ပတ်ပတ်လည်တွင် CCTV တပ်ဆင်ပြီး၊ ခြံပတ်လည် ဘုရိတ်စားဆူးကြိုးကာပြီး၊ မြက်ခင်းပြင်အလှပန်းပင်များစိုက်ပြီး၊ ခြံထဲတွင် ကားခြောက်စီးရပ်ထားနိုင်သည်။ မီတာနှစ်လုံး အဆင့်မြင့် ပြင်ဆင်ပြီးတိုက်သစ်။ **ကျပ်သိန်း(4500)**

**ဆက်သွယ်ရန် ဖုန်း -** 09-5178979, 09-420301091, 09-43022828, 09-43292929

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**
ယာဉ်အမှတ် 3E/4375, HOWO A7 T/H ယာဉ်လက်ဝယ်ရှိသူ Smart High Way Co., Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မူဆယ်)မူဆယ်မြို့**

**ဖခင် အမည်မှန်**
ပြည်ခရိုင်၊ရွှေတောင်မြို့၊ အထက(ရွှေတောင်)ဆဋ္ဌမတန်း(A)မှ မနှင်းအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြင့်အောင် ၇/ရတန(နိုင်) ၀၆၇၅၀၆ ဖြစ်ပါသည်။ **ဦးထွန်းမြင့်အောင်**

**အမည် ပြောင်း**
ဦးလင်းကြိုင် ၈/မမန(နိုင်)၀၀၃၅၀၈၏သား မြိုင်မြို့၊ မြို့စိုးကျေးရွာ အထက(ခွဲ) နဝမတန်းမှ မောင်ရွှေနွယ်အား မောင်ရွှေမိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရွှေမိုး**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ယနေ့ဆက်လက်ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၈**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇)ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ချန်ပီယံအသင်း အဖြေထွက်ပေါ်လာနိုင်သည့် ဧယျာရွှေမြေ-ရတနာပုံပွဲစဉ် ပါဝင်နေသည်။

ပွဲစဉ် (၁၇)အဖြစ် ဇူလိုင် ၉ ရက် **(ယနေ့)**တွင် တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် ရခိုင်အသင်း၊ အောင်ဆန်းကွင်း၌ Southern အသင်းနှင့် မကွေးအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Horizon အသင်း၊ ဇူလိုင် ၁၀ ရက်တွင် မုံရွာကွင်း၌ ဧယျာရွှေမြေအသင်းနှင့် ရတနာပုံအသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဇွဲကပင်အသင်း၊ ကျောက်တိုင်ကွင်း၌ ရောဝတီအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁၆) အပြီးတွင် ရတနာပုံအသင်းက ၄၄ မှတ်ဖြင့် ထိပ်ဆုံးမှ အမှတ်ပြတ်ဦးဆောင်နေပြီး မကွေးအသင်းက ၂၈ မှတ်၊ လက်ရှိချန်ပီယံ ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့က ၂၆မှတ်စီ၊ ဧယျာရွှေမြေအသင်းက ၂၅မှတ်၊ ဇွဲကပင်အသင်းနှင့် ရောဝတီအသင်းတို့က ၂၄ မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ၂၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၈ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်၊ Horizon အသင်းက ခြောက်မှတ်ရရှိထားသည်။

ရတနာပုံအသင်းသည် လက်ကျန်ခြောက်ပွဲအလိုတွင် ၁၆ မှတ် အသာရထားရာ ယခုပွဲတွင် အနိုင်ရရုံဖြင့် ချန်ပီယံဆုကို စောစီးစွာ ရယူနိုင်တော့မည်ဖြစ်သည်။ ရတနာပုံအသင်းအနေဖြင့် ယခုရာသီတွင် ရှုံးပွဲမရှိသေးသော်လည်း ဧယျာရွှေမြေအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သောကြောင့် ခက်ခက်ခဲခဲ ရုန်းကန်ရဖွယ်ရှိနေသည်။ ထို့ပြင် အမာခံကစားသမားအချို့ ပါဝင်နိုင်မည်မဟုတ်ရာ ရတနာပုံအသင်း အဝေးကွင်း၌ ရှုံးပွဲမရှိ စံချိန်ဆက်ထိန်းပြီး ချန်ပီယံဆုအတွက် လိုအပ်နေသည့် အနိုင်သုံးမှတ်ကို ရယူနိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေသည်။

ဧယျာရွှေမြေနှင့် ရတနာပုံပွဲစဉ်သည် အညာဒါဘီပွဲစဉ်ဖြစ်သောကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်မည့်ပွဲဖြစ်သည်။ ရတနာပုံအသင်း၏ ယခုရာသီအားသာချက်မှာ နေရာစုံမှ ကစားသမားများ ဂိုးသွင်းနိုင်ခြင်းနှင့် အရန်အင်အား တောင့်တင်းခြင်းတို့ကြောင့် ပြိုင်ဖက်များထက် သိသိသာသာ အသာရခဲ့ခြင်းဖြစ်သည်။ ဧယျာရွှေမြေအသင်းသည် ဒုတိယအကျော့တွင် ရလဒ်ကောင်းလာသော်လည်း နောက်ဆုံးပွဲတွင် ဇွဲကပင်ကို ရှုံးခဲ့သောကြောင့် ယခုပွဲကို အားထည့်ကစားဖွယ်ရှိနေသည်။ ဒါဘီပွဲ၏ အစဉ်အလာအတိုင်း ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်သည်။

**ရဲရင့်ရှိုင်း**

■ *ကျောဖုံးမှ*

မြန်မာ ယူ -၁၉ အသင်းကို ယူ - ၂၀ ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ဂျာမန်လူမျိုးနည်းပြ ဂတ်ဖရိုင်းဒရစ်နှင့် ကာလရှည်လက်တွဲခဲ့သည့် နည်းပြဦးညီညီလတ်က မြန်မာ ယူ-၁၆ အသင်းကို ကိုင်တွယ်နေခြင်းဖြစ်ပြီး အသင်းကစားပုံ၊ ကစားသမားများ၏ ကြိုးစားအားထုတ်မှုအပိုင်းတို့ကို အကောင်းဆုံးနှင့် အမြင့်ဆုံးရောက်ရှိအောင် လေ့ကျင့်ပြင်ဆင်ထားသည်။

မြန်မာ ယူ-၁၆ အသင်းသည် ကစားသမားများ အတွေ့အကြုံရရှိစေရန် ပထမတန်း လူငယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲမတိုင်မီ တစ်ပွဲတည်းသော နိုင်ငံတကာ ခြေစမ်းပွဲအဖြစ် ကမ္ဘောဒီးယား ယူ -၁၆ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာလူငယ်အသင်းများအနေဖြင့် ယခုနောက်ပိုင်းနှစ်များ၌ အာဆီယံအဆင့် လူငယ်ပြိုင်ပွဲများတွင် အောင်မြင်မှုနှင့် ဝေးကွာလျက်ရှိသည်။ မြန်မာဘောလုံးပရိသတ်များကလည်း မြန်မာဘောလုံးအသင်းအား နိုင်ပွဲရရှိရေး လိုလားလျက်ရှိသည်။ မြန်မာဘောလုံးအသင်းများသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများစွာ ယှဉ်ပြိုင်ရန်ရှိနေသဖြင့် ပရိသတ်စိတ်ကျေနပ်နိုင်ရန် အောင်မြင်မှုများ ရယူနိုင်မလားဆိုသည်မှာမူ ...။

# ကမ္ဘာ့ချန်ပီယံဂျာမနီ ပြင်သစ်ကိုရှုံးနိမ့်၊ ယူရို ၂၀၁၆ ဗိုလ်လုပွဲ ပေါ်တူဂီနှင့် ပြင်သစ်တွေ့ပြီ

ယူရို ၂၀၁၆ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ဂျာမနီနှင့် ပြင်သစ်တို့ ဇူလိုင် ၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ပြင်သစ်က နှစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ **(ယာပုံ)**

ယင်းပွဲတွင် ဂျာမနီအသင်းသည် ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရသည့်အတွက် နည်းပြ ဂျိုအာချင်လိုသည် ကစားကွက် အပြောင်းအလဲများပြုလုပ်ခဲ့ပြီး ၄-၁-၄-၁ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် သောမတ်စ်မူလာကို အထောင်ထားကာ ပွဲထွက်လာသည်။ ပြင်သစ်မှာ ၄-၂-၃-၁ ကစားကွက်ဖြင့် ဂျီရောဒ်ကို အထောင်ထားခဲ့သည်။ ပွဲအစပိုင်းတွင် ဂျာမနီအသင်းသည် ကွင်းလယ်အသာစီးဖြင့် ပြင်သစ်ဘက်သို့ တိုက်စစ်ဖွင့်ခြိမ်းခြောက်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် အိမ်ရှင်ပြင်သစ်အသင်း တန်ပြန်တိုက်စစ်မှ ဂျာမနီ ဂိုးစည်းအတွင်းတွင် အသင်းခေါင်းဆောင် ရှဝိန်းစတိုင်ဂါ လက်ထိခဲ့၍ ပြင်သစ်တို့ ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို တိုက်စစ်မှူး ဂရေ့စ်မန်းက သွင်းယူခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၇၂ မိနစ်တွင် ပြင်သစ်အတွက် ဒုတိယဂိုးကို ဂရေ့စ်မန်းက ပေါ့ဂ်ဘာ၏ ဖန်တီးမှုမှ ထပ်မံသွင်းယူခဲ့သည်။ ဂရေ့စ်မန်းသည် ပွဲစဉ်တစ်လျှောက် ခြောက်ဂိုးသွင်းယူထားသည်။ ဂျာမနီအသင်းသည် နောက်တန်းတွင် အဓိကကစားသမားဖြစ်သော ဟမ်မဲ မပါဝင်နိုင်သလို ဒုတိယပိုင်းတွင်လည်း ဘိုတန်ဒူးဒဏ်ရာကြောင့် လူစားလဲခံရသည်။ ယနေ့ပွဲတွင် ဂျာမနီအသင်းသည် ဘောလုံးပိုင်ဆိုင်မှုတစ်ချိန်လုံး အသာစီးရရှိခဲ့ပြီး ပြင်သစ်မှာ တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရသည်။ ဂိုးပေါက်ခြိမ်းခြောက်မှု ၁၃ ကြိမ်အနက် ခြောက်ကြိမ်ဂိုးပေါက်တည့်ပြီး ပြင်သစ်က ၁၂ ကြိမ်ရရှိကာ ခုနစ်ကြိမ် ဂိုးပေါက်တည့် ခဲ့သည်။ ယင်းပွဲတွင် ကွင်းလယ်ဒိုင် အီတလီနိုင်ငံသား နီကိုလာရစ်ဇိုလီသည် အိမ်ရှင်ပြင်သစ်ဘက်သို့ အနည်းငယ် အလေးပေးသယောင်ရှိခဲ့သည်။

ယူရို ၂၀၁၆ နောက်ဆုံးဗိုလ်လုပွဲကြီးကို ဇူလိုင် ၁၁ ရက် နံနက် ၁ နာရီခွဲတွင် ပေါ်တူဂီနှင့် အိမ်ရှင်ပြင်သစ်တို့သည် စိန့်ဒန်းနစ်မြို့တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ကွင်းလယ်ဒိုင်အဖြစ် အင်္ဂလန်နိုင်ငံသား မက်ခ်ကလတ်တန်ဘတ်က တာဝန်ယူမည်ဖြစ်သည်။

**သီဟ**





ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၅၂၇၇၆ HARRY STAR- 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းအေး ၁၄/ပသန(နိုင်)၂၆၁၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့၊ အထက တက္ကသိုလ်ဝင်တန်း (E)မှ မောင်မျိုးဇော်ဇော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းနိုင် ၇/အတန(နိုင်)၀၃၁၉၈၂ ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်းနိုင်**

**မိဘအမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့၊ အထက တက္ကသိုလ်ဝင်တန်း (A)မှ မယုနင်းဝေ၏ မိဘအမည်မှန်မှာ ဦးဇော်လင်းအောင် ၇/အတန(နိုင်)၁၅၉၂၉၄နှင့် ဒေါ်အေးစန္ဒာစိမ့် ၇/အတန(နိုင်)၁၂၀၇၆၄ ဖြစ်ပါကြောင်း။

**ဦးဇော်လင်းအောင်-ဒေါ်အေးစန္ဒာစိမ့်**

**အောင်ပြည့်စုံ**

**အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း /နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။**

**09-250095114**
**09-421041338**
**09-73224763**

**ခုံသမာဓိကောင်စီဝင် (အလုပ်သမားကိုယ်စားလှယ်)**

**ရွေးချယ်ပွဲဖိတ်ကြားလွှာ**

၁။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဖြေရှင်းဆုံးဖြတ်ပေးသည့် ခုံသမာဓိကောင်စီကို ဥပဒေရေးရာကျွမ်းကျင်သူများ၊ အလုပ်သမားရေးရာကျွမ်းကျင်သူများနှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် ပုဂ္ဂိုလ်များထဲမှ ဝန်ကြီးဌာနက ရွေးချယ်သူပုဂ္ဂိုလ် ငါးဦး၊ အလုပ်ရှင်အဖွဲ့အစည်းများမှ ၅ဦး၊ အလုပ်သမားအဖွဲ့အစည်းများမှ ငါးဦးဖြင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိဖွဲ့စည်းထားသည့် ခုံသမာဓိကောင်စီ၏ သက်တမ်းသည် နှစ်နှစ်ပြည့်ပြီးဖြစ်၍ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၀နှင့် ၂၁ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အလုပ်သမားကိုယ်စားလှယ်များအား အလုပ်သမားအဖွဲ့အစည်းများမှ ၎င်းတို့၏ဆန္ဒနှင့်အညီ လွတ်လပ်စွာ ရွေးချယ်နိုင်ရန်အတွက် ဖိတ်ကြားထားပြီးသော အလုပ်သမားအဖွဲ့ချုပ်များအပြင် မြို့နယ်အလုပ်သမားအဖွဲ့အစည်းများ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းများမှ တစ်ဖွဲ့လျှင် ကိုယ်စားလှယ် နှစ်ဦးစီ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၂-၇-၂၀၁၆ရက် (အင်္ဂါနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀နာရီ
**ကျင်းပမည့်နေရာ** - ကနောင်ခန်းမ၊ ရွှေပြည်သာစက်မှုဇုန် (၂၊ ၃၊ ၄)၊ ရွှေပြည်သာတံတားလမ်းထောင့်နှင့် ဘုရင့်နောင်လမ်းထောင့်၊ ရွှေပြည်သာမြို့နယ်

၂။ ဖိတ်ကြားစာပေးပို့ထားသော်လည်း ဖိတ်ကြားစာမရရှိသည့် အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် ဤကြော်ငြာစာတွေ့ရှိက တက်ရောက်နိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

**အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန**

**အမည်မှန်**

ဖားကန့်မြို့နယ်၊ အထက(ခွဲ) လဝါး၊ တတိယတန်းမှ မဂျာခေါင်အား မနန်ရာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနန်ရာ**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ဦးထွန်းအောင် ၁၂/ရကန(နိုင်)၀၂၁၆၅၂-ဒေါ်ခင်အေး ၁၂/ရကန(နိုင်)၀၂၁၆၅၃ တို့၏သမီး မခင်မျိုးဦး ၁၂/ရကန(နိုင်)၀၆၆၇၉၅သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၅-၇-၂၀၁၆ ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး လုံးဝတာဝန်မယူပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးထွန်းအောင် ၁၂/ရကန(နိုင်)၀၂၁၆၅၂**
**အမှတ် ၂၁၃(B) နောင်ရိုး ၃ လမ်း၊ (၁၁)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်**

**ပျောက်ဆုံးကြောင်း**

WILMAR MYANMAR PORT TERMINALS (Thilawa) LIMITED၏ သွင်းကုန်လိုင်စင်အမှတ် (YIL8 15-16 4921) 9/3/16 လိုင်စင်မူရင်းနှင့်သွင်းကုန်ကြေညာလွှာအမှတ် 939444(29/3/16) မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၇၃၁၂၇၉၃၂၊ ၀၉-၇၉၅၅၂၇၂၆၄

**ဒေါ်ယဉ်ယဉ်မော် ၁၃/ကခန(နိုင်)၀၁၀၀၀၈၊ စွမ်တော်ရပ်ကွက်၊ မူဆယ်မြို့နှင့် ဒေါ်ကျန်ရွှမ်းဂျီ ၁၃/ကခန(နိုင်)၀၁၉၁၁၆၊ ရွှေသမင်ကွက်သစ် မူဆယ်မြို့တို့သိစေရန် ကြေညာအပ်ပါသည်**

ကျွန်ုပ်တို့၏ အမှုသည် ဒေါ်လီဟွေကုတ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြားသိစေအပ်ပါသည်။

၁။ မူဆယ်မြို့၊ မန့်ဝိန်းရပ်ကွက်၊ အိမ်အမှတ် (၁၈၀)တွင်နေထိုင်သူ ဒေါ်လီဟွေကုတ် ၁၃/ကခန(နိုင်)၀၂၃၂၈၈ ကိုင်ဆောင်သူ ကျွန်ုပ်၏အမှုသည်က ၎င်းပိုင်ဆိုင်သည့်မြေကွက်ဖြစ်သော မူဆယ်မြို့ ရွှေသမင်ကွက်သစ် မြေကွက်အမှတ် ၁၅၂ မြေဧရိယာ ၀ဒသမ၀၉၆ဧကရှိ အိမ်ဝိုင်းမြေနှင့်ပတ်သက်၍ မူဆယ်မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ စာချုပ်မှတ်ပုံတင်မှတ် (၃၄၀) ဖြင့် (၁၄-၈-၂၀၀၈)ရက်က ဒေါ်ကျန်ရွှမ်းဂျီထံ အထူးကိုယ်စားလှယ် လွှဲအပ်ခဲ့ပါသည်။

၂။ အဆိုပါကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်း ၂၄-၄-၂၀၁၆ရက်တွင် မြန်မာ့အလင်းသတင်းစာ၌ကြေညာခဲ့ပြီး မူဆယ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ အထူးကိုယ်စားလှယ်လွှဲစာအား သက်ဆိုင်ရာရုံးတွင် မှတ်ပုံတင်ထားရှိပါသဖြင့် မှတ်ပုံတင်ပယ်ဖျက်သည့်ကိစ္စကို ဆက်လက်ဆောင်ရွက်ရန်ရှိပါ၍ လူကြီးမင်းတို့လက်ဝယ်တွင်ရှိနေသော အထူးကိုယ်စားလှယ်လွှဲစာမူရင်းကို ကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ကျွန်ုပ်၏အမှုသည် ဒေါ်လီဟွေကုတ်ထံသို့ ပြန်လည်အပ်နှံပေးပါရန် အကြောင်းကြားပါသည်။

၁၀ရက်အတွင်း အထူးကိုယ်စားလှယ်လွှဲစာမူရင်းအား အပ်နှံခြင်းမရှိပါက နောက်ဆက်တွဲဖြစ်လာသောပြဿနာများသည် လူကြီးမင်းတို့၏တာဝန်သာဖြစ်ပြီး ကျွန်ုပ်တို့ဘက်မှလည်း ဥပဒေအရအရေးယူရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးယုယုသွယ်** | **ဒေါ်နန်းအေးကြည်** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၂၇၅၅၄** | **စဉ်-၃၃၈၂၁** |
| **ဟ-၃/၅၈၊ ဟိုမွန်ရပ်ကွက်၊** | **ခ/၂၀၄၊ ခရစ်ယာန်ရပ်ကွက်၊** |
| **မူဆယ်မြို့၊** | **မူဆယ်မြို့၊** |
| **ဖုန်း-၀၉-၄၀၃၇၃၆၂၂၆** | **ဖုန်း-၀၉-၂၅၃၄၁၁၆၁၇** |

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံး၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် နိုင်ငံ့ဝန်ထမ်းလက်စွဲစာစောင် ပုံနှိပ်ချုပ်လုပ်ရန်အတွက် တင်ဒါတင်သွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ ပုံနှိပ်ချုပ်လုပ်သည့် နိုင်ငံ့ဝန်ထမ်းလက်စွဲစာစောင်နှင့် ပတ်သက်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရွယ်အစား - အလျား၇လက်မ၊ အနံ ၄.၅လက်မ
(ခ) စာမျက်နှာ - ၇၀
(ဂ) အဖုံး - အပြာရောင်(ကြွေ)

၃။ ပုံနှိပ်ချုပ်လုပ်ခြင်းကို စိတ်ပါဝင်စားသည့် ပုံနှိပ်တိုက်များအနေဖြင့် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၉၀၅၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်း၍ ဝယ်ယူနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၇-၂၀၁၆ရက် (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၁-၈-၂၀၁၆ရက် ၁၃း၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ရုံးအမှတ် ၁၇၊ နေပြည်တော်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်းနှင့် ပညာလမ်းထောင့် အမှတ် ၉၇၁ ၏ ကန်ထရိုက်နှင့်သက်ဆိုင်သော အိမ်ခန်းဝယ်ယူထားသူများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ် ၉၇၁နေ ဦးညွန့်လှ ၁၂/ဥကတ(နိုင်)၀၀၄၁၃၆နှင့် ဦးကိုလေး ၁၂/ဥကတ(နိုင်)၀၄၁၄၂၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်းနှင့် ပညာလမ်းထောင့်၊ အမှတ် ၉၇၁တွင် ၁၂ ခန်းတွဲ ခြောက်ထပ်တိုက်ဆောက်လုပ်ခဲ့ရာယခုအခါ ဆောက်လုပ်ပြီးစီး၍ BCC လျှောက်ထားစစ်ဆေးပြီးသောအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ကန်ထရိုက်ထံမှ ဝယ်ယူသူများသည် မြေပိုင်ရှင်အား အသိပေးခဲ့ခြင်းမရှိသကဲ့သို့ ပိုင်ဆိုင်မှုအရှုပ်အရှင်းများ ပေါ်ပေါက်နေသည်ကိုသိရှိရပါသည်။ ကန်ထရိုက်ရောင်းချခွင့်ရှိသော တိုက်ခန်းများအား တရားဝင် ပိုင်ဆိုင်သည်ဟုဆိုသူများအနေနှင့် ကန်ထရိုက်သော်လည်းကောင်း၊ တရားရုံးမှ အခန်းလက်ရောက် ရထိုက်ကြောင်း ဒီကရီတစ်ရပ်ရပ်ပြသနိုင်မှသာလျှင် အခန်းပေါ်တက်ခွင့်ပြုမည်ဖြစ်ကြောင်း အထက်ပါအထောက်အထားတစ်စုံတစ်ရာမပြသနိုင်ပါက မည်သူ့ကိုမျှ အခန်းတွင်းသို့ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညွန့်လှနှင့် ဦးကိုလေးတို့၏ ညွှန်ကြားချက်အရ-**

**U Myint Aung-B.A, DIP (RUSSIAN)**
**HIGHER GRADE PLEADER (3951)**
**No.58/60 1st Floor, Mahabandoola Garden Street, Yangon**
**09-73044564, 09-972200711, 09-798187989**

## ဘေးရန်များအတွက် ကြိုတင်စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေး

**မော်လမြိုင် ဇူလိုင် ၈**

မွန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်လျှော့ချရေး အလုပ်အဖွဲ့ (DRR Working Group)တို့ ပူးပေါင်း၍ UNOCHA ၏ နည်းပညာပံ့ပိုးမှုဖြင့် ပြည်နယ်အဆင့်ဖြစ်လာနိုင်သော ဘေးရန်များအတွက် ကြိုတင်စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၅ ရက်က မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ပအိုဝ်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က အမှာစကားပြောကြားပြီး ဆွစ်ဇာလန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ပြည်နယ်တာဝန်ခံ Mr .Markr က အလုပ်ရုံဆွေးနွေးပွဲ စီစဉ်ဆောင်ရွက်မှုကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဖြစ်လေ့ဖြစ်ထရှိသော ဆုံးရှုံးမှုများကို ဆန်းစစ်လေ့လာခြင်းနှင့်စောင့်ကြည့်ခြင်း၊ ယူဆချက်များ၊ စွမ်းဆောင်ရည်များနှင့် သဘောတူညီထားသော scenario များကို စီစဉ်ရေးဆွဲခြင်း၊ တုံ့ပြန်မှုနည်းဗျူဟာများ၊ စီစဉ်မှုများကို ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာစီစဉ်မှုများ၊ လုပ်ငန်းလုပ်ဆောင်မှုဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်များ၊ ကွာဟမှုများသတ်မှတ်ချက်များနှင့် ထောက်ခံဆွေးနွေးချက်များ စသည့်ကဏ္ဍ(၇)ရပ်ကို အဓိကထား၍ နှစ်ရက်ကြာဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ပေးအပ်

**လက်ပံတန်း ဇူလိုင် ၈**

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းသို့ မော်လမြိုင်၊ မကွေး၊ လက်ပံတန်း GTI ကျောင်းများအတွက် တရုတ်နိုင်ငံမှလှူဒါန်းသည့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဇွန်လနောက်ဆုံးပတ်က အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးစည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ ပညာရေးဝန်ကြီးဌာန အမြဲတန်းအတွင်းဝန် ဦးကျော်စွာဦး၊ ASEAN-CHINA CENTER မှ အထွေထွေအတွင်းရေးမှူး Ms. Yang အမှာစကားပြောကြားပြီး YALONG Co.Ltd မှ Mr. Zhu Zhiyang က သင်ထောက်ကူပစ္စည်းများ လှူဒါန်းရသည့်အကြောင်း ရှင်းလင်းပြောကြားသည်။

**သန့်ဇော်(ပြန်/ဆက်)**

## မိုးရွာသွန်းမှုနည်းနေ၍ ငါ့သရောက်မြို့ မြနန္ဒာကန်တော်ကြီး ရေခန်းခြောက်ပြီး ဒေသခံပြည်သူများ သောက်သုံးရေအတွက် အခက်ကြုံနေ

**ငါ့သရောက် ဇူလိုင် ၈**



မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ယခုနှစ်မိုးဦးကာလက မိုးရွာသွန်းခဲ့သော်လည်း နောက်ပိုင်းတွင် မိုးရွာသွန်းမှု လျော့နည်းနေသည့်အတွက် မြို့ပေါ်ရပ်ကွက်လေးခုနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားနေရသည့် မြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်အတွင်းသို့ ယခုအချိန်ထိ မိုးရေများသိသိသာသာဝင်ရောက်ခဲ့ခြင်းမရှိသေးဘဲ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် အခက်အခဲများ ကြုံတွေ့နေရကြောင်း ငါ့သရောက်မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ဒီနှစ်မိုးရွာသွန်းမှုက ပြီးခဲ့တဲ့နှစ်တွေထက် ပိုဆိုးလာပါတယ်။ ပြီးခဲ့တဲ့နှစ်က ဒီအချိန်အထိ မိုးခေါင်နေတာမျိုး မဖြစ်ခဲ့ပါဘူး။ ဒီနှစ်တော့ မိုးခေါင်နေလို့ ကျွန်တော်တို့ မြို့ပေါ်ရပ်ကွက်က ဒေသခံတွေနဲ့ မြို့နဲ့ အနီးဝန်းကျင်မှာရှိတဲ့ ပြည်သူတွေအတွက် သောက်သုံးရေမှီခိုအားထားပြုရတဲ့ မြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်ဟာ ရေခန်းခြောက်နေတာကြာပါပြီ။ အခုဆိုရင် ကျွန်တော်တို့ မြို့ပေါ်မှာရှိတဲ့ ဒေသခံတွေ မိုးမရွာလို့ သောက်သုံးရေအခက်အခဲများနဲ့ ကြုံတွေ့နေရပါတယ်" ဟု ငါ့သရောက်မြို့ အမှတ်(၂)ဈေးကုန်းရပ်ကွက်မှ ဒေသခံတစ်ဦးကပြောသည်။

ယခုလို သောက်သုံးရေ အခက်အခဲဖြစ်နေချိန်တွင် အနယ်နယ်အရပ်ရပ်မှ ရေအလှူရှင်များနှင့် ပရဟိတအသင်းအဖွဲ့များက သောက်သုံးရေများ စဉ်ဆက်မပြတ် လာရောက်လှူဒါန်းပေးနေသဖြင့်သာ အဆင်ပြေနေခြင်းဖြစ်ပြီး ရေလာလှူသူများကိုလည်း ကျေးဇူးတင်ကြောင်း ၎င်းက ဆက်ပြောသည်။

"ကျွန်တော်တို့ဒေသမှာ ဒီနှစ် မိုးခေါင်ချက်ကတော့ မြို့နယ်အတွင်းမှာရှိတဲ့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင် နေကြတဲ့ တောင်သူတွေလည်း ညည်းနေကြပြီး မိုးရွာသွန်းဖို့ မျှော်လင့်နေကြပါတယ်။ မိုးမရွာတော့ သောက်သုံးရေအတွက် အခက်အခဲဖြစ်ရသလို သီးနှံစိုက်ခင်းတွေလည်း ပျက်စီးဆုံးရှုံးမှုတွေဖြစ်ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူတွေနဲ့ အနီးဝန်းကျင်က ကျေးရွာတွေက ပြည်သူတွေ သောက်သုံးရေ အခက်အခဲမဖြစ်အောင် မိုးရွာသွန်းစေချင်ပါတယ်။ မိုးရွာမှ တောင်သူတွေအတွက်လည်း အကျိုးဖြစ်ထွန်းမှာပါ။ ခုချိန်ထိတော့ ကျွန်တော်တို့မြို့နယ်မှာ မိုးရွာသွန်းမှုနည်းနေလို့ မြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်ဟာ ရေခန်းခြောက်နေတုန်းပါပဲ"ဟုလည်း ဒေသခံတစ်ဦးကပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## တူးမြောင်းကူး တံတားကျိုးကျသဖြင့် အသစ်ဆောက်လုပ်ပြုပြင်

**ခင်ဦး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပေါင်းလဲကုန်းကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာအနီး S.M.C တူးမြောင်းပေါ်ရှိ သစ်သားတံတားမှာ ဇွန်လနောက်ဆုံးပတ်က ကျွဲအုပ်များ လယ်တောမှအပြန် ဖြတ်ကူးနေစဉ် တံတားအရှေ့ထိပ် နှစ်ခန်းမှာ ပြိုကျပျက်စီးသွားခဲ့သည်။



တူးမြောင်းပေါ်ရှိ သစ်သားတံတားကျိုးကျခဲ့သဖြင့် ဇူလိုင် ၄ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် ဒေသခံများ ကိုယ့်အားကိုယ်ကိုး စုပေါင်းပြီး ပြုပြင်ဆောင်ရွက်ခဲ့ရာ ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါတံတားအား မူးအရှေ့ဘက်ရှိ လယ်ဧက ၂၀၀ ကျော်သို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် ဒေသခံတောင်သူများ အားထားအသုံးပြုနေရကြောင်း သိရသည်။

ယင်းတံတားအစား ၂၀၀၁ ခုနှစ်က ဆည်မြောင်းဦးစီးဌာနက တံတားအသစ်ဆောက်လုပ်ရန် ကွန်ကရစ်တိုင်များ ဆောက်လုပ်ထားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် မိုးစပါး အောင်ရေလွှတ်ပြီးချိန် ဒီဇင်ဘာ(ပထမပတ်) ရေဖြတ်ချိန်တွင် R.C တံတားဆောက်လုပ်ပေးရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး ကျေးရွာချင်းဆက် ရေဆိုးထုတ်ချောင်းကူးတံတားကိုပါ ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းက ပြောသည်။ **ခင်ဦးစိုးဝေ**

## ကျေးရွာချင်းဆက်လမ်းပေါ် ရေကျော်တံတားတည်ဆောက်မှု ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးနေ

**စဉ့်ကူး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း ရွှေပြည်-ကျောက်နွား ကျေးရွာချင်းဆက် ကျောက်ချောလမ်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၄၀ ဖြင့် အရှည်ပေ ၂၀၀၊ အကျယ်ပေ ၂၀ ရှိ ရေကျော်တစ်ခုကို တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး မကြာမီ လုပ်ငန်းအားလုံးပြီးစီးကာ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးအတွက် လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းတွင် ၂၀၁၀ ခုနှစ်ကပင် ရေတိုက်စားခဲ့၍ လမ်းပိုင်းပေါ်မှ ပေ ၂၀၀ ခန့်တွင် ပျက်စီးခဲ့ပြီး ဒေသခံပြည်သူများအတွက် သွားလာရေးခက်ခဲနေခဲ့သည်မှာ နှစ်အတန်ကြာပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်**

## အရည်အသွေးကောင်းမွန်သော စဉ့်အိုးကြီးများထုတ်လုပ်သည့် ရွှေဂွန်ကျေးရွာ

**ကျောက်မြောင်း ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်အတွင်းရှိ ရွှေဂွန်ကျေးရွာသည် နာမည်ကျော်စဉ့်အိုးကြီးများကို အဓိကထုတ်လုပ်သည့်ဒေသအဖြစ် ထင်ရှားလျက်ရှိပြီး အရည်အသွေးကောင်းမွန်သည့် စဉ့်အိုးကြီးများကိုထုတ်လုပ်လျက်ရှိကြောင်း ၎င်းဒေသခံများပြောကြားချက်အရ သိရသည်။



မြန်မာနိုင်ငံတွင် အိုးထုတ်လုပ်သည့်ထင်ရှားသည့်ဒေသများအနက် ရွှေဂွန်ကျေးရွာသည် စဉ့်အိုးတစ်မျိုးတည်းသာ ဦးစားပေးလုပ်ကိုင်သည့်ရွာအဖြစ် နှစ်ပေါင်းများစွာရပ်တည်လာခဲ့ကြောင်း စဉ့်အိုးကြီးများကို ကျွမ်းကျင်စွာပြုလုပ်နေသူ ဒေသခံ ဦးဗလက ပြောကြားသည်။

"ဒီရွာမှာက မျိုးရိုးစဉ်ဆက် ဒီလုပ်ငန်းနဲ့ပဲ အသက်မွေးကြတာပါ။ မိရိုးဖလာအလုပ်လို့လည်း ပြောလို့ရပါတယ်။ ကျွန်တော်တို့ရွာက စဉ့်အိုးတွေက အချိန် ၁၅၀ လောက်အထိ ထည့်လို့ရတဲ့ အိုးကြီးတွေပေါ့။ မြေဝါနဲ့ မြေနီနှစ်မျိုးကို စံနှုန်းအတိုင်းရောစပ်ပြီး နည်းစနစ်ကောင်းကောင်းနဲ့ပြုလုပ်ထားတဲ့အတွက် ခိုင်ခံ့မှုကတော့ အထူးပြောစရာမလိုပါဘူး။ သုံးစွဲသူအားလုံးသိကြပါတယ်။ ကျွန်တော်တို့က တစ်အိုးကို ငွေကျပ် ၃၀၀၀ နှုန်းနဲ့ လက်ခစားဝင်လုပ်တာဆိုတော့ နေ့စဉ် သုံးလုံးနဲ့ လေးလုံးပြီးအောင် ကြိုးစားလုပ်ရပါတယ်"ဟု ၎င်းကပြောသည်။

ထို့အပြင် ဒေသခံအမျိုးသမီးများကလည်း စဉ့်အိုးလုပ်ငန်းတွင် မြေကြိတ်ခြင်း၊ စဉ့်အိုးအောက်ခံပြားပြုလုပ်ခြင်းတို့ဖြင့် နေ့စဉ်ဝင်ငွေကျပ် ၂၅၀၀ အထိ ရရှိကြသည်။

အဆိုပါစဉ့်အိုးများကို ယင်းရွာမှ အလုံးရေ ၁၀၀၀ ဆံ့သင်္ဘောကြီးများဖြင့် သယ်ဆောင်ကာ ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်၊ မြောင်းမြနှင့် လပွတ္တာမြို့များသို့ တစ်အိုးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဖြန့်ချိရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဘက်ထရီရှော့တိုက်မှုနှင့်ငါးထောင်ချောက်များအား ဖမ်းဆီးစစ်ဆေး



**မင်းဘူး ဇူလိုင် ၈**
မင်းဘူးခရိုင်အတွင်းရှိ ရေဝတီမြစ်ကြောင်းတစ်လျှောက်နှင့် မန်းချောင်း၊ မုန်းချောင်းများအတွင်း ငါးရစ်ငါးသန်များ သားပေါက်ကာလအတွင်း ငါးဖမ်းဆီးမှုမပြုလုပ်ရေးကို ကျေးရွာများရှိ ရေလုပ်သားများအား ကြိုတင်ပညာပေးဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး ဇူလိုင်လဆန်းပိုင်းမှစ၍ ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုနှင့် ငါးထောင်ချောက်များဖြင့် ငါးဖမ်းဆီးမှုများအား ကွင်းဆင်းစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်က မင်းဘူးမြို့နယ် လက်ပံတောကျေးရွာအနီး ရေဝတီမြစ်အတွင်း၌ ငါးမျိုးမကြီးများကို ထောင်ဖမ်းဆီးသည့် ငါးထောင်ချောက်(တုတ်) ၁၂ လုံးနှင့် တန်းပိုက်ငါးခုကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများမှ ရေဝတီမြစ်ကြောင်းတစ်လျှောက်နှင့် မန်းချောင်း၊ မုန်းချောင်းများအတွင်း ငါးရစ်ငါးသန် သားပေါက်ကာလအတွင်း ငါးဖမ်းဆီးမှုမရှိစေရေးနှင့် ရေဝတီလင်းပိုင်များ ဝင်ရောက်မှု ရှိ၊ မရှိ နေ့စဉ်ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။
**တင်ထွန်းဦး(မင်းဘူး)**

# တရုတ်နိုင်ငံမှ သင်ကြားမှုအထောက်အကူပြု ပစ္စည်းများ လွှဲပြောင်းပေးအပ်

**လက်ပံတန်း ဇူလိုင် ၈**
သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်းသို့ တရုတ်နိုင်ငံက လှူဒါန်းသည့် သင်ကြားမှုအထောက်အကူပြု ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဇွန်လ နောက်ဆုံးပတ်က အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်စွာဦး၊ ASEAN-CHINA CENTER မှ အထွေထွေအတွင်းရေးမှူး Ms. Yang Xiaping၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့က အမှာစကားပြောကြားပြီး YALONG Co.Ltd မှ Mr. Zhu Zhiyang က သင်ထောက်ကူပစ္စည်းများ လှူဒါန်းရသည့်အကြောင်း ရှင်းလင်းပြောကြားသည်။

လှူဒါန်းသည့်ပစ္စည်းများ လက်ခံရရှိသည့် မော်လမြိုင်၊ မကွေး၊ လက်ပံတန်း GTI ကျောင်းများကိုယ်စား လက်ပံတန်းကျောင်းအုပ်ကြီး ဦးမင်းမင်းဇော်က ကျေးဇူးတင်စကားပြောကြားပြီးနောက် ကျောင်းသား ကျောင်းသူများ၏ လက်တွေ့အသုံးချမှုကို ကြည့်ရှုအားပေးခဲ့သည်။
**သန့်ဇော်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့မြောက်ပိုင်းရပ်ကွက်တွင် ဇူလိုင် ၆ ရက်က အုပ်ချုပ်ရေးမှူးဦးသန့်ဇင်ဌေး၊ တိုက်နယ်ကျန်းမာရေးဌာနကြီးကြပ်(၁) ဦးဇော်လင်းစိုးတို့ဦးဆောင်၍ ရပ်ကွက်နေပြည်သူများ၏ နေအိမ်ရှိ သောက်သုံးရေ၊ မီးသတ်ရေလှောင်ကန်တို့ကို အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်းများအား NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြစဉ်
တင်မြင့်(နတ်တလင်း)

# တောင်ငူမြို့ မိဘမဲ့အမျိုးသမီးကျောင်းရှေ့လမ်း ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းခင်း

**တောင်ငူ ဇူလိုင် ၈**
တောင်ငူမြို့ အမျိုးသမီးမိဘမဲ့ဗေယျာသီရိကျောင်းရှိရာ (၁၈)ရပ်ကွက် သပြေစမ်းလမ်းနှင့် ထီးနီကုန်းရွာမလမ်းမပိုင်းကို ကိုယ့်အားကိုယ်ကိုးရွာခံအားဖြင့် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ အလှူရှင်များလိုအပ်နေကြောင်း သိရသည်။

ထိုလမ်းပိုင်းသည် (၁၈)ရပ်ကွက်နှင့်မင်းကြီးညို (၂၂) ထီးနီကုန်းရွာမအတွင်းရှိ ရပ်ကွက်စည်ပင်ဈေး၊ ဘုန်းကြီးကျောင်းများ တည်ရှိနေပြီး အများပြည်သူနှင့် ကျောင်းသား ကျောင်းသူ၊ သံဃာများ နေ့စဉ်အသုံးပြုဖြတ်သန်း သွားလာနေသော လမ်းဖြစ်သည်။ ထီးနီကုန်းရွာမနေ ဦးကျော်ဆွေက "အရင်လမ်းက မြေသားဆိုတော့ မိုးတွင်းဆိုချိုင့်တွေ၊ တွင်းတွေနဲ့ လမ်းကပျက်စီးနေပြီး စက်ဘီး၊ ဆိုင်ကယ်စီးသွားရင် လမ်းကချော်နေလို့ အန္တရာယ်အလွန်များတယ်၊ အခုလိုကိုယ့်အားကိုယ်ကိုး လမ်းခင်းလိုက်တော့ အားလုံးအတွက် အဆင်ပြေသွားတာပေါ့"ဟုဆိုသည်။ ဆက်လက်၍လမ်းပိုင်းကို စီစဉ်ဆောင်ရွက်နေသူတစ်ဦးက "ဒီလမ်းက အလျားပေ ၈၅၀ ရှိတယ်။ အခုခင်းထားတာ ပေ ၃၀၀ ကျော်လောက်ထိတော့ ပြီးသွားပြီ၊ ရွာခံအားနဲ့စုပေါင်းမတည်ပြီးခင်းခဲ့တာ ထီးနီကုန်းရွာမက ရပ်ကွက်သူ ရပ်ကွက်သားများ ဘေးရပ်ကွက်သူများ ပူးပေါင်းကူညီဆောင်ရွက်ခင်းကျင်းပေးခဲ့ပါတယ်"ဟု ရှင်းပြခဲ့သည်။

ထို့ကြောင့် အဆိုပါလမ်းခင်းခြင်းကို အမြန်ဆုံးအပြီးသပ်ချောမွေ့စွာ ပြီးစီးနိုင်ရန် အလှူရှင်များလိုအပ်လျက်ရှိကြောင်း သိရသည်။
**သူရ(တောင်ငူ)**

# မြေသြဇာ၊ ပိုးသတ်ဆေးဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်း

**လောက်ကိုင် ဇူလိုင် ၈**
လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ် မြေသြဇာ၊ ပိုးသတ်ဆေးဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို ဇူလိုင်လပထမပတ်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်းက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးသိန်းထွန်းက မြေသြဇာ၊ ပိုးသတ်ဆေးဆိုင်ရာဥပဒေများအကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစိုင်းသန်းအောင်က မြေသြဇာ၊ ပိုးသတ်ဆေးဆိုင်ရာ မှတ်ပုံတင်၊ လိုင်စင်လျှောက်ထားခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပုဂ္ဂလိက/ကုမ္ပဏီကိုယ်စားလှယ်များနှင့် တောင်သူများက သိရှိလိုသည့် အချက်အလက်များကို မေးမြန်းပြီး ခရိုင်ဦးစီးအရာရှိက ပြန်လည်ရှင်းပြသည်။
**(ခရိုင် ပြန်/ဆက်)**

# ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မူဆယ် ဇူလိုင် ၈**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ယှဉ်ပြိုင်မှုဆိုင်ရာဌာနခွဲနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Trade Development Program-TDP)တို့ပူးပေါင်း၍ ယှဉ်ပြိုင်မှုဝါဒနှင့် ဥပဒေ၏ အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၆ ရက်က စိန်ရတနာဟိုတယ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးတာဝန်ခံ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက အမှာစကားပြောကြားခဲ့ပြီးနောက် ကုန်သွယ်ရေးဦးစီးဌာန ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ယှဉ်ပြိုင်မှုဝါဒ၏ အဓိကရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် သင်တန်းပို့ချခြင်း၊ ဟောပြောခြင်းအစီအစဉ်များဆောင်ရွက်ခဲ့ပြီး တက်ရောက်ကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။
**သန့်ဇင်(မူဆယ်)**

# ကျန်းမာရေးအသိပညာပေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၈**
နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးရတနာမူကြိုကျောင်းခန်းမ၌ ဇူလိုင် ၅ ရက်က Zifam Co.,Ltd မှ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပွဲတွင် နေပြည်တော်လူမှုဝန်ထမ်းဦးစီးမှူးညွှန်ကြားရေးမှူး ဦးမောင်မောင်တာက အမှာစကားပြောကြားသည်။ ထို့နောက် Zifam Co., Ltd (ဇင်ဖန်)ကုမ္ပဏီလီမိတက်မှ ဒေါက်တာစိုးအိမ္ဗန်က သွေးလွန်တုပ်ကွေးရောဂါဗီကာဗိုင်းရပ်ရောဂါဖြစ်ပွားရခြင်းနှင့် ရောဂါလက္ခဏာများအကြောင်း၊ ခြင်ကြားအန္တရာယ်အကြောင်း သိကောင်းစရာများကို ပရိုဂျက်တာဖြင့်ပြသကာ အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ မင်္ဂလာသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးဦးခင်ဇော်၊ ရင်သွေးရတနာမူကြိုကျောင်းအုပ် ဆရာမကြီးနှင့် ဆရာမများ၊ Zifam Co.,Ltd မှဒေါက်တာစိုးအိမ္ဗန်နှင့် တာဝန်ရှိသူများ၊ ရင်သွေးငယ်များ၏ မိဘများတက်ရောက်ခဲ့ကြောင်း သိရသည်။
**ခင်ဇော်(မင်္ဂလာ)**

# အများပြည်သူ သွားလာနေသည့် လမ်းမပေါ်ရှိ စည်းကမ်းမဲ့တိရစ္ဆာန်များအား ဖမ်းဆီးအရေးယူ

**ဒလ ဇူလိုင် ၈**
ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အများပြည်သူများ သွားလာလျက်ရှိသည့်လမ်းမပေါ်မှ စည်းကမ်းမဲ့တိရစ္ဆာန်များအား ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်တွင် တိရစ္ဆာန်မွေးမြူထားကြသူများ (နွား၊ ဆိတ်)သည် မိမိတို့၏ တိရစ္ဆာန်များအား အများပြည်သူများနှင့်လွတ်ရာတွင် ထိန်းကျောင်းခြင်းမရှိဘဲ ဘေးမဲ့တိရစ္ဆာန်များပမာ လွှတ်ထားရာမှ အများပြည်သူသွားလာလျက်ရှိသည့် လမ်းမများပေါ်တွင် အုပ်စုဖွဲ့ ရပ်တန့်နေခြင်း၊ အုပ်စုဖွဲ့အိပ်စက်နေခြင်းများကြောင့် ယာဉ်မတော်တဆမှု မဖြစ်ပေါ်စေရန် ဤကဲ့သို့လိုက်လံဖမ်းဆီးရခြင်းဖြစ်ကြောင်း သိရသည်။

လမ်းမပေါ်မှ စည်းကမ်းမဲ့တိရစ္ဆာန်များအား တိရစ္ဆာန်ဆေးကုသရေးနှင့် သားသတ်ရုံများဌာန၊ ခရိုင်မှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများကဖမ်းဆီး၍ ဆိတ်များကို ဒလမြို့နယ်စည်ပင်ဝင်းရှိ တိရစ္ဆာန်ထောင်၌ထားရှိ၍ နွားများကို တိရစ္ဆာန်ဖမ်းဆီးရေးယာဉ်ဖြင့် ရွာသာကြီးရှိ စည်းကမ်းမဲ့တိရစ္ဆာန်များ ထိန်းသိမ်းရေးစခန်းသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် လမ်းမများပေါ်ရှိ စည်းကမ်းမဲ့တိရစ္ဆာန်များ ဖမ်းဆီးခြင်းနှင့်ပတ်သက်၍ "အဲဒီတိရစ္ဆာန်တွေက လမ်းပေါ်မှာ အုပ်စုဖွဲ့နေကြတော့ ယာဉ်မတော်တဆမှုတွေ၊ ဈေးဆိုင်တွေ ထိခိုက်မှုဖြစ်ရင် ဘေးမဲ့တိရစ္ဆာန်တွေဆိုပြီး အလျော်မရဘူး၊ အဲဒီတိရစ္ဆာန်တွေကို ဖမ်းပြီဆိုရင် ပိုင်ရှင်ပေါ်လာပြီး စည်ပင်က အဲဒီလိုလမ်းပေါ်ကစည်းကမ်းမဲ့တိရစ္ဆာန်တွေကို ဖမ်းတာကောင်းပါတယ်"ဟု ကမာကသွယ်ရပ်ကွက်နေ ဦးမြစိန်က ပြောသည်။
**မောင်ယဉ်ဦး(ဒလ)**



အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ




## အင်းလေးကန်အတွင်း ငါးသယံဇာတတိုးပွားရေးအတွက် ငါးမျိုးစုံ ကောင်ရေတစ်သိန်းခွဲ မျိုးစိုက်ထည့်

**ညောင်ရွှေ ဇူလိုင် ၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းလေးကန်အတွင်း၌ ငါးသယံဇာတ တိုးပွားရေးအတွက် ငါးမျိုးစိုက်ထည့်ပွဲကို ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် အင်းလေးကန်ရေလယ်ညေ့်ရိပ်သာ၌ ဇူလိုင် ၇ ရက်က ပြုလုပ်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဌေးဦးက အင်းလေးကန်အတွင်း ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက အင်းလေးကန်အတွင်းသို့ ငါးခုံးမကြီး ကောင်ရေရှစ်သောင်း၊ ငါးမြစ်ချင်း ကောင်ရေနှစ်သောင်းနှင့် မြက်စားငါးကြင်း ကောင်ရေငါးသောင်း၊ စုစုပေါင်း ငါးကောင်ရေ တစ်သိန်းငါးသောင်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ငမင်ကျေးရွာမှ ရှမဝစံအိမ်မူလတန်းကြိုကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၇ ရက်က ကျင်းပခဲ့ပြီး ရွာဦးကျောင်း ဆရာတော်ဦးဓမ္မပီယ၊ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဇော်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းဝင်းအတွင်း အရိပ်ရသစ်ပင်များစိုက်ပျိုးပေးခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးက မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူ စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ပြီး ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေ ကျပ် ၁၁၅ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၀၈၅)**

### ခန္တီးမြို့နယ်အတွင်း၌ ဆေးစိမ်ခြင်ထောင်များ အခမဲ့ထောက်ပံ့

ခန္တီးမြို့နယ်အတွင်း ငှက်ဖျားရောဂါကာကွယ်ရေးအတွက် UNOPS မှ ကူညီထောက်ပံ့သည့် ဆေးစိမ်ခြင်ထောင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးတို့ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားများလက်ဝယ်သို့ ဇူလိုင် ၆ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။ ဆေးစိမ်ခြင်ထောင်များကို ပေါ်မိုင်းရပ်ကွက် အုပ်ချုပ်ရေးရုံး၌ ဒေသခံပြည်သူများအား ဖြန့်ဝေပေးခဲ့ပြီး မိသားစုဝင် နှစ်ဦးလျှင် ခြင်ထောင်တစ်လုံးနှုန်းဖြင့် ခန္တီးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာ ၇၄ ရွာမှ ပြည်သူများအတွက် ဆေးစိမ်ခြင်ထောင် ၁၈၄၇၇ လုံးကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်မည်ကို ဒေသခံများ စိုးရိမ်နေ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပွင့်ဖြူ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်မည်ကို ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်လျက်ရှိပြီး ရေကြီးရေလျှံမှုမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများနှင့် ရေအခြေအနေစောင့်ကြည့်မှုများကို ခရိုင်ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် စေတုတ္တရာမြို့အထက်ဘက်ရှိ ရခိုင်ရိုးမမှ စီးဆင်းလာသော မုန်းချောင်းတွင် မုန်းတမံနှင့် ကြီးအုံ-ကြီးဝ ဘက်စုံရေလှောင်တမံတို့ရှိပြီး အဆိုပါ တမံများမှတစ်ဆင့် မဲဇလီရေလွှဲဆည်ကို ဖြတ်သန်းစီးဆင်းလာသော မုန်းချောင်းမှ ရေကြီးရေလျှံမှုဖြစ်ပွားမည်ကို ယခင်နှစ်ဖြစ်စဉ်အရ ဒေသခံပြည်သူများ စိုးရိမ်နေကြခြင်းဖြစ်သည်။

မင်းဘူးခရိုင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ဇူလိုင် ၆ ရက် ညနေ ၆ နာရီ တိုင်းတာချက်အရ မုန်းချောင်းတမံက ကန်ရေပြည့် ၅၂၀ ပေ ရှိတယ်။ ယခု ၅၂၃ ပေ ၃ လက်မရှိတယ်။ စိုးရိမ်ရေအမှတ်မရှိပါဘူး။ ရေပိုလွှဲပေါက်ကနေ ပုံမှန်စီးဆင်းနေတယ်။ ကြီးအုံ-ကြီးဝ တမံက ကန်ရေပြည့် ၃၄၄ ပေ ထိရှိတာ၊ ယခု ၃၄၈ ပေရှိတော့ ၄ ပေလောက် ရေပိုလွှဲကနေ စီးဆင်းနေတယ်။ ကျွန်တော်တို့ သက်ဆိုင်ရာတာဝန်ရှိသူများနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး နေ့ညမပြတ် အမြဲစောင့်ကြည့်ပေးနေပါတယ်။ တမံကြံ့ခိုင်မှုအခြေအနေလည်း ကောင်းမွန်ပါတယ်။ မိုးအဆက်မပြတ်ရွာသွန်းလာရင် ရေဝင်ရောက်မှုအပေါ်မူတည်ပြီး တမံအောက်ဘက်ရှိ ကျေးရွာတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

ရေကြီးရေလျှံမှုမဖြစ်စေရန် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နေသော မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူတစ်ဦးကလည်း "ပွင့်ဖြူမြို့နယ်က ယခင်နှစ် ရေကြီးတာကြုံဖူးထားတော့ မိုးအဆက်မပြတ်ရွာလာရင် ဒေသခံပြည်သူတွေက ရေကြီးမှာ စိုးရိမ်လာတယ်။ အခုနှစ်ကတော့ ယခင်နှစ်လို ဆုံးရှုံးမှုမများအောင် ကြိုတင်စီမံဆောင်ရွက်မှုတွေကို တိုင်းဒေသကြီး ဝန်ကြီးချုပ် လမ်းညွှန်မှု၊ ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးများရဲ့ စီမံမှုတွေနဲ့ ဆောင်ရွက်နေပါတယ်။ မုန်းချောင်းဝန်းကျင်ရှိ ရပ်ကွက်၊ ကျေးရွာနေ ပြည်သူတွေကို ကြိုတင်အသိပေးထားတယ်။ ကယ်ဆယ်ရေးစခန်းအနေနဲ့ အုပ်စု(၁)မှာ ရွှေဘိုရွာမကျေးရွာ၊ အုပ်စု(၂)မှာ တပ်မတော်ဝါစိုက်ခင်း၊ ထူးကုမ္ပဏီ၊ မြကျိုင်းတောင်၊ အုပ်စု(၃)မှာ ကျောင်းတော်ရာ ကြိုတင်နေရာချထား စီမံထားပြီးပါပြီ။ သယ်ယူပို့ဆောင်မယ့် မော်တော်ယာဉ်၊ ကယ်ဆယ်ရေးစက်လှေ အမြန်ရေယာဉ် စသည်ဖြင့် ထားရှိပါတယ်။ ဌာနဆိုင်ရာတွေကိုလည်း အုပ်စုအလိုက် တာဝန်ယူကြီးကြပ်ဆောင်ရွက်ဖို့ စီမံထားပါတယ်"ဟု ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများအနက် အများစုမှာ မုန်းချောင်းကမ်းပါးအနီးတွင် မှီတင်းနေထိုင်လျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် မုန်းချောင်းရေကြီးလာမည်ကို စိုးရိမ်လျက်ရှိပြီး ယခင်နှစ် ရေကြီးမှုအတွေ့အကြုံများအရ ယခုနှစ်တွင် ရေကြီးလာပါက မျိုးစပါး၊ ပဲမျိုးစုံနှင့် အိမ်ထောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ကြိုတင်ပြင်ဆင်မှုများကို ဒေသခံပြည်သူများ ဆောင်ရွက်နေလျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# ဒေသတွင်း သဘာဝဘေးကြုံတွေ့ပါက ကူညီနိုင်ရန် မကွေးမီးသတ်တပ်ဖွဲ့ ကြိုတင်ဆောင်ရွက်ထား

**မကွေး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်နှစ် မိုးရာသီကာလက ကြုံတွေ့ခဲ့ရသော ဒေသတွင်း ရေဘေးအန္တရာယ်ဖြစ်စဉ်များအပေါ် အခြေခံ၍ ယခုနှစ်တွင်လည်း ပြည်သူများ အကူအညီလိုအပ်ပါက ချက်ချင်းအကူအညီပေးနိုင်ရန် မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ရုံးချုပ်ကလည်း ညွှန်ကြားတယ်။ မိုးဇလကလည်း သတင်းရတယ်။ မိုးရေချိန်များမယ်ပေါ့။ ကြီးအုံကြီးဝ ဆည်တွေက ရေပိုလွှဲတွေက ရေကျော်လာမယ်။ များလာမယ်ဆိုရင် မနှစ်ကလို ရေကြီးလာနိုင်ပါတယ်။ အကယ်၍ ရေကြီးလာမယ်ဆိုရင် ပထမဆုံး သယ်ယူရွှေ့ပြောင်းရေး အစီအစဉ်လုပ်နိုင်ဖို့ မင်းဘူးမြို့နဲ့ မကွေးမြို့တွေမှာ တပ်ဖွဲ့ဝင် ၃၅ ဦး ပါဝင်တဲ့ တပ်စုတစ်စုစီ ဖွဲ့စည်းထားတယ်။ လှေတွေလည်း ကားပေါ် အသင့်တင်ထားတယ်။ Stand By အသင့်အနေအထားမျိုးထက်ပိုပြီး Stand To ချက်ချင်းဆောင်ရွက်နိုင်အောင် ယာဉ်တင်အသင့်အနေအထားမျိုး ပြင်ဆင်ထားပါတယ်။ တပ်ဖွဲ့ဝင်တွေကလည်း လစဉ်ပုံမှန် ဧရာဝတီမြစ်ကြောင်းအတွင်းမှာ ရေဘေးကယ်ဆယ်ကူညီရေး အထောက်အကူပြု လေ့ကျင့်မှုတွေ ဆောင်ရွက်နေပါတယ်"ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဝင်းစိန်က ပြောသည်။

တိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် High Speed စက်တပ် အမြန်ရေယာဉ် ၁၀ စင်းထားရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းကလည်း ကျပ်သိန်း ၅၀၀၀ ခန့် တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို နိုင်ငံတော်မှ ထောက်ပံ့ပေးခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးက ဆက်လက်ပြောကြားသည်။

တိုင်းဒေသကြီးအတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် စွမ်းရည်ပြည့်ဝပြီး ပြည်သူများအား ထိရောက်သော ကူညီမှုများပေးနိုင်ရန် ခရိုင်မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးအား တာဝန်ရှိကွပ်ကဲကြီးကြပ်သူများဦးဆောင်၍ ရေပြင်ကယ်ဆယ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဧရာဝတီမြစ်အတွင်း၌ ဇူလိုင် ၆ ရက်က ပြုလုပ်ခဲ့ကြပြီး ရေယာဉ်မောင်းနှင်မှုကျွမ်းကျင်စေရန် လေ့ကျင့်ခြင်း၊ နည်းပညာအထောက်အကူပြုပစ္စည်းများ အသုံးပြုမှု လေ့ကျင့်ခြင်း၊ ရေပြင်အသက်ကယ်နှင့် စွမ်းဆောင်ရည်တိုးတက်မှု လေ့ကျင့်ခန်းများကို ပြုလုပ်ခဲ့ကြကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

# တိမ်ကောနေသော မောင်ဆောင်းကန်ကို ပြန်လည်တူးဖော်ပေးရန် ဒေသခံများ ဆန္ဒရှိနေ

**မော်လူး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအုပ်စု ပဲခူးကျေးရွာအနီး ကွင်းအမှတ်(၅၅၁)ရှိ တိမ်ကောနေသော မောင်ဆောင်းကန်ကို ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေရရှိအသုံးပြုနိုင်ရန် တာဝန်ရှိသူများအနေဖြင့် ပြန်လည်ပြုပြင် တူးဖော်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။



မောင်ဆောင်းကန်သည် ကွင်းအမှတ်(၅၅၁) ပဲခူးကွင်းတွင် တည်ရှိပြီး အလျားပေ ၂၀၀၀၊ အနံပေ ၁၅၀၀၊ အနက် ၁၂ ပေခန့်ရှိပြီး ၁၉၅၃ ခုနှစ်ခန့်က စတင်တူးဖော်ခဲ့ကာ ကန်စတင်တူးဖော်ခဲ့ချိန်က နောင်ခမ်းကွင်း၊ ပေါက်ကုန်းကွင်းနှင့် ပဲခူးကွင်းတို့မှ စုစုပေါင်းလယ်ယာဧက ၁၅၀၀ ခန့်အတွက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ၁၉၈၉ ခုနှစ်ခန့်မှစတင်ကာ ရေကန်မှာ တဖြည်းဖြည်းတိမ်ကောလာခဲ့သလို အင်းဘေးပတ်လည်နေရာများတွင် လယ်ယာမြေများကို ချဲ့ထွင်စိုက်ပျိုးလာကြသဖြင့် ကန်၏အကျယ်အဝန်းမှာလည်း တစ်စတစ်စ လျော့နည်းကျဉ်းမြောင်းလာခဲ့ကြောင်း၊ ယခင်က လယ်စိုက်ဧကစုစုပေါင်း ၁၅၀၀ ခန့်ကို ရေပေးဝေနိုင်ခဲ့သော်လည်း ယခုအခါ လယ်စိုက်ဧက အနည်းငယ်ကိုသာ ရေပေးဝေနိုင်တော့သဖြင့် တိမ်ကောနေသော အဆိုပါ မောင်ဆောင်းကန်ကို တာဝန်ရှိသူများအနေဖြင့် ပြန်လည်ပြုပြင်တူးဖော်ပေးရန် ဒေသခံပြည်သူများက ဆန္ဒရှိနေကြကြောင်း မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ပဲခူးကျေးရွာရပ်မိရပ်ဖများက ပြောကြားသည်။

**နီတိုး**

# ယာဉ်စည်းကမ်း ပညာပေးဟောပြောပြီး ယာဉ်မောင်းလိုင်စင်များပြုလုပ်ပေး

**ကလေး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခြင်းကို သူနာပြုနှင့် သားဖွားသင်တန်းကျောင်း သင်တန်းခန်းမ၌ ဇူလိုင် ၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ စစ်ဆေးရေးမှူး ဦးခင်မောင်ထွေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်နှင့် လမ်းအမှတ်အသားများအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ထို့နောက် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ဆရာ ဆရာမများ၊ အသက် ၁၆ နှစ်ပြည့်ပြီးသော သင်တန်းသား ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၁၂၈ ဦးအား ယာဉ်မောင်းလိုင်စင်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့က ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# မုံရွာဆေးရုံကြီး ခုနစ်ထပ်ဆေးရုံ ဆက်လက်တည်ဆောက်ရန် ကျပ်သိန်းပေါင်း ၃၃၀၀၀ လိုအပ်နေ

**မုံရွာ ဇူလိုင် ၈**

မုံရွာပြည်သူ့ဆေးရုံအတွင်း တည်ဆောက်နေသော မြေအောက်ထပ်အပါအဝင် ခုနစ်ထပ်ပါဝင်သည့် ခုတင် ၅၀၀ ဆံ့ အထပ်မြင့်ဆေးရုံကြီး ပြီးစီးရန်အတွက် ငွေကျပ်သိန်းပေါင်း ၃၃၀၀၀ လိုအပ်မှုရှိနေကြောင်း ဆေးရုံကြီးတည်ဆောက်ရေး ကော်မတီဝင်တစ်ဦးထံမှ သိရသည်။

"မုံရွာဆေးရုံကြီးဝင်းတောင်ဘက်မှာ ၂၀၁၄ ခုနှစ်ကတည်းက တည်ဆောက်နေတဲ့ ခုနစ်ထပ်မြင့် ဆေးရုံအဆောက်အအုံဟာ အခုအချိန်မှာ ရာခိုင်နှုန်း ၅၀ ကျော်ပြီးနေပါပြီ။ စတင်တည်ဆောက်တုန်းက တိုင်းဒေသကြီးအစိုးရက ကျပ်သိန်း ၂၀၀၀၀၊ အများပြည်သူလှူတာက ကျပ်သိန်းပေါင်း တစ်သောင်းခွဲ စုစုပေါင်း ကျပ်သိန်းပေါင်း ၃၅၀၀၀ နဲ့ အခုတည်ဆောက်မှုကို လုပ်နေတာပါ။ တကယ်တမ်း အဆောက်အအုံအပြီးအထိ ရေနဲ့လျှပ်စစ်မီးအပါအဝင် စုစုပေါင်း ကျပ်သိန်းပေါင်း ၆၈၀၀၀ ကုန်ကျမှာဖြစ်တယ်လို့ တွက်ချက်ထားပြီးဖြစ်ပါတယ်။ အခုလောလောဆယ်မှာတော့ ကျပ်သိန်း ၃၅၀၀၀ နဲ့ လည်ပတ်လုပ်ကိုင်နေတာပြီးခဲ့တဲ့ရက်ပိုင်းကမှ လေးထပ်မြောက် စလစ်ပြင် ကွန်ကရစ်လောင်း ပြီးနေပါပြီ။ လက်ရှိမှာ ဆေးရုံဆောက်ဖို့ ရန်ပုံငွေက ကျပ်သိန်း ၄၀၀၀ လောက်ရှိတာနဲ့ထိန်းပြီး တည်ဆောက်ရေးလုပ်ငန်းခွင်မပျက် ဆက်သွားနေရပါတယ်။ အလှူငွေလိုအပ်ချက်ကတော့ ကျပ်သိန်းပေါင်း ၃၃၀၀၀ လိုအပ်နေပါတယ်"ဟု ဆေးရုံကြီး တည်ဆောက်ရေးကော်မတီဝင် ဦးမျိုးမြင့်က ပြောသည်။

မုံရွာပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အလျား ပေ ၁၈၀၊ အနံ ပေ ၁၆၀ အကျယ်ရှိ မြေပေါ်တွင် တည်ဆောက်နေခြင်းဖြစ်ပြီး မြေပေါ်ခြောက်ထပ်နှင့် မြေအောက်တစ်ထပ်ပါ ခုနစ်ထပ်မြင့်အဆောက်အအုံဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် ဇွန်လအတွင်းက စတင်တည်ဆောက်ခဲ့ရာ တည်ဆောက်စအချိန်က အလှူရှင်များ၏ လှူဒါန်းမှုအားကောင်းခဲ့သဖြင့် အချိန်တိုအတွင်း အလှူငွေအများအပြား အလှူခံရရှိခဲ့သော်လည်း ယခု အဆောက်အအုံတည်ဆောက်မှု ၅၀ ရာခိုင်နှုန်းကျော် ပြီးနေချိန်တွင် လှူဒါန်းမှုအားမှာ သိသိသာသာ လျော့နည်းသွားခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ ပါဝင်နေသော ဆေးရုံဖြစ်မြောက်တည်ဆောက်ရေးကော်မတီဝင်များအနေဖြင့် ဆေးရုံကြီးကို ဆက်လက်တည်ဆောက်နိုင်ရန်အတွက် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် နိုင်ငံတော်က ထပ်မံချပေးမည့် ငွေလုံးငွေရင်းရန်ပုံငွေများပေါ်တွင် များစွာတည်မှီနေကြောင်း သိရသည်။

အဆိုပါ ခုနစ်ထပ်ဆေးရုံအဆောက်အအုံ တည်ဆောက်မှုကို ရန်ပုံငွေမရှိ၍ ရပ်နားထားလျှင် တည်ဆောက်ရန်ရှိနေသော သံမျှင်နှင့် သံလုံးများ သံချေးတက်ဆွေးမြည့်သွားနိုင်သည့်အပြင် လက်ရှိ ဆေးရုံတည်ဆောက်မှုအတွက် စုစည်းထားသော အလုပ်သမားများ၊ ပညာရှင်များ တကွဲတပြားဖြစ်သွားပါက ပြန်လည်စုစည်းရန်မှာလည်း ခက်ခဲမည်ဖြစ်သောကြောင့် လက်ရှိတွင် ကျန်ရှိသောရန်ပုံငွေဖြင့် ထိန်းညှိဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ခုတင် ၅၀၀ ဆံ့ ခုနစ်ထပ်ဆေးရုံကြီး ဆောက်လုပ်ပြီးစီးမည့်အချိန်မှာ လက်ရှိအခြေအနေအရ ဆက်လက်ရရှိလာမည့် ရန်ပုံငွေအပေါ်တွင် တည်မှီနေသောကြောင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းကြရန် ဆေးရုံတည်ဆောက်ရေးကော်မတီက တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံထားပြီး လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဖုန်း-၀၇၁-၂၂၅၃၀ နှင့် ၀၉-၂၁၃၀၂၂၂ နှင့် ဦးလှဟန် ဖုန်း-၀၇၁-၂၁၄၀၂ နှင့် ၀၉-၂၁၃၀၄၇၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# မိုးရွာသွန်းချိန်တွင် မိုးရေလျှံတက်ဝင်ရောက်မှုမရှိစေရန် မိုးရေစုကန်တူးဖော်မည်



မိုးရေလျှံတက်ဝင်ရောက်လေ့ရှိသည့် နန်းတော်ကုန်းရပ်ကွက်တစ်နေရာ

**မိတ္ထီလာ ဇူလိုင် ၈**

မိတ္ထီလာမြို့နယ် နန်းတော်ကုန်းရပ်ကွက်ရှိ နယ်မြေအချို့မှ လူနေအိမ်များအတွင်း ယခင်နှစ်များက မိုးအဆက်မပြတ်ရွာသွန်းချိန်တွင် မိုးရေလျှံတက်ဝင်ရောက်လေ့ရှိရာ ယခုနှစ်တွင် ရေဝင်ရောက်မှုကင်းဝေးစေရန်အတွက် ယင်းရပ်ကွက်နယ်မြေအနီးတွင် မိုးရေစုကန်တစ်ကန်ကို တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာမှာ မိုးအဆက်မပြတ်ရွာသွန်းချိန်ဆို နန်းတော်ကုန်းရပ်ကွက် နယ်မြေ(၆)နဲ့ နယ်မြေ(၇)ဘက် လူနေအိမ်ခြေ ၇၀ ခန့်ထဲကို မိုးရေတွေဝင်ရောက်ပြီးတော့ ရေထွက်ပေါက်မရှိလို့ မိုးရေလျှံတက်တာမျိုး မကြာခဏဖြစ်နေတယ်။ ဒါကြောင့် အဲဒီရပ်ကွက်နယ်မြေနဲ့ မလှမ်းမကမ်းနေရာမှာ အနက် ၁၀ ပေ၊ အကျယ် ပေ ၂၀၀ ပတ်လည် မိုးရေစုကန်တစ်ကန် တူးဖော်သွားပြီးတော့ လူနေအိမ်ဝိုင်းတွေထဲလျှံတက်တဲ့ မိုးရေတွေကို အဲဒီမိုးရေစုကန်ထဲကိုဝင်ရောက်အောင် ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ အဲဒီမိုးရေစုကန် တူးဖော်ဖို့အတွက် ကုန်ကျမယ့်စရိတ်ကို တွက်ချက်တင်ပြပြီးတာနဲ့ စတင်ဆောင်ရွက်သွားမှာပါ"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသူရက ပြောသည်။

နန်းတော်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းကလည်း နန်းတော်ကုန်းရပ်ကွက်အတွင်း ရေထွက်ပေါက်မရှိခြင်းကြောင့် နယ်မြေအချို့ရှိ အိမ်ခြေ ၁၈၀၀ ခန့်မှာ မိုးအဆက်မပြတ်ရွာသွန်းချိန်တွင် မိုးရေများ လျှံတက်ဝင်ရောက်နေလေ့ရှိပြီး မိုးရေစုကန် တူးဖော်ပြီးစီးပါက ရပ်ကွက်နေပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း ပြောသည်။

"မိတ္ထီလာမှာ မိုးအဆက်မပြတ်ရွာသွန်းချိန်ဆို နန်းတော်ကုန်းရပ်ကွက်ထဲက နယ်မြေ(၁)၊ (၂)၊ (၃)၊ (၆)၊(၇)နဲ့ ချမ်းအေးသာယာနယ်မြေတွေက စုစုပေါင်း အိမ်ခြေ ၁၈၀၀ ခန့်ထဲမှာ ရေထွက်ပေါက်မရှိတာကြောင့် မိုးရေတွေ လျှံတက်ဝင်ရောက်နေတတ်တယ်။ အဲဒီအခါမျိုးမှာ မိုးရေဝင်ရောက်တဲ့ လူနေအိမ်တွေက မိသားစုဝင်တွေအနေနဲ့ နေထိုင်ရေးအတွက် အဆင်မပြေဖြစ်ရတယ်။ အခုတော့ ကန်ပေါင်နဲ့ သံလမ်းအကြားနေရာမှာ မိုးရေစုကန်တစ်ကန် တူးဖော်မယ်ဆိုပြီး စီစဉ်နေပါတယ်။ အဲဒီမိုးရေစုကန် တူးဖော်ပြီးရင်တော့ မိုးအဆက်မပြတ်ရွာတိုင်း မိုးရေဝင်ရောက်နေတဲ့ အိမ်ခြေတွေက မိသားစုဝင်တွေအတွက် များစွာကောင်းကျိုးရှိမှာဖြစ်ပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဆိုသည်။

မိတ္ထီလာမြို့ပေါ် ရပ်ကွက်နယ်မြေများတွင် ရေနုတ်မြောင်းများကို စနစ်တကျတူးဖော်ထားခြင်း မရှိသောကြောင့် မိုးအဆက်မပြတ်ရွာသွန်းချိန်တွင် လူနေအိမ်ဝိုင်းအချို့တွင်သာမက ရပ်ကွက်လမ်း အချို့ပေါ်သို့ပါ မိုးရေလျှံတက်ဝင်ရောက်မှုများ ဖြစ်လေ့ရှိပြီး ရေလျှံခြင်းကြောင့် ရပ်ကွက်အတွင်းလမ်းအချို့မှာ မကြာခဏပျက်လေ့ရှိကာ ပြုပြင်သော်လည်း မကြာမီကာလအတွင်းမှာပင် ပြန်လည်ပေါက်ပြဲပျက်စီးလေ့ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျေးရွာမြေငှားဂရန်များထုတ်ပေးရန် ကွင်းဆင်းဆောင်ရွက်

**စလင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မိုးဝန်းကျေးရွာအုပ်စု မိုးဝန်းအနောက်ခြမ်းကျေးရွာများတွင် ရက် ၁၀၀ ပြည်သူ့အကျိုးပြုစီမံချက် ဆောင်ရွက်မှုအဖြစ် ကျေးရွာမြေငှားဂရန်များပြုလုပ်ပေးသွားမည်ဖြစ်ရာ ဂရန်များထုတ်ပေးရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဇူလိုင်လပထမပတ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မြေငှားဂရန်ထုတ်ပေးမည့် မိုးဝန်းအနောက်ကျေးရွာအုပ်စုမှ အိမ်ခြေ ၇၂ လုံးအတွက် အသေးစိတ်(ကွက်စိတ်)တိုင်းတာပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်ကာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေငှားဂရန်အမှုတွဲများတည်ဆောက်၍ မြေငှားစာချုပ်များကို အမြန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများအနေဖြင့် ကျေးရွာနယ်မြေအတွင်း နေထိုင်ကြသော်လည်း ပိုင်ဆိုင်မှုအထောက်အထားများမရှိကြသဖြင့် ဥပဒေနှင့်အညီ ခိုင်မာသော အထောက်အထားအဖြစ် မြေငှားဂရန်(မြေငှားစာချုပ်)များကို အမြန်ဆုံးရရှိအောင် ထုတ်ပေးနိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



# အခြေခံပညာကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးအခမဲ့ပြုလုပ်ပေး

**ကျွန်းစု ဇူလိုင် ၈**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား ကျွန်းစုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ ဇူလိုင် ၅ ရက်က မအိုင်ကျေးရွာအုပ်စု ပထက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ သွားရောက်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းသားကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျွန်းစုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးဇော်ထွန်းနှင့်ဝန်ထမ်းများက ကွင်းဆင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၆၃ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားကို နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းစုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးက ဦးစီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စာသင်ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကျွန်းစုမြို့နယ် ကျွဲခရံကျေးရွာအုပ်စုနှင့် မဲတောကျေးရွာအုပ်စုများအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ခြောက်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၈၄ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်အတွင်းမှ ကျန်ရှိနေသော ကျောင်းများသို့လည်း ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရန်နိုင်(ပြန်/ဆက်)**



# ကျေးရွာ ၄၀ ခန့် အားထားအသုံးပြုနေရသည့် ကျောက်ဖူးတံတားကို ဇူလိုင်လကုန်အပြီးတည်ဆောက်မည်

**မိတ္ထီလာ ဇူလိုင် ၈**

မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာပေါင်း ၃၉ ရွာမှ ဒေသခံပြည်သူများ အားထားအသုံးပြုနေသည့် ကျေးလက်လမ်းဖြစ်သော ရွှေစစ်သည်လမ်းပေါ်မှ ကျောက်ဖူးတံတားကို မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိပြီး ဇူလိုင်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဖူးတံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ မေ ၂၇ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး အရှည်ပေ ၆၀၊ အကျယ် ၁၄ ပေရှိ သံပေါင်ရက်မ သစ်သားတံတားအမျိုးအစားဖြစ်ကြောင်း တံတားကို တာဝန်ယူတည်ဆောက်နေသည့် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဒေါ်လှလှဦးက ပြောသည်။ တံတားတည်ဆောက်ပြီးစီးပါက ရွှေစစ်သည်၊ ညောင်ပင်လျှို၊ ဂဠုန်ကုန်း၊ အုံတုံနှင့် ဝွေးအိုင် ကျေးရွာအုပ်စုများရှိ ကျေးရွာ ၃၉ ရွာမှ ဒေသခံပြည်သူများ၏ သွားလာရေးနှင့် ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရေးတွင် အဆင်ပြေလွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စောင့်ကြည့်ရမယ့် မော်ရင်ဟို မျှော်လင့်ရမယ့် မန်ယူ

မိုးမြင့်လင်းလက်

၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်အကြိုကာလကတော့ လက်ရှိယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲနဲ့အတူ စိတ်ဝင်စားစရာတွေ အပြိုင်ဖြစ်ပေါ်နေပါတယ်။ မန်ယူနည်းပြအဖြစ် တာဝန်ယူမယ့် မော်ရင်ဟို၊ မန်စီးတီးနည်းပြအဖြစ် ဂွာဒီယိုလာနဲ့ ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာမယ့် ကွန်တီတို့ ရောက်ရှိလာမှု၊ သတင်းစာရှင်းလင်းပွဲပြုလုပ်နေမှုတွေက ပရိသတ်တွေအတွက်တော့ စိတ်လှုပ်ရှားစရာဖြစ်နေတာတော့ အမှန်ပါပဲ။



အဲဒီသတင်းတွေအနက် ပရိသတ်တွေအာရုံစိုက်မှု အခံရဆုံးကတော့ မန်ယူနည်းပြအဖြစ်တာဝန်ယူပြီဖြစ်တဲ့ မော်ရင်ဟိုပဲ ဖြစ်ပါတယ်။ ဇူလိုင် ၄ ရက်က မီဒီယာတွေနဲ့ တွေ့ဆုံခဲ့တဲ့မော်ရင်ဟိုက မန်ယူအသင်းကို ပွဲတိုင်းအနိုင်ရအောင် ကြိုးစားပေးမှာဖြစ်ပြီး ရရှိလာတဲ့ အောင်မြင်မှုတွေကို ဆက်လက်ထိန်းသိမ်းသွားမယ်လို့ ဆိုလိုက်တာကြောင့် မန်ယူပရိသတ်တွေဟာ မော်ရင်ဟိုအပေါ် အမြင်ကြည်လင်သွားစေတဲ့အပြင် ယုံကြည်မှုတွေပါဖြစ်ပေါ်အောင် နှိုးဆော်ပေးနိုင်ခဲ့ပါတယ်။

မန်ယူအသင်းဟာ ၂၀၁၃ ခုနှစ်က ဂန္ထဝင်နည်းပြကြီး ဖာဂူဆန်အနားယူသွားပြီးတဲ့နောက်ပိုင်း အောင်မြင်မှုတွေနဲ့ဝေးကွာနေခဲ့တာဟာ အခုအချိန်ထိလို့ ဆိုရမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားတွေနဲ့ ဝေးကွာပြီး မန်ယူရဲ့အောင်မြင်မှုပုံရိပ်တွေ ကျဆင်းနေခဲ့ပါတယ်။ ဖာဂူဆန်ရဲ့အကြံပြုချက်နဲ့ နည်းပြခန့်အပ်ခဲ့တဲ့ မိုယက်စ်လည်း အောင်မြင်မှုမရဘဲ ထုတ်ပယ်ခံခဲ့ရသလို ပေါ်တူဂီနည်းပြ ဗန်ဟားလ်လည်း ပြီးခဲ့တဲ့ ဘောလုံးရာသီအပြီးမှာ အက်ဖ်အေဖလားရယူပေးနိုင်ခဲ့ပေမယ့် ထုတ်ပယ်ခံခဲ့ရတာမို့ မန်ယူရဲ့နည်းပြစင်မြင့်ဟာ ထိုက်တန်တဲ့နည်းပြတစ်ဦးလိုအပ်မှု ပြင်းထန်ခဲ့ပါတယ်။ ဒါကြောင့်လည်း မန်ယူဟာ ခေတ်သစ်ဘောလုံးလောကရဲ့ စွမ်းရည်ထက်မြက်တဲ့နည်းပြတစ်ဦးအဖြစ် သတ်မှတ်တဲ့ မော်ရင်ဟိုကို ခေါ်ယူတာဝန်ပေးခဲ့ခြင်းဖြစ်ပါတယ်။ မော်ရင်ဟိုဟာ မန်ယူနည်းပြဖြစ်လာပြီးတဲ့နောက်မှာ လူငယ်ကစားသမားတွေကို ဦးစားပေးမယ်လို့ ပြောကြားနေသလို ရှွန်နေကိုလည်း ပြိုင်ဘက်အသင်း ဂိုးဧရိယာရဲ့ မီတာ ၅၀ အကွာမှာ လှုပ်ရှားနိုင်မယ်လို့ ဆိုနေပါတယ်။ ရှွန်နေဟာ တိုက်စစ်သမားသက်သက်ဖြစ်ရမယ်လို့ ပြောကြားနေတာမို့ ကွင်းလယ်ကို ဆင်းပြီး ကစားခိုင်းမှာ မဟုတ်တော့ပါဘူး။

ဒ့ါအပြင် မန်ယူအတွက် လူသစ်ဖြည့်ဆည်းမှုအနေနဲ့ ဗီလာရီးရဲ့အသင်းနောက်ခံလူနဲ့ အိုင်ဗရီကို့စ်အသင်း လက်ရွေးစင် အဲရစ်ဘိုင်ရီကိုခေါ်ယူထားပြီဖြစ်သလို ဆွီဒင်ဝါရင့်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကိုလည်း ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ နောက်ပြီး ဒေ့ါမွန်ကွင်းလယ်ကစားသမားနဲ့ အာမေးနီးယား လက်ရွေးစင်လည်းဖြစ်တဲ့ ခီတာယန်ကိုလည်း ပေါင် ၂၆ သန်းပေးပြီး ခေါ်ယူနေပြီဖြစ်ပါတယ်။

မန်ယူအတွက် စိတ်ကြိုက်ကစားသမားတွေ ဖြည့်ဆည်းမှုအဖြစ် ပြင်သစ်ကွင်းလယ်ကစားသမားနဲ့ ပီအက်စ်ဂျီအလယ်တန်းမှာ ကစားနေတဲ့ မာကူဒီကိုလည်း ပေါင်သန်း ၂၀ နဲ့ ခေါ်ယူဖို့ အပြီးသတ်ဆွေးနွေးမှုတွေပြုလုပ်နေတယ်လို့ ဆိုပါတယ်။ အသက် ၂၉ နှစ်ရှိပြီဖြစ်တဲ့ မာကူဒီဟာ အားနည်းနေတဲ့ မန်ယူကွင်းလယ်ကိုဖြည့်ဆည်းပေးနိုင်ဖို့ဖြစ်ပြီး တိုက်စစ်ကိုပံ့ပိုးပေးနိုင်ဖို့ပဲဖြစ်ပါတယ်။

နောက်ထပ်လူငယ်တိုက်စစ်မှူးကတော့ မက္ကဆီကိုကလပ် ပါချူကာမှာ ကစားနေတဲ့ အသက် ၂၀ အရွယ်သာရှိသေးတဲ့ လိုဇာနိုဖြစ်ပါတယ်။ ပွဲတိုင်းနီးပါး ခြေစွမ်းပြနေတဲ့ လိုဇာနိုကို နည်းပြမော်ရင်ဟို သဘောကျနေတာမို့ ခေါ်ယူနိုင်ရေးကြိုးစားနေခြင်းဖြစ်ပါတယ်။ ဒီလိုကစားသမားအသစ်တွေနဲ့ လာမယ့် ပရီမီယာလိဂ်ကို အောင်မြင်စွာဖြတ်သန်းဖို့ ကြိုးစားပြင်ဆင်နေတဲ့ မော်ရင်ဟိုဟာ မှေးမှိန်နေတဲ့ မန်ယူရဲ့ အောင်မြင်မှုတွေကို တောက်ပြောင်လာအောင် အရောင်တင်ပေးနိုင်မလားဆိုတာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။




## မန်ယူက ပေါင်သန်း ၁၀၀ နဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ပေါ့ဂ်ဘာ

မန်ယူအနေနဲ့ ဂျူဗင်တပ်စ်စူပါစတား ပေါလ်ပေါ့ဂ်ဘာကို ကမ္ဘာ့ပြောင်းရွှေ့ကြေး စံချိန်တင်အများဆုံး ပေါင်သန်း ၁၀၀ နဲ့ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ ပေါ့ဂ်ဘာကို မန်ယူက တစ်ပတ်ပေါင် ၃၀၀၀၀၀ နဲ့ ငါးနှစ်စာချုပ်နဲ့ ခေါ်ယူဖို့ ပြင်ဆင်နေပြီလို့ ဆိုပါတယ်။ ပေါ့ဂ်ဘာဟာ မော်ရင်ဟိုရဲ့ အိုးထရက်ဖို့ကိုရောက်လာဖွယ်ရှိနေပါတယ်။ မန်ယူနဲ့ ပေါ့ဂ်ဘာရဲ့ အေးဂျင့်တို့ စတင်ဆွေးနွေးနေပြီလို့ သိရပါတယ်။ ပေါ့ဂ်ဘာဟာ ပြင်သစ်အသင်းနဲ့အတူ ဥရောပဖလားကို ဆွတ်ခူးနိုင်ဖို့ ရေပန်းစားနေသူလည်းဖြစ်ပါတယ်။ ဒီအတောအတွင်းမှာ ဂျူဗင်တပ်စ်ကလည်း ရီးရဲမက်ဒရစ် တောင်ပံတိုက်စစ်မှူး ဂါရက်ဘေးလ်ကို ပေါင် ၈၆ သန်းပေးပြီး ခေါ်ယူဖွယ်ရှိနေပါတယ်။ မန်ယူအနေနဲ့ ၂၀၁၂ ခုနှစ်က ဖာဂူဆန်လက်ထက်မှာ ဂျူဗင်တပ်စ်ကို ရောင်းခဲ့တဲ့အတွက် များစွာနစ်နာမှုတွေရှိခဲ့တာပါ။ အီတလီစီးရီးအေကို ပြန်ရောက်ပြီး ဖလားလေးလုံးရယူပေးနိုင်ခဲ့ပါပြီ။ သို့ပေမယ့် သူ့အနေနဲ့ ပရီမီယာလိဂ်ကို ပြန်လိုတဲ့ဆန္ဒပြင်းပြနေတဲ့အတွက် မန်ယူကို ပြန်ရောက်လာဖို့ နီးစပ်နေပါတယ်။ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာဟာ ဂိုးသွင်းစွမ်းရည်ထက်မြက်နေသူလည်းဖြစ်တဲ့အတွက် မန်ယူက အရခေါ်ယူဖို့ များနေပါတယ်။

## ကွင်းလယ်ကစားသမား မာတစ်ကို ခေါ်ယူမယ့် ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်အသင်းအနေနဲ့ ကွင်းလယ်လူပေါ့ဂ်ဘာကို ရောင်းထုတ်နိုင်တာကြောင့် ချယ်လ်ဆီးကွင်းလယ်လူ မာတစ်ကို ခေါ်ယူဖို့ပြင်ဆင်နေပြီဖြစ်ပါတယ်။ အီတလီစီးရီးအေ ချန်ပီယံ ဂျူဗင်တပ်စ်က ဆားဘီးယားလက်ရွေးစင် မာတစ်ကို ပေါင် ၁၇ သန်းနဲ့ ခေါ်ယူဖို့ ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။ မာတစ်ကို ဂျူဗင်တပ်စ်က တစ်နှစ်ပေါင် ၄ ဒသမ ၂ သန်းနဲ့ စာချုပ်ဖွယ်ရှိပါတယ်။ ဂျူဗင်တပ်စ်က အခုနှစ်အစောပိုင်းကလည်း မာတစ်ကို ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ အသက် ၂၇ နှစ်အရွယ်ရှိသေးတဲ့ မာတစ်ဟာ အီတလီကိုပြန်ဖို့ စိတ်ဝင်စားနေတာပါ။ သို့ပေမယ့် မန်ယူနည်းပြ မော်ရင်ဟိုကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတာပါ။ မော်ရင်ဟိုအခေါ်ကိုစောင့်နေတယ်လို့ဆိုပါတယ်။ အကယ်၍ မော်ရင်ဟိုမခေါ်ခဲ့ရင် မာတစ်ဟာ ဂျူဗင်တပ်စ်ကိုပြောင်းဖို့ သေချာနေပါတယ်။ မန်ယူအနေနဲ့လည်း ပေါ့ဂ်ဘာကိုခေါ်ယူဖို့ ပြင်ဆင်နေတာကြောင့် မာတစ်အတွက် ဆုံးဖြတ်ရခက်ခဲနေတာပါ။ သို့ပေမယ့် ဒီအနေအထားအတိုင်းဆိုရင် မာတစ်ဟာ အီတလီကိုရောက်ဖို့ သေချာနေပါတယ်။ ပေါ့ဂ်ဘာဟာ မန်ယူကိုရောက်လာမယ်ဆိုရင်တော့ မာတစ်ဟာလည်း ဂျူဗင်တပ်စ်ကိုရောက်နိုင်ပါတယ်။

## ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့်မှာ မန်ယူနဲ့ ဘုန်းမောက်တို့ တွေ့ပြီ

၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်ရဲ့ ကန့်လန့်ကာအဖွင့်ကိုတော့ ဩဂုတ် ၁၃ ရက်မှာ စတင်မှာပါ။ မော်ရင်ဟိုရဲ့ မန်ယူကတော့ အဖွင့်ပွဲအဖြစ် ဘုန်းမောက်အိမ်ကွင်းမှာ ကစားရမှာဖြစ်ပါတယ်။ မန်ယူရဲ့ ဒုတိယပွဲစဉ်တွင် ဆောက်သမ်တန်နဲ့ပွဲကို ဩဂုတ် ၂၀ ရက်မှာ အိုးထရက်ဖို့ဒ်မှာ ကစားကြဖို့ရှိပါတယ်။

ပရီမီယာလိဂ် လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းကတော့ ဟားလ်စီးတီးအိမ်ကွင်းမှာ သွားရောက်ကစားရမှာပါ။ ဩဂုတ် ၁၃ ရက်မှာပဲ မန်စီးတီးနဲ့ ဆန်းဒါးလန်းတို့ ကစားမှာဖြစ်ပြီး အာဆင်နယ်က အိမ်ကွင်းမှာ လီဗာပူးနဲ့ ကစားရမှာပါ။ ချယ်လ်ဆီးနည်းပြသစ် ကွန်တီကတော့ ဩဂုတ် ၁၅ ရက်မှာ ဝက်စ်ဟမ်းအသင်းကိုလက်ခံကစားရမှာဖြစ်ပါတယ်။ လာမယ့် ပရီမီယာလိဂ်ပြိုင်ပွဲကြီးကတော့ အကြိတ်အနယ်ရှိမယ့် ပွဲပါပဲ။ မန်ယူရဲ့ အဓိကပြိုင်ဘက်ကတော့ ဂွာဒီယိုလာတို့ မန်စီးတီးနဲ့ ကွန်တီရဲ့ ချယ်လ်ဆီးဖြစ်လာဖွယ်ရှိနေပြီး အာဆင်နယ်နဲ့ လီဗာပူးကလည်း အစဉ်အလာပြိုင်ဘက်တွေမို့ ယခုရာသီ ပရီမီယာလိဂ်ကတော့ ပြိုင်ဆိုင်မှုပြင်းထန်ပြီး ရင်ခုန်ရသပေးစွမ်းဦးမှာပါ။

ကောင်းမြတ်သူ - စုစည်းသည်။




၂၀၁၅-၂၀၁၆ ချန်ပီယံ လက်စတာအသင်းသားများ

# တစ်နိုင်ငံလုံးသို့ Broadband အင်တာနက်ပေးနိုင်မည့် VSAT ကွန်ရက်သစ် လွှင့်တင်ထား မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုများကို ဇူလိုင်လအတွင်း စတင်၍ ပေးသွားမည်

**ရန်ကုန် ဇူလိုင် ၈**

မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ မြန်နှုန်းမြင့် ဘရော့ဘန်(Broadband)အင်တာနက်ကို ထုတ်လွှင့်ပေးနိုင်မည့် VSAT(Very Small Aperture Terminal)ကွန်ရက်သစ်ကို SEANET Myanmar က အောင်မြင်စွာ လွှင့်တင်ထားပြီးဖြစ်ကာ ယခု ဇူလိုင်လအတွင်း၌ ဝန်ဆောင်မှုများ စတင်ပေးရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းအင်တာနက်ကွန်ရက်ကို လူတစ်ဦးချင်းအနေဖြင့် တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်သော်လည်း တစ်နိုင်ငံလုံးတွင် ရုံးခွဲများရှိသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဘဏ်များနှင့် ကုမ္ပဏီများအနေဖြင့် ယုံကြည်အားကိုးနိုင်သည့် အင်တာနက်ဆက်သွယ်မှုကို ရရှိရန် လိုအပ်ချက်များ ရှိနေသေးသောကြောင့် မြန်မာနိုင်ငံအတွင်း မည်သည့်နေရာတွင်မဆို တပ်ဆင်အသုံးပြုနိုင်မည့် VSAT ဝန်ဆောင်မှုသည် အဆိုပါလိုအပ်ချက်ကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

"SEANET ဟာ မြန်မာအိုင်တီနယ်ပယ်က လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး သူတို့ရဲ့လုပ်ငန်းတွေအတွက် လိုအပ်ချက်ဖြစ်တဲ့ မြန်နှုန်းလည်းမြင့်ပြီး ယုံကြည်စိတ်ချရတဲ့ အင်တာနက်ဝန်ဆောင်မှုတွေပေးဖို့ အသင့်ဖြစ်နေပါပြီ။ SEANET အနေနဲ့ ဘရော့ဘန် အင်တာနက်၊ Cloud and Colocation၊ Disaster Recovery၊ ERP and Enterprise စတဲ့ ဝန်ဆောင်မှုများအပြင် ဆက်သွယ်ရေးရေီယာပြင်ပကို ရောက်ရှိနေတဲ့ ဒေသတွေကိုလည်း အလွယ်တကူပြောင်းရွှေ့ချထားနိုင်တဲ့ မိုဘိုင်းယူနစ်တွေနဲ့ပါ ပြီးပြည့်စုံတဲ့ ဝန်ဆောင်မှုတွေပေးသွားမှာဖြစ်ပါတယ်"ဟု SEANET ၏ အရောင်းနှင့် ဈေးကွက်ဌာန တာဝန်ရှိသူ Jesse Gage က ပြောသည်။

SEANET အနေဖြင့် ပုံမှန်ဝန်ဆောင်မှုများအပြင် SEANET CSR Program အဖြစ် ကျေးလက်ဒေသနှင့် ဝေးလံခေါင်သီသည့် နေရာဒေသများအထိ အင်တာနက်ဆက်သွယ်နိုင်ခြင်း၏ အကျိုးကျေးဇူးများကို ခံစားနိုင်ရန် Community Connect အစီအစဉ်ကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

SEANET Myanmar ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးပြုံးမောင်မောင်က Community Connect အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် နေရောင်ခြည်စွမ်းအင်ဖြင့် လည်ပတ်စေမည်ဖြစ်ကြောင်း၊ ဝေးလံသည့် ကျေးလက်ဒေသများမှ လူ့အဖွဲ့အစည်းများအနေဖြင့် အင်တာနက်ဆက်သွယ်မှုကို ရရှိပါက ကြီးမားသည့် အကျိုးကျေးဇူးများကို ရရှိမည်ဟု ယုံကြည်ကြောင်း၊ Community Connect အစီအစဉ်အရ ကျန်းမာရေး သတင်းအချက်အလက်(Telemedicine)၊ အီလက်ထရွန်နစ်အသုံးပြု အုပ်ချုပ်ရေးစနစ်(e-government)၊ အွန်လိုင်းပညာရေး သတင်းအချက်အလက်နှင့် ဈေးကွက်သတင်းအချက်အလက်များ ရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

SEANET Myanmar အနေဖြင့် အဆိုပါ ဘရော့ဘန် အင်တာနက်ဝန်ဆောင်မှုပေးရန်အတွက် ထိပ်တန်းနည်းပညာလုပ်ငန်းကြီးနှစ်ခုဖြစ်သည့် Hughes Network Systems နှင့် ASIASAT တို့နှင့် ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ SEANET ၏ ရန်ကုန် Network Operations Center တွင် Hughes Network Systems မှ ထုတ်လုပ်သော နောက်ဆုံးပေါ် နည်းပညာတစ်ခုဖြစ်ပြီး ကမ္ဘာ့စွမ်းဆောင်ရည်အကောင်းဆုံးနှင့် အကျယ်ပြန့်ဆုံး အသုံးပြုနေသည့် ဂြိုဟ်တုဆက်သွယ်ရေးစနစ်လည်းဖြစ်သည့် Jupiter စနစ်ကို တပ်ဆင်ထားကြောင်း၊ Jupiter စနစ်အရ အွန်လိုင်းဝန်ဆောင်မှုများကို ဈေးနှုန်းချိုသာစွာနှင့် လျင်မြန်စွာ ဝန်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ASIASAT ၏ Ku-band စွမ်းဆောင်ရည်နှင့် မြန်မာနိုင်ငံအတွက် အထူးဆောင်ရွက်ပေးမည့် လွှမ်းခြုံနိုင်မှုကလည်း SEANET ၏ နိုင်ငံအနှံ့ VSAT ကွန်ရက်ဝန်ဆောင်မှုကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ASIASAT မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

SEANET Myanmar သည် မြန်မာနိုင်ငံတွင် အင်တာနက်ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် Network Facility Services (Individual)လိုင်စင်ကို ရရှိထားသည့် ပြည်ပဖက်စပ်လုပ်ငန်းတစ်ခုဖြစ်ပြီး အိုင်စီတီနည်းပညာဆိုင်ရာ လုပ်ငန်းများကိုသာ သီးသန့်လုပ်ကိုင် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# တယ်လီနောက 4G ဝန်ဆောင်မှုကို နေပြည်တော်တွင် စတင်

**ရန်ကုန် ဇူလိုင် ၈**

တယ်လီနောမြန်မာက ၎င်း၏ 4G ဝန်ဆောင်မှုကို နေပြည်တော်တွင် ဇူလိုင် ၇ ရက်က စတင်ဝန်ဆောင်မှုပေးပြီဖြစ်ကြောင်း၊ အခြားမြို့များတွင်လည်း သုံးစွဲနိုင်ရန် တဖြည်းဖြည်းဆက်လက်၍ တိုးချဲ့သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

"မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းသုံးစွဲမှုနှုန်းတွေ မြင့်တက်လာတယ်။ ဒါ့အပြင် မိုဘိုင်းဒေတာသုံးစွဲမှုအားကလည်း ပိုပြီး မြင့်လာနေပါတယ်။ တယ်လီနောသုံးစွဲသူတွေရဲ့ ၆၀ ရာခိုင်နှုန်းကျော်က အင်တာနက်သုံးစွဲသူတွေဖြစ်ပါတယ်။ ဒီနေ့ 4G ဝန်ဆောင်မှုကို စတင်နိုင်ခဲ့တာက မြန်မာနိုင်ငံရဲ့ အလျင်အမြန်တိုးတက်နေတဲ့ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် တယ်လီနောရဲ့ အရေးပါတဲ့ ခြေလှမ်းတစ်ခုပဲဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Petter Furberg က ပြောသည်။

"နေပြည်တော်မှာ 4G ဝန်ဆောင်မှုကို အသုံးပြုနိုင်သလိုပဲ အခြားမြို့တွေမှာလည်း အလားတူ ဝန်ဆောင်မှုမျိုးကို တဖြည်းဖြည်းနဲ့ တိုးချဲ့ဝန်ဆောင်မှုပေးသွားဖို့ ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။ အထူးသဖြင့် အခြားမြို့တွေမှာ 4G ဝန်ဆောင်မှုပေးနိုင်ဖို့ဆိုရင် တယ်လီနောအနေနဲ့ Spectrum ပိုပြီးလိုအပ်ပါတယ်။ တယ်လီနောအနေနဲ့ မြန်မာနိုင်ငံအစိုးရက ဒီနှစ်ကုန်နောက်ပိုင်းမှာ လုပ်ဖို့စီစဉ်ထားတဲ့ Spectrum လေလံပွဲတွေမှာ ပါဝင်နိုင်ဖို့ မျှော်လင့်ထားပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ သုံးစွဲသူတွေရဲ့ဒေတာသုံးစွဲမှုအားက အရမ်းကို မြင့်မားလာတော့ မြန်မာပြည်အနှံ့ 4G ဝန်ဆောင်မှု တိုးချဲ့ပေးနိုင်ဖို့ Spectrum က လိုကိုလိုအပ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တယ်လီနောမြန်မာမှ ယခုလက်ရှိအချိန်တွင် 2G နှင့် 3G အင်တာနက်ကို 900 MHz နှင့် 2100 MHz spectrum များဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ နေပြည်တော်တွင် 4G ဝန်ဆောင်မှုကို စပေးပြီးသည့်နောက် အခြားမြို့များတွင်လည်း 4G ဝန်ဆောင်မှုများ ပေးသွားနိုင်ရန် ဆက်လက်စမ်းသပ်လျက်ရှိကြောင်း သိရသည်။ "4G က ခုဆိုရင် သုံးစွဲသူအများစုရဲ့ ဟန်းဆက်တွေနဲ့လည်း အသုံးပြုနိုင်မယ့် အနေအထားရှိတယ်လို့ ကျွန်တော်တို့ သိရှိထားပါတယ်။ အနာဂတ်မှာတော့ အခြား 4G ဝန်ဆောင်မှုတွေကို ပိုမိုကြည်လင်ပြတ်သားတဲ့အသံနဲ့ မက်ဆေ့ပို့လို့ရမယ့် အတွေ့အကြုံသစ်တွေနဲ့ ဝန်ဆောင်မှုပေးနိုင်ပါလိမ့်မယ်"ဟု အမှုဆောင်အရာရှိချုပ်က ဆက်လက်ပြောကြားသည်။

တယ်လီနောအနေဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်း တာဝါတိုင်ပေါင်း ၅၈၀၀ ကျော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ မိုဘိုင်းနှင့် အင်တာနက် ဝန်ဆောင်မှုများ ပေးလျက်ရှိကာ သုံးစွဲသူပေါင်း ၁၆ သန်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

4G အင်တာနက်ဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် အူရီဒူးမြန်မာက မေလအတွင်းက စတင်၍မိတ်ဆက်ခဲ့ပြီးနောက် ယခုအခါ တယ်လီနောကလည်း နေပြည်တော်တွင် စတင်မိတ်ဆက်ပေးပြီဖြစ်ရာ ပြည်တွင်းမှ မိုဘိုင်းအင်တာနက်အသုံးပြုနေသူများအနေဖြင့် 4G ဝန်ဆောင်မှုကို အော်ပရေတာနှစ်ခုထံမှ ရရှိနိုင်ပြီဖြစ်သည်။

**သူရဖြိုး**



**ပျဉ်းမနားမြို့ ကန်နားအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အမှတ်(၆) ယာဉ်ထိန်းရဲတပ် တပ်ဖွဲ့စု(ပျဉ်းမနား) မြို့နယ်မှ ဒုတိယရဲမှူး မင်းသူက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောစဉ်**
(သတင်းစဉ်)


## All Regional ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ဖြစ်မြောက်ရေးစုံညီ အစည်းအဝေးဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကောလိပ် (မန္တလေး)မှာ ၁၉၇၆-၇၇ကနေ ၁၉၈၁-၈၂အထိ လုပ်ငန်းအတတ်ပညာတွေ အပါအဝင် သင်ကြားရေးတာဝန်တွေ ကိုယ်စီယူခဲ့ကြတဲ့ ဆရာ၊ ဆရာမတွေ အားလုံးပထမဆုံးအကြိမ် ပြန်လည်ဆုံစည်းစေချင်တဲ့ ဆရာ၊ဆရာမတွေရဲ့ဆန္ဒကို ဖြည့်ဆည်းနိုင်ရန် ၂နှစ်တစ်ကြိမ် ကျင်းပဖို့ သတ်မှတ်ထားတဲ့ မန္တလေးတိုင်း ဒေသကောလိပ် All Regional ဆရာကန်တော့ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပဖို့အတွက် ဖြစ်မြောက်ရေး ပထမအကြိမ် အစည်းအဝေးကို မန္တလေးတိုင်း ဒေသကြီး ကုန်သည်ကြီးများနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမမှာ ၂၀၁၆ခုနှစ် ဇူလိုင်လ ၁၂ရက် နေ့လည် ၁နာရီကနေ ၃နာရီအထိ ကျင်းပမှာ ဖြစ်လို့

မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများအားလုံးတက်ရောက်နိုင်ဖို့.....ဖိတ်ကြားအပ်ပါတယ်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| •ကျော်ကျော်(ဝင်းဦး) | 09-43110077 | •အောင်ခိုင်သန်း | 09-2000373 | •ခင်မောင်ချို | 09-2007654 | •သက်ထွန်းဦး | 09-43122765 |
| •ခင်လေးမြင့်(လုံးလုံး) | 09-2002209 | •ကျော်ရှင်း | 09-5168858 | •ခင်မောင်မြင့် | 09-2225183 | •ညွန့်တင် | 09-33034397 |
| •ဇော်နိုင် | 09-2013493 | •ရဲထွဋ် | 09-2003819 | •မျိုးနိုင် | 09-2028329 | •တင်အောင်ကျော် | 09-2001351 |
| •ကျော်စိုးဦး | 09-976917130 | •ဝဏ္ဏပပ | 09-256178740 | •ဌေးဌေး | 09-2025345 | •စိန်မင်း(အရွတ်) | 09-2000426 |
| •တင်ထွန်း | 09-2005859 | •ဇော်မင်း | 09-47130030 | •လွင်လွင်မြင့် | 09-91034105 | •ရီတာစိန်လှ | 09-2014691 |
| •တင်လတ် | 09-2044382 | •သိန်းအောင် | 09-2016167 | •ခင်မောင်ဇော် | 09-2005925 | •ဇော်မျိုးဦး(ဖိုးဇော်) | 09-5114994 |
| •ကျော်မင်း | 09-2002575 | •နုနုသင်း | 09-794700288 | •ဝင်းနိုင်ကိုကို | 09-2000345 | •နီနီဆင့် | 09-43201415 |
| •ခင်မိုးမြင့် | 09-2007606 | •သန်းသန်းထိုက် | 09-2053935 | •လွင်လွင်မာ | 09-91045738 | •ခင်မောင်ထွေး(VET) | 09-2009215 |
| •ကိုကို | 09-2010751 | •နန်းသန်းစိန် | 09-2002818 | •စန်းစန်းမြင့် | 09-2003258 | •မျိုးကိုအောင် | 09-43133081 |



**ပျောက်ဆုံးကြောင်း**

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နေ ဒေါ်ရီရီအေး ၁၄/ကကန(နိုင်) ၀၀၂၈၂၆၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၀၃၅၄၄၃၃

**ဖခင်အမည်မှန်**

မိုးကောင်းမြို့၊ ဆားမှော် အထက ဒုတိယတန်းမှ မမေရီခေါင်ဆန့်၏ ဖခင်အမည်မှန်မှာ ဦးဒီးဘရန် ၁/မကတ(နိုင်)၀၈၃၆၀၇ ဖြစ်ပါသည်။

ဦးဒီးဘရန်

**အမည်ပြောင်း**

ဘောနတ်ကြီးကျေးရွာ၊ (၂) ရပ်ကွက်နေ ဦးနေလင်း၏ အမည်မှန်မှာ ဦးကျော်စိုးလွင် ဖြစ်ပါသည်။

ဦးကျော်စိုးလွင်

**ဖခင်အမည်မှန်**

ဗန်းမော်မြို့ 'အောင်' ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးသက်စံ၏ ဖခင်အမည်မှန်မှာ ဦးထွန်းလွင် ၁/ဗမန(နိုင်)၀၈၅၈၅၁ ဖြစ်ပါကြောင်း။

ဦးထွန်းလွင်

**ဖခင်အမည်မှန်**

တောင်တွင်းကြီးမြို့နယ်၊ အထက(၁)၊ နဝမတန်း(G)မှ မမေသကြိန်၏ ဖခင် အမည်မှန်မှာ ဦးသိန်းစိုး ဖြစ်ပါကြောင်း။

ဦးသိန်းစိုး

**ဖခင်အမည်မှန်**

တောင်တွင်းကြီးမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(H)မှမစုမွန်ကျော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ဖြစ်ပါကြောင်း။

ဦးထွန်းထွန်းဦး

**ဖခင်အမည်မှန်**

မိုးကောင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း($C_1$)မှ မောင်ချစ်ကိုကိုဇော်၏ ဖခင်အမည်မှန်မှာ ဦးဆန်းမောင် ၁၁/အမန(နိုင်)၀၀၄၁၁၁ ဖြစ်ပါသည်။ ဦးဆန်းမောင်

## ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးထိုးနှံ

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဇူလိုင် ၄ ရက် နံနက်က မြို့နယ်အဆင့် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးခြင်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြီး ဇူလိုင် ၁ ရက်မှစတင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ထိုးနှံပေးလျက်ရှိသည်။ ကလေးအသက်နှစ်လမှစ၍ ထိုးနှံပေးနေရာ အသက်တစ်နှစ်အောက်ကလေးများကို နှစ်လခြားသုံးကြိမ် ထိုးနှံပေးမည်ဖြစ်ပြီး ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကိုပါ ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန္တာမေ(ပြန်/ဆက်)**

## စွန့်လွှတ်သည့်မြေများအား ပြန်လည်ပေးအပ်

**လားရှိုး ဇူလိုင် ၈**

လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စုရှိအမှတ် (၃၄၆) အမြောက်တပ်ရင်းမှ ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလတောင်သူများထံသို့ ပေးအပ်သည့် အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇူလိုင် ၆ ရက်က ကျင်းပရာ လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စုရှိ တောင်သူကိုးဦးထံသို့ အမှတ် (၃၄၆) အမြောက်တပ်ရင်းမှပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေ ၃၅ ဒသမ ၄၉ ဧကကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့်အဖွဲ့တို့က ယာယီပုံစံ(၃) စာရွက်စာတမ်းများအား မူလတောင်သူများ လက်ဝယ်သို့အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

## သန်လျင်-သီလဝါလမ်းတိုးချဲ့ရေး ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ သီလဝါဒေသဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအဆင့်(၂) သန်လျင်-သီလဝါလမ်း တိုးချဲ့ရေးစီမံကိန်း ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၇ ရက်က ကျင်းပရာ သန်လျင်-သီလဝါလမ်းတိုးချဲ့ရေး စီမံကိန်းဒါရိုက်တာ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်သွယ်နှင့် တာဝန်ရှိသူတို့က အဆိုပါလမ်းတိုးချဲ့ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ သိရှိလိုသည့်အချက်များအား တောင်ပိုင်းခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဘုန်းလွင်က ရှင်းလင်းဖြေကြားသည်။ အဆိုပါ တိုးချဲ့လမ်းမကြီးအား ODAL Loan ဖွံ့ဖြိုးရေး အထောက်အပံ့ဖြင့် အရှည် ၈ ဒသမ ၇ မီတာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## အင်းတော်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်



**အင်းတော် ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စု မလူးကျေးရွာ ဘုန်းတော်ကြီးဇရပ်၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်-ပျက်-လဲလှယ်မိတ္တူနှင့် အိမ်ထောင်စုပုံစံ ၆၆/၆ ကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် အင်းတော်မြို့အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းမြစိုးလှိုင်နှင့်အဖွဲ့က အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများကို စာသင်ချိန် အနှောင့်အယှက်မဖြစ်စေဘဲ အချိန်တိုအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရန် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## ကျောက်ပန်းတောင်း၌ မိုးရာသီစိုက်စရိတ် ငွေကျပ်သိန်းပေါင်း ၃၃၃၉၂ ထုတ်ချေးပြီးစီး



**ကျောက်ပန်းတောင်း ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးသီးနှံအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီဘဏ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၆ ရက် နံနက်က မကျီးကုန်းကျေးရွာအုပ်စုမှ တောင်သူ ၇၇၀ တို့အား မိုးသီးနှံချေးငွေကျပ် ၁၇၆၅ ဒသမ ၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးရာသီစိုက်ပျိုးသီးနှံ ဘဏ်ချေးငွေကို ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်မှ စတင်ထုတ်ချေးပေးခဲ့ရာ ယနေ့အထိ ကျေးရွာအုပ်စု ၉၃ အုပ်စု ထုတ်ချေးပေးနိုင်ခဲ့ကြောင်းသိရပြီး စုစုပေါင်းကျေးရွာအုပ်စု ၉၄အုပ်စုမှ တောင်သူ ၁၉၄၉၄ ဦးတို့အား ငွေကျပ်သိန်းပေါင်း ၃၃၃၉၂ သိန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မိုးရာသီသီးနှံချေးငွေကို စပါးသီးနှံတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် ပဲမျိုးစုံသီးနှံအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြစ်ကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးသီးနှံချေးငွေကျပ်သိန်းပေါင်း ၃၀၅၄၀ ထုတ်ချေးပေးခဲ့ပြီး ယင်းချေးငွေများကို သတ်မှတ်ကာလအတွင်း ကြွေးကျန်မရှိ အပြေအကျေပေးဆပ်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ငွေကျပ်သိန်းပေါင်း ၃၃၃၉၂ သိန်း တိုးမြှင့်ထုတ်ချေးပေးခဲ့ခြင်းဖြစ် ကြောင်း သိရသည်။ ဇူလိုင် ၇ ရက်တွင် ညောင်တိုကျေးရွာအုပ်စု တောင်သူများအား နောက်ဆုံးထုတ်ချေးပြီးပါက ယခုနှစ်မိုးရာသီချေးငွေအတွက် ငွေချေးလုပ်ငန်းများအားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
MYANMAR MERCANTILE MARINE COLLEGE
Bayint Naung Road, Kamayut Tsp., University P.O, Yangon, Myanmar. Tel:95-1-539464, 539465
E-mail:mmmc@mptmail.net.mm,Fax: 95-1-513448

## ကြော်ငြာစာ

၁။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ အရာရှိလောင်း ဒီပလိုမာသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားအိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးထံသို့ ၁၇-၈-၂၀၁၆ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet(CD/45) Diploma in Nautical Studies/Dip:N.S. သင်တန်းအမှတ်စဉ်(၁၁)
(ခ) ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet(CE/43) Diploma in Maritime Technology/Dip:Mar. Tech. သင်တန်းအမှတ်စဉ်(၁၁)

၂။ **ပညာအရည်အချင်းကန့်သတ်ချက်**
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာများ ပါဝင်သောဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ် အနည်းဆုံး(၄၂၀)ရှိရမည်။

၃။ **အသက်နှင့် အခြားကန့်သတ်ချက်**
(က) ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် အသက်(၁၉)နှစ်ထက် မကျော်လွန်စေရ။
(ခ) အရပ်အမောင်း(၅ပေ ၄ လက်မ)အနည်းဆုံးရှိရမည်။
(ဂ) ကိုယ်အလေးချိန်(၁၀၀)ပေါင် အနည်းဆုံးရှိရမည်။
(ဃ) ရင်အုပ်(၃၂)လက်မ နဂိုအနေအထားအနည်းဆုံးရှိရမည်။
(င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများ မဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ **ပဏာမရွေးချယ်မှု**
လျှောက်ထားသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အရ အများအနည်း အစဉ်လိုက်စီပြီး ရမှတ်အများဆုံးမှစ၍ လိုအပ်သည့် အရေအတွက်ရရှိသည်အထိ စိစစ်၍ ပဏာမရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ ပဏာမအဆင့်ရွေးချယ်ခံရသူများအား အောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်-
(က) နားစစ်ဆေးခြင်း
(ခ) အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။
(ဂ) မျက်စိစစ်ဆေးခြင်း(အရောင်ခွဲခြားနိုင်မှု ရှိ/မရှိစစ်ဆေးခြင်း)။
(ဃ) စိတ်ရောဂါနှင့် မူးယစ်ဆေးသုံးစွဲမှု ရှိ/မရှိစစ်ဆေးခြင်း

၆။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်-
(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)
(ခ) အမည်။
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်။
(ဃ) မွေးနေ့သက္ကရာဇ်။
(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။
(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်/ခုံအမှတ်/မြို့နယ်/တိုင်း/ဘာသာရပ်အလိုက်ရရှိသည့် အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်။
(ဆ) အဘအမည်နှင့် အလုပ်အကိုင်။
(ဇ) အမိအမည်နှင့် အလုပ်အကိုင်။
(ဈ) နေရပ်လိပ်စာအပြည့်အစုံ။
(ည) ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာ။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။
(က) လိုင်စင်ဓာတ်ပုံ(၂)ပုံ။
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။
(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း **ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်း**တင်ပြရမည်။ **ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။**
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း။
**(မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)**
(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိခံဝန်ချက်။
**(နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြရမည်)**
(စ) ပဏာမအဆင့်ရွေးချယ်ခံရသော သင်တန်းသားများသည် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူ တင်ပြရမည်၊ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၈။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၉။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်၊ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ် သင်တန်းကြေး(၄၂၀၀၀ိ/-)၊ အဆောင်ကြေး ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ်အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၁။ ဘွဲ့ကြိုဒီပလိုမာ(၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျောင်းအိပ်ကျောင်းစား အဆောင်နေ ကျောင်းသားအဖြစ် (၁)နှစ် တက်ရောက်ရမည်။

၁၂။ ဘွဲ့ကြိုဒီပလိုမာ(၂)နှစ်သင်တန်း ပြီးဆုံးတက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလိုမာလက်မှတ် (Diploma in Nautical Studies/ Diploma in Maritime Technology) နှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းပြီးဆုံးခြင်းလက်မှတ်( Mercantile Marine Nautical /Engineering Cadet Training Course Completion Certificate )များ အပ်နှင်းပေးပါမည်။

၁၃။ **လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများကို ပြန်လည်ထုတ်ပေးခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။** မိမိတို့လျှောက်လွှာတင်သည့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်ရက်တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၄။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ သင်တန်းဌာနခွဲ၊ ဖုန်း-၅၃၉၄၆၄/၅၃၉၄၆၅ လိုင်းခွဲ-၁၂၀ တွင် စုံစမ်းမေးမြန်းနိုင်သည်။

**ကျောင်းအုပ်ကြီး**
**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ တက္ကသိုလ်များတွင် လစ်လပ်လျက်ရှိသော ဓာတ်ခွဲခန်းကျွမ်းကျင်(၂)**
**(လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀၀ိ)**

## ရာထူးနေရာများဖြည့်စွက်ခန့်ထားရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး ဦးစီးဌာန၊ တက္ကသိုလ်များတွင် လစ်လပ်လျက်ရှိသည့် ဓာတ်ခွဲခန်းကျွမ်းကျင်(၂)၊ (လစာနှုန်း၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀၀ိ) ရာထူးနေရာများဖြည့်စွက်ခန့်ထားနိုင်ရန်အတွက် အောက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

၂။ **အရည်အချင်းသတ်မှတ်ချက်**
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) B.Med.Tech(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့် ၁၅-၈-၂၀၁၆ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်။
(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
(ဃ) လူမျိုး၊ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ
(ဇ) ဖုန်းနံပါတ်

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ။
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ။
(ဂ) တာဝန်ကျရာ မည်သည့်တက္ကသိုလ်မဆို သွားရောက် တာဝန်ထမ်းဆောင်နိုင်ပါမည်ဟု ကတိပြုဝန်ခံချက်။
(ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း။
(င) လွန်ခဲ့သည့်(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။
(စ) အလုပ်သမားမှတ်ပုံတင်မူရင်း။
(ဆ) ဓာတ်ခွဲခန်းကျွမ်းကျင်(၂)အဖြစ် ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၅)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ် (၄၀၀၀၀၀ိ/)(ကျပ်လေးသိန်းတိတိ) ကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။

၅။ လျှောက်လွှာများကို ၁၅-၈-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ် ဆေးဘက်ဆိုင်ရာလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၄)(နေပြည်တော်)သို့ လိပ်မူ၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများမပြည့်စုံသည့် လျှောက်လွှာများနှင့်သတ်မှတ်ရက်ထက် နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို(လုံး၀)လုံး၀ ထည့်သွင်းစဉ်းစားမည်မ ဟုတ်ပါ။

၇။ စာမေးပွဲစစ်ဆေးမည့်အစီအစဉ်ကို ထပ်မံကြေညာပါမည်။

၈။ အသေးစိတ်သိရှိလိုပါက ဆေးဘက်ဆိုင်ရာလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် ဖုန်း-၀၆၇- ၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉၊ Ext-၈၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

---

## CLAIMS DAY NOTICE
## M.V SPRING WIND VOY:NO(20)

Consignees of cargo carried by M.V SPRING WIND VOY:NO(20) are here by notified that the vessel will arrive on about 10-7-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါဝန်ထမ်းအိမ်ရာဆောက်အအုံ ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဆောင်ရွက်မည့်လုပ်ငန်း**
မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း(မေတ္တာမွန်) ဝင်းအတွင်းတွင် အလျား ၁၄၄' × အနံ ၄၀' ရှစ်ခန်းတွဲ၊ ခြောက်ထပ်အရွယ်ရှိ သံကူကွန်ကရစ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ နှစ်လုံး ဆောက်လုပ်ခြင်း။

| | | |
|---|---|---|
| ၃။ | **တင်ဒါပုံစံ စတင်ရောင်းချမည့် ရက်နှင့်အချိန်** | - ၁၄-၇-၂၀၁၆ရက်မှ ၂၈-၇-၂၀၁၆ ရက်အထိ (ရုံးချိန်အတွင်း) |
| ၄။ | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့)၊ ၁၃း၀၀နာရီ |
| ၅။ | **တင်ဒါပုံစံတန်ဖိုး** | - ကျပ် ၂၀၀၀၀/- |
| ၆။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - အမှတ် ၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(မြို့ပြအင်ဂျင်နီယာဌာန) |

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၂၅၃၃၅၈သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆောက်လုပ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**ပညာရေးဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**နည်းပညာတက္ကသိုလ် (ရမည်းသင်း)**

## ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ရမည်းသင်း)အတွက် အောက်ဖော်ပြပါပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Meeting Table | (၂) လုံး |
| ၂။ | Computer Table | (၆၆) လုံး |
| ၃။ | Meeting Table | (၁၁) လုံး |
| ၄။ | ဗီရို (Leeco CBO 3) | (၈) လုံး |
| ၅။ | 4 Drawers Cabinet | (၈) လုံး |
| ၆။ | Leeco Locker | (၈) လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၇-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် (ရမည်းသင်း)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၇-၇-၂၀၁၆ရက် ၁၅း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(ရမည်းသင်း) ဖုန်း-၀၉-၂၁၇၃၂၁၄ သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(ရမည်းသင်း)**

---

## THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRICITY AND ENERGY
## ELECTRIC POWER GENERATION ENTERPRISE

Date: July 4, 2016

**Invitation for Private Power Generation Plant thru Rental Power Basis in Yangon Region**

1. Electric Power Generation Enterprise (EPGE) seeks to invite tender for the purchasing electricity of 300 MW by Rental power plant system in Yangon Region.
2. The concession period for the power plant shall be 5 (five) years from commercial operation date (COD).
3. The Tender Form fees is K.500,000/-(Kyat five hundred thousand only) and can be purchased at Procurement Department, Electric Power Generation Enterprise, Building 27, Nay Pyi Taw, the Republic of the Union of Myanmar.
4. The bidders shall send the technical and commercial proposal addressed to
Tender Evaluation Committee
Electric Power Generation Enterprise,
Ministry of Electricity and Energy
Building 27, Nay Pyi Taw
The Republic of the Union of Myanmar.
5. The bid submission date is August 18, 2016 at 16:00hr. Myanmar Standard Time.
6. Bidding Proposal must be submitted at the address in time. Any late proposal shall be rejected.
7. The bidders shall make the proposals in accordance with the Invitaion **for Invitation for Power Generation Rental Basis**
8. The necessary information of this project tender can be inquired within office hour.

Attention to
Tender Evaluation Committee,
Electric Power Generation Enterprise
Ph+9598601033, +95678104281,
+95968104282
Fax +95678104280
epgethermal@gmail.com

---

**ပတ်စ်ပို့ပျောက်**
ကျွန်တော် ဦးအောင်နန် ၁/မကန (နိုင်)၁၇၄၅၂၃၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၁၆၅၁၈၅၉**

**မိခင်အမည်မှန်**
ဖားကန့်မြို့နယ်၊ သာယာကုန်းကျေးရွာမှ မခိုင်မေဇင် ၁/ကမန(နိုင်)၀၅၀၄၆၀၏ မိခင်အမည်မှန်မှာ ဒေါ်ညွန့်ရင် ဖြစ်ပါသည်။

**အမည်ပြောင်း**
မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်မှ ဦးထွန်းထွန်း ၁/မကန(နိုင်) ၀၅၄၀၂၄၏သမီး မထက်သန္တာခင်အား မတွယ်တာဦးဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**
နမ္မတီးမြို့၊ အထက၊ န၀မတန်း(E)မှ မောင်လောင်ပိန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ဖြစ်ပါသည်။

**အမည်မှန်**
နမ္မတီးမြို့၊ လမ်းခွကျေးရွာ အမှတ် ည/၃၈နေ ဦးခေါင်လွမ်း၏ သမီး မလွမ်းနော၏ အမည်မှန်မှာ မဇဟဲလွမ်းနော ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
ဒိုက်ဦးမြို့နယ်၊ အထက(ခွဲ)တောင်စလဲမြောင်း တက္ကသိုလ်ဝင်တန်း(ခွဲ)(A)မှ နော်မူးရာအေးနှင့် အဋ္ဌမတန်း(A)မှ နော်နှင်းနှင်းအေးတို့၏ ဖခင်အမည်မှန်မှာ ဦးစောစီတိုးဖြစ်ပါသည်။
**ဦးစောစီတိုး ၇/ကတခ(နိုင်)၁၀၃၉၉၅**

**ဖခင်အမည်မှန်**
ပေါင်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မဝင်းလဲ့လဲ့မိုး၏ ဖခင်အမည်မှန်မှာ ဦးမိုးမင်းအောင် ဖြစ်ပါကြောင်း။
**ဦးမိုးမင်းအောင်**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက် မြပန်းသဇင်ကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း န၀မတန်းမှ မောင်ပိုင်သော်တာ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွေး ၅/ရဥန(နိုင်)၀၆၆၀၀၈ဖြစ်ပါသည်။ **ဦးခင်မောင်ထွေး**

**ဖခင်အမည်မှန်**
ရွှေဘိုမြို့၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်နန်းထိုက်အောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထိုက် ၅/ရဘန(နိုင်)၁၆၆၈၁၉ဖြစ်ပါသည်။
**ဦးသိန်းထိုက်**

**အမည်ပြောင်း**
ဦးလှမင်းထွန်း၏သား မူလွန်အုတ်ရှစ်ကုန်း ပဉ္စမတန်းမှ မောင်ဆောင်းနှင်းဝေအား မောင်ဟိန်းပြည့်လျှံဟု ပြောင်းလဲခေါ်ပါရန်။
**ဦးလှမင်းထွန်း**
**၈/အလန(နိုင်)၁၁၄၀၃၈**

**မိဘအမည်မှန်**
ပေါင်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မမိုးနှင်းဖြူ၏မိဘအမည်မှန်မှာ ဦးလှဝေ-ဒေါ်စနေမင်း ဖြစ်ပါကြောင်း။
**ဦးလှဝေ-ဒေါ်စနေမင်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဝက်လက်မြို့နယ်၊ ရင်းမာကန်ကျေးရွာအုပ်စု၊ သိုတ်ကျေးရွာနေ ဦးပြေ၏သား ဦးမျိုးခင် ၅/ဝလန(နိုင်)၀၈၁၅၃၂နှင့် ဦးမြို့ခင်မှာ တစ်ဦးတည်းဖြစ်ပါသည်။
**ဦးမျိုးခင်(ခ)ဦးမြို့ခင်**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၆ယ/၁၄၁၈၃ Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၆/ပလန(နိုင်) ၀၁၈၄၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံ၏ ATM Network တွင် **Asia Green Development Bank (AGDB)** မှ နိုင်ငံတကာအဆင့်မီ အလုံခြုံဆုံး Payment စနစ်ဖြစ်သည့် **EMV (Europay, Master and Visa) Certified ATMs Service** ဖြင့် Visa Cards နှင့် Master Cards Payment Transcations များကို အများပြည်သူ အသုံးပြုနိုင်ရန် ပြည်တွင်းတွင် ပထမဦးဆုံး ဝန်ဆောင်မှုပေးနိုင်ခဲ့သော

**AGDBANK**

**Asia Green Development Bank (AGDB)** အား Wincor Nixdorf, ACE Data Systems Ltd. နှင့် Myanmar Golden Rock International Co., Ltd. တို့မှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

WINCOR NIXDORF

ACE Data Systems Ltd

MYANMAR GOLDEN ROCK INTERNATIONAL CO., LTD.


### တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ ထူပါရုံနေ ဦးဌေးပန်၏သား မောင်ကောင်းဆက်(ခ) မောင်ဟိန်းစည်သူ အထက (၃) ဗိုလ်တထောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အထက(ခွဲ)တောင်ပြင်ငယ်ကျေးရွာ နဝမတန်း ကျောင်းဝင်အမှတ် ၀၃၁ မစုထက်လှိုင်၏ဖခင်အမည်မှန်မှာ ဦးမောင်ပွဲ ၅/ရဥန(နိုင်)၀၄၇၈၂၅ ဖြစ်ပါကြောင်း။

### အမည်မှန်

ဦးကျော်မင်းထွန်း ၁၀/မဒန(နိုင်) ၁၂၉၀၉၃၏သမီး မုဒုံမြို့၊ အထက (၁) ဒုတိယတန်းမှ မကြယ်စင်လင်းဦး၏အမည်မှန်မှာ မခြူးရတီစံ ဖြစ်ပါကြောင်း။

**မခြူးရတီစံ**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မအိသက်စိုး၏ ဖခင်အမည်မှန်မှာ မောင်စိုး(ခ)မောင်သန်းစိုး ၇/ကတခ(နိုင်) ၀၇၇၂၄၉ ဖြစ်ပါသည်။

**မောင်စိုး(ခ)မောင်သန်းစိုး**

### အမည်ပြောင်း

လှိုင်မြို့နယ် အ. လ. က (၆) ပဥ္စမတန်း (အေ) မှ (အဘ) ဦးလှဦး၏သား မောင်ထက်မြတ်ဦးအား ယနေ့မှစ၍ မောင်ထက်လင်းဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထက်လင်းဦး**

### အမည်ပြောင်း

စလင်းမြို့၊ ဖောင်းလင်းအုပ်စု၊ ငွေတောင်ရွာနေ ဦးကံမြင့်-ဒေါ်ပေါက်စတို့၏သား စလင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဝိုင်းပုံချစ်အား မောင်ရဲထွန်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရဲထွန်းနိုင်**

### ဖခင်အမည်မှန်

ပေါင်းတလည် အထက တက္ကသိုလ်ဝင်တန်း(D)မှ မအေးနန္ဒာ၏ဖခင် အမည်မှန်မှာ ဦးအောင်ဇော်လင်း ၈/အလန (နိုင်)၁၀၄၂၃၉ ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်လင်း**
**၈/အလန(နိုင်)၁၀၄၂၃၉**

### ဖခင်အမည်မှန်

တောင်နီ၊ အထက၊ နဝမတန်း (က)မှ မမြမိုးဆွေ၏ ဖခင်အမည်မှန်မှာ ဦးပျား ၁၃/တကန(နိုင်) ၀၂၈၃၁၃ ဖြစ်ပါကြောင်း။

**ဦးပျား**

### ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ် ၇၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ထက်ဝင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဗိုလ် ၁၀/သဖရ(နိုင်) ၀၃၁၅၅၀ ဖြစ်ပါကြောင်း။

**ဦးဗိုလ်ဗိုလ်**

### ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ တောင်နီ အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ ခွန်စိန်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးတီး ၁၃/ရစန(နိုင်)၀၆၀၄၇၅ဖြစ်ပါကြောင်း။

**ဦးတီး**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ဆင်ကကျေးရွာနေ မမြလေးနွယ် ၈/ခမန(နိုင်)၀၉၄၇၅၀ ၏ ဖခင်အမည်မှန်မှာ ဦးမျိုးလွင်(ခ)ဦးမြင့်လွင်တစ်ဦးတည်းဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နယ်မြေ(၁၅)၊ အေးရိပ်သာလမ်း၊ အိမ်အမှတ် ၁၃၂ နေ ဦးအိုက်ရီ၏သား ဦးကျောက်ကျိန်တနှင့် ဦးကျောက်ကျိန်တာ ၁၃/တကန(နိုင်)၁၂၉၁၀၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဥ့်ကူးမြို့နယ်၊ ဆည်သည်တောင်ရွာနေ(ဦးရွှေမောင်)-ဒေါ်ဝင်းဌေး ၉/စကန (နိုင်)၀၁၈၀၃၁တို့၏သား ကိုဇာဇာအောင် ၉/စကန(နိုင်)၀၉၉၁၆၅ အား ကိုဇော်မျိုးထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### အမည်ပြောင်း

ဦးမိုးမြင့်လွင်၏သား တောင်ကြီးမြို့၊ အထက (၇)၊ ဆဋ္ဌမတန်း(ခ)မှ မောင်အောင်ဖေယျာဖြိုးအား မောင်မင်းသွေးခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းသွေးခန့်**

### ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ ခွန်ရန်ကျော်၏ ဖခင်အမည်မှန်မှာ ခွန်ရွှေလင်း ၁၃/ပလန(နိုင်)၀၆၄၈၃၅ ဖြစ်ပါကြောင်း။

**ခွန်ရွှေလင်း**

### ဖခင်အမည်မှန်

အထက(ရပ်စောက်)၊ တက္ကသိုလ်ဝင်တန်း(က) မှ မောင်စိုင်းဖြိုးဇင်အောင်၏ဖခင်အမည်မှန်မှာ ဦးဌေးအောင် ၁၃/ရစန(နိုင်)၀၈၂၄၃၉ဖြစ်ပါကြောင်း။

**ဦးဌေးအောင်**

### ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊အမှတ်(၅)ကျေးရွာအုပ်စု၊ အမှတ် (၄) ကျေးရွာနေ ကျွန်တော်ဦးဇော်လင်းထွန်း၏ဇနီး ဒေါ်စုစုလှိုင် ၁၃/နစန(နိုင်)၀၃၇၄၈၅ သည် မိသားစုအား ဒုက္ခပေး၍ နေအိမ်မှထွက်သွားရာ ၎င်းထွက်သွားသည့် ၁၀-၅-၂၀၁၆ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ပြဿနာများအား (လုံး၀)တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်လင်းထွန်း**
**၁၃/နစန(နိုင်)၀၄၄၂၃၇**
**အမှတ်(၄)ကျေးရွာ၊ နမ့်စန်မြို့**

### ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးခရိုင်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၈**

ဦးပုငယ်(၎င်း၏ကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်ဖြူ) **နှင့်** ၁။ ဦးစံဝင်း ၂။ ဒေါ်ဝင်းရီ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပင်လောင်းမြို့၊ ရှေ့ရပ်ကွက်၊ အိမ်အမှတ် ၇/၂၁၁နေ ဦးစံဝင်းနှင့် ပင်လောင်းမြို့၊ ကန်သာဦးရပ်ကွက်နေ ဒေါ်ဝင်းရီ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးပုငယ် (၎င်း၏ကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်ဖြူ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အုန်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ကြီးခရိုင်ရားရုံး**

### ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးခရိုင်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၆ နှင့်ဆက်သွယ်သည့်**
**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၉**

ဦးပုငယ်(၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်ခင်ဖြူ) **နှင့်** ၁။ ဦးစံဝင်း ၂။ ဒေါ်ဝင်းရီ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပင်လောင်းမြို့၊ ရှေ့ရပ်ကွက်၊ အိမ်အမှတ် ၇/၂၁၁ နေ ဦးစံဝင်းနှင့် ပင်လောင်းမြို့၊ ကန်သာဦးရပ်ကွက်နေ ဒေါ်ဝင်းရီ(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးပုငယ်(၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်ခင်ဖြူ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အုန်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ကြီးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကြီးခရိုင်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၂**

ဒေါ်စိုးစိုးမော်(ခ)မဖြူ **နှင့်** ၁။ ဒေါ်မိုးမိုးအေး ၂။ ဦးမြင့်ဇော်ဦး

**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဖရဲငွေတောင်ကျောင်းလမ်း၊ အမှတ် ၃၃၅၊ ပိတောက်လမ်း၊ နယ်မြေ (၉) (ယခုနေရပ်လိပ်စာမသိ)နေ ၁။ ဒေါ်မိုးမိုးအေး၊ ၂။ ဦးမြင့်ဇော်ဦး (အတူနေလင်မယား) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ယုံကြည်အပ်နှံငွေကျပ်သိန်း ၃၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အုန်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ကြီးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(ခွဲ)အလက(၅)၊ ပဉ္စမတန်း(က)မှ မရွှေလဲ့လဲ့ဝင်း ကျောင်းဝင်အမှတ် ၅၀၀၇နှင့် တတိယတန်း(က)မှ မောင်ရဲထက်အောင် ကျောင်းဝင်အမှတ် ၅၄၁၈တို့၏ ဖခင်အမည်မှန်မှာ ဦးရန်ကျားရှုံ(ခ)လင်းအောင် ၁၃/လရန(နိုင်)၀၅၇၄၀၂ ဖြစ်ပါကြောင်း။

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉




Home Since 1996 Think of House, think of Home
READY MADE FLOOR
ပါကေးအစားထိုး ကြမ်းခင်း
Grade A, B, C, D အစစ်များသာရောင်းပါသည်။
ဈေးနှုန်းအနိမ့်ဆုံး ↓မှ↑ အမြင့်ဆုံးထိရှိပါသည်။
ကျင်းပြွတ်နှင့် Skirting အပြီးအစီး။
(Stock Limited အတွင်းသာ)
အမှတ် F.2~8 ပထမထပ်၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 730 84 840, 09 730 84 841



ကျွန်းနဲ့ဘေ အစားသုံး
အခန်းဖွဲ့ နှင့် မျက်နှာကျက်ပြား
Home Since 1996
Design Layer (Design ပါပြီး၊ ဆေး၊ ပေါလစ်တင်ရန်မလို)
Special Wear Resistance Layer (ရေစိုခံ၊ အရောင် မမှိန်၊ ပွတ်တိုက် ခံ)
Core Body Layer (လွှ ဖြတ်နိုင်၊ ရေစိမ်ခံ၊ သံ ရိုက်နိုင် လျှာထိုး ပါပြီး၊ ခြ မစား)
ရေစိုခံ ဈေးနှုန်း သက်သာ
အမှတ် ၁၂၃၇၊ ဇော်ဂျီလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - 09 730 84 844, 09 79 590 0146

ဦးဇော်မြင့် B.A (Korean) Y.U.F.L
ကိုယ်တိုင်ဦးစီးသင်ကြားသော
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း
E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်ကို
(၁၅-၇-၂၀၁၆) တွင် ဖွင့်လှစ်ပါမည်။
လစဉ်တန်းခွဲသစ်များရှိပါသည်။
အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉-၄၃၀၉၇၅၁၇

Armstrong
ဆေးရုံဆေးခန်းကျန်းမာရေးဌာနများအတွက်အသင့်တော်ဆုံး
HEALTHCARE SOLUTION FLOORING



BUY!
Healthcare Flooring
ဆေးရုံသုံးအထူးကြမ်းခင်း
၁၀ ကျင်း
GET FREE
Wallflex
Healthcare Wall Covering
ဆေးရုံဆေးခန်းသုံးနံရံကပ် ၁ ကျင်း
First 10 Hospitals only
Marketed by: Home Distribution Group
Building – N , Room No. (33,34) သီရိရတနာ လက်ကားဈေး၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီး၊မြောက်ဥက္ကလာပ။
09 79 700 70 88
09 79 700 70 99

## အမည်မှန်

ဦးဇော်မြင့်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ မင်းဆွေနှစ်ကျေးရွာ၊ စိုင်ပြင်ကြီး အထက နဝမတန်းမှ မပြုံးမမ၏ အမည်မှန်မှာ မစုဝေဖြိုး ဖြစ်ပါကြောင်း။

**မစုဝေဖြိုး**

## အမည်မှန်

ဦးစိန်သောင်း၏သား တမူးမြို့၊ စော်ဘွားအင်း အမှတ်(၆/၁)ရပ်ကွက်နေ ဦးအောင်ကျော်ဌေး(ခ)ဦးကျော်အောင်ဌေး ၅/ဘတလ(နိုင်)၀၅၉၆၆၉ ၏ အမည်မှန်မှာ ဦးအောင်ကျော်ဌေး ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဌေး**

## ဖခင်အမည်မှန်

တမူးမြို့၊ အမှတ်(၂) အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (င)မှ မစပယ်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးပြုံးချို ၅/ဒပယ(နိုင်)၀၀၅၆၆၁ ဖြစ်ပါကြောင်း။

**ဦးပြုံးချို**

## ဖခင်အမည်မှန်

မုံရွာမြို့၊ မိုးဦးပန်းကိုယ်ပိုင်အထက်တန်းကျောင်း ပဉ္စတန်းမှ မောင်ဝေဖြိုးမောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၅/မရန(နိုင်)၁၇၃၄၅၅ဖြစ်ပါကြောင်း။

**ဦးဝင်းလှိုင်**

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ထိန်ကြီးကျေးရွာအုပ်စု၊ မယင်းကြီးကျေးရွာနေ ဦးကံသီး ၆/ရဖန(နိုင်)၀၄၀၇၇၉ နှင့် ဒေါ်မခိုင် ၆/ရဖန(နိုင်)၀၈၀၆၄၃ တို့၏သား အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ထားဝယ်မြို့၊ တက္ကသိုလ်ဝင်တန်း (E)မှ မောင်အောင်သူရအား မောင်ကျော်သူမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကျော်သူမြတ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အထက(ခွဲ)လဲရှောင်၊ နဝမတန်း (C)မှ မနီလာ၏ ဖခင် ဦးအောင်သိန်းနှင့် ဦးတင်ဘော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်သိန်း (ခ) ဦးတင်ဘော်**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အထက(ခွဲ) လဲရှောင်၊ နဝမတန်း(A)မှ မသော်သော်မွေး၏ ဖခင်အမည်မှန်မှာ ဦးသိန်းဦး ဖြစ်ပါကြောင်း။

**ဦးသိန်းဦး**

## ဤအယူတော်ခံမှုကို ဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့ကြားသိစေသည့် အကြောင်းကြားစာ

**တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၆ခုနှစ် တရားမပထမအယူခံမှုအမှတ်-၂၅**

ဒေါ်ဘေဘီမြင့် **နှင့်**
၁။ ဒေါ်တင်အေး
၂။ ဒေါ်နုနုမေ
၃။ ဦးအုန်းသန်း
၄။ ဦးအောင်မြင့်(ခ)ရာစင်
၅။ ဒေါ်လှလှမေ
၆။ ဒေါ်စန်းစန်းမေ
၇။ ဒေါ်ယဉ်ယဉ်မေ (ကိုယ်တိုင်နှင့် ကျန်တရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ်)

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၅၅၄ ၏ စီရင်ချက်နှင့် ဒီကရီကိုအယူတော်ခံမှု အထက်ဖော်ပြပါအမှုမှ အယူခံတရားပြိုင်များသိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် ဒီကရီကို ဒေါ်ဘေဘီမြင့်က အယူတော်ခံရာဤရုံးတော်တွင်မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၆ခုနှစ် ဇူလိုင် ၂၅ရက် (၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ရက်) တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင်တို့အတွက် ရှက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကိုသင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင်သင်တို့ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင်၊ အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရချိန်းဆိုသော အချိန်အတွင်း ဤကဲ့သို့သင်တို့ကကန့်ကွက်ကြောင်း ဤယူခံမှုရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ခိုင်ခိုင်လေး)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ ပြည်တွင်းစက်မှုစီမံကိန်းနယ်မြေ အတွင်းရှိမြေကွက်အမှတ် ၁၅၊ ဧရိယာ ၅ ဒသမ ၀၀၈ဧက၊ မြေအမျိုးအစား ပြည်တွင်း စက်မှုမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးကျော်မြင့် ၉/ပမန(နိုင်)၁၂၃၇၇၅အမည်ဖြင့် ချထားပေးခြင်းခံရပြီး၊ ဦးကျော်မြင့်ထံမှ ၂၂-၆-၂၀၁၆ရက်စွဲပါ နှစ်ဦးသဘောတူအရပ်ကတိမြေကွက်အရောင်းအဝယ်စာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၉၈၆/၂၀၁၆(၂၂-၆-၂၀၁၆)တို့အရ ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိသူ ဦးမင်းကို ၁၂/လမန(နိုင်)၀၁၇၈၃၅မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုနိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးသန်းဦး | ဦးသန့်ဇော် |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဥ်-၁၀၈၇၅) | (စဥ်-၇၃၄၁) |

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ပခုက္ကူခရိုင် တရားမရုံးတော်၌**

**၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၄ နှင့်ဆက်သွယ်သည့်**

**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၂**

မန်နေဂျာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ရန်ကုန်မြို့။ **နှင့်** ဦးစိန်မောင်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးစိန်မောင် အမှတ် ၁၃၊ ငါးကြင်းလမ်း၊ (၁၂)ရပ်ကွက်၊ ပခုက္ကူမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် တရားနိုင် မန်နေဂျာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်မြို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၂ ရက် (၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ် ဇွန် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အောင်ဝင်း)
ခရိုင်တရားသူကြီး

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၃၃**

ဦးတင်ဝင်းအောင် **နှင့်** ၁။ ဦးသိန်းထွန်း ၂။ ဒေါ်မိမိလှိုင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ (၇)ရပ်ကွက်၊ အမှတ် ၂၂ နေ ဦးသိန်းထွန်းနှင့် ဒေါ်မိမိလှိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် (၁၄၅၀၀၀၀၀ိ/-) (တစ်ရာ့လေးဆယ့်ငါးသိန်း)တိတိ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၅ ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇွန် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းနိုင်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**အိမ်မဲမြို့နယ်တရားမရုံး၌**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၈၁**

ဦးမျိုးတင့် **နှင့်** ၁။ ဦးမင်းနိုင်(ခ)ကိုမျိုး ၂။ ဒေါ်ခင်စော

**တရားလို** **တရားပြိုင်**

(ယခင်)အိမ်မဲမြို့၊ ဘုရားကြီးကုန်းအုပ်စု၊ ဆပ်ကွင်းရွာနေ (ယခုနေရပ်လိပ်စာမသိသူ) ၁။ ဦးမင်းနိုင်(ခ)ကိုမျိုး၊ ၂။ ဒေါ်ခင်စော သိစေရမည်။

သင့်အပေါ်၌ ဦးမျိုးတင့်က သီးထပ်ရင်စပါး (၁၀၀၀)တင်း (သို့မဟုတ်) ငွေကျပ် -၄၀၀၀၀၀၀ိ/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇွန် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာမျိုးသန့်)
မြို့နယ်တရားသူကြီး
အိမ်မဲမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက် အမှတ်(က-၄၇)၊ အကျယ်အဝန်း(၄၀'×၆၀')၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ (၂၅)နှစ်ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိအမှတ် (က-၄၇)၊ ကံ့ကော်လမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံဟောင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက် ဒေါ်စုစုခိုင် ၁၂/စခန(နိုင်) ၀၂၃၆၈၆ (BGLE-၀၀၄၈၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ ဤကြော်ငြာစာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခင်အေးမြင့် (စဥ်-၇၁၅၈) | ဒေါ်ညိုမာ (စဥ်-၃၅၇၇၆) |
| LL.B.,LL.M, D.B.L | LL.B |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ် G-1၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

# (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော်  ဇူလိုင် ၈**

(၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ဒုတိယသမ္မတက လွတ်လပ်ရေးကို အသက်ပေးရယူပေးခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများကို ထာဝစဉ်သတိရနေရန် ကျင်းပရခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရယူနိုင်ရန် အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ရင်းနှီးပေးဆပ်ခဲ့ရသည်များကို လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံး

*စာမျက်နှာ ၃ ကော်လံ ၄* ✳



# မြန်မာအသင်း ယှဉ်ပြိုင်မည့် အာဆီယံ ယူ -၁၆ ပြိုင်ပွဲ ဇူလိုင် ၁၀ ရက် စတင်မည်



အာဆီယံ ယူ-၁၆ ပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်းမှ လူငယ်ကစားသမားတစ်ဦး

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**နေပြည်တော်  ဇူလိုင် ၈**

အာဆီယံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပမည့် ၂၀၁၆ အာဆီယံ ယူ -၁၆ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှစတင်ကာ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာလူငယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်း ၁၁ သင်းယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် သြစတြေးလျ၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။အုပ်စု(ခ)တွင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ တီမော၊ ဘရူနိုင်းအသင်းတို့ ပါဝင်လျက်ရှိသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၁၀ ရက်တွင် သြစတြေးလျအသင်း၊ ဇူလိုင် ၁၂ ရက်တွင် စင်ကာပူအသင်း၊ ဇူလိုင် ၁၄ ရက်တွင် ဗီယက်နမ်အသင်း၊ ဇူလိုင် ၁၆ ရက်တွင် မလေးရှားအသင်း၊ ဇူလိုင် ၁၈ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မြန်မာအသင်းသည် ခြောက်သင်းအုပ်စုတွင် ပါဝင်နေပြီး ခြေစွမ်းမြင့်မားသည့် သြစတြေးလျ၊ ဗီယက်နမ်၊ မလေးရှားတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသောကြောင့် နောက်တစ်ဆင့် တက်ရောက်ရန် ကြိုးစားရုန်းကန်ရဖွယ်ရှိနေသည်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ■

# မန္တလေးဒုတိယမြို့တော်ဝန်နှင့် စည်ပင်ကော်မတီဝင်များအား ဥပဒေနှင့်အညီ တာဝန်မှရပ်နား

စာမျက်နှာ - ၈

# မြောက်ဥက္ကလာပမြို့နယ် ဗိုလ်ချုပ်မြင်းစီးရုပ်တု ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်

**ရန်ကုန်  ဇူလိုင် ၈**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံအတွင်းရှိ ဗိုလ်ချုပ်မြင်းစီးရုပ်တုအား ပြည်သူများက လွမ်းသူ့ပန်းခွေချခြင်း၊ စုပေါင်းအလေးပြုခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ချစ်သူများအဖွဲ့က ဇွန် ၈ ရက်တွင် ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော်  ဇူလိုင် ၈**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မုံရွာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

(မြန်မာ့အလင်း)





